ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ အင်္ဂါနေ့ (19-2-2013) (၇၄၀၁)

ယနေ့ မာတိကာ

အမှုထမ်းကောင်း	စာမျက်နှာ - ၂
စဉ်းစားပေးဖို့ သင့်ပါသည်	စာမျက်နှာ - ၁၀
အနေးယာဉ်လုပ်သားများ ပိုင်ရှင်ဖြစ်ရေး ငွေထုတ်ချေး	စာမျက်နှာ - ၁၁
ဘာလင်နိုင်ငံတကာ ရုပ်ရှင်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ	စာမျက်နှာ - ၁၂
ဝီကန်အသင်း အက်ဖ်အေဖလား ကွာတားဖိုင်နယ်တက်	စာမျက်နှာ - ၁၃

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး

ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ဘတ်ဂျက်ပေါ်မူတည်ပြီး အကောင်အထည်ဖော်ပေးမယ်ဆိုရင် ပြည်သူတွေရဲ့ဆန္ဒ ပြည့်ဝလာမှာဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့တွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို အစီအစဉ် (၆)ခုဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ မူသဘောဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်း တင်ပြခဲ့ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းတွင် မူဝါဒ(၂)ရပ်၊ ရည်မှန်းချက် (၃)ရပ်နှင့် မူဝါဒ၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၂၆) ခု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ပဉ္စမကာလတို ငါးနှစ် အမျိုးသားစီမံကိန်း (မူကြမ်း)တွင် မူဝါဒ (၂)ရပ်၊ ရည်မှန်းချက် (၃)ရပ်နှင့် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၁၈)ရပ်တို့ဖြင့် ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြင်ဆင်ရေးဆွဲပြီးဖြစ်သော ဥပဒေမူကြမ်းများကိုလည်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးရာကော်မတီများသို့ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်၏ ရှင်းလင်းတင်ပြချက်အပေါ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်းက "သမိုင်းကြောင်းတစ်လျှောက် နိုင်ငံတော်မှာ အရေးကြုံလာတိုင်း တပ်မတော်က နိုင်ငံတော်နဲ့ ပြည်သူဘက်မှ မားမားမတ်မတ် ရပ်တည်ပြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

ပြင်ဦးလွင်မြို့ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်။

ခရီးသွားစရာစုံလင် မန္တလေးဒေသတစ်ခွင်

သတင်းမှတ်စု - မင်းခန့်စိုး (ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း - အောင်ကျော်ဝင်း

မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးတိုင်းဒေသကြီးသည် ဧရိယာ ၁၄၂၉၅ စတုရန်းမိုင် ကျယ်ဝန်းသည်။ လူနေသိပ်သည်းသော ဒေသလည်း ဖြစ်သည်။ ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် ဘုရားစေတီပုထိုးများ၊ အပူပိုင်းဒေသတွင် ပေါက်ရောက်သော သစ်တောများနှင့် ကျက်စားလျက်ရှိသော သားငှက်တိရစ္ဆာန်များ၊ အပူပိုင်းဇုန်ဒေသအတွင်း အိုအေစစ်သဖွယ်တည်ရှိသော သဘာဝရေမြေတောတောင်များ၏ ရှုခင်းအလှအပများ ပေါများကြွယ်ဝသည့် ဒေသဖြစ်သဖြင့် ပြည်တွင်း ပြည်ပခရီးသွားများ သွားလာမှုအများဆုံးဒေသတစ်ခုလည်း ဖြစ်သည်။

ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့တွင် ဧရိယာ ၂၂ ဒသမ ၄၁ စတုရန်းမိုင်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်တွင် ဧရိယာ ၄၅ ဒသမ ၅၅ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် ရွက်ပြတ်ရောနှောတော၊ အမြဲစိမ်းတော၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ကြေးမုံစာတည်းရှုထောင့် — **၁၉-၂-၂၀၁၃၊ အင်္ဂါနေ့**

အမှုထမ်းကောင်း

အမှုထမ်းတို့ဟူသည် နိုင်ငံဖြစ်တည်၍ အုပ်ချုပ်မင်းလုပ်သော ရှေး အတီတေကာလကတည်းက ရှိပြီးဖြစ်ပါသည်။ ထိုအမှုထမ်းတို့၏ ဂုဏ်အင်္ဂါရပ်များနှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူသော ကျမ်းဂန်များနှင့် နီတိကျမ်းများတွင်ပါ ပါရှိပြီးဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ အမှုတော်ကိုထမ်းရွက်ကြသော တစ်နည်း ပြည်သူ့ဝန်ကို ထမ်းဆောင်ကြသော အမှုထမ်းတို့သည် ကျမ်းဂန်လာ အင်္ဂါရပ်များနှင့် ပြည့်စုံမှသာ နိုင်ငံအတွက် ဝန်ထမ်းကောင်းများဖြစ်ပြီး တိုးတက်ကြီးပွားလာမည်ဖြစ်ပါသည်။

ကျမ်းဂန်လာ အမှုထမ်းကောင်းအင်္ဂါရပ်များမှာ (၁) အကြားအမြင်ဗဟုသုတများရှိခြင်း၊ (၂)ကိုယ်နှုတ်အမူအရာ ယဉ်ကျေး၍ တင့်တယ်သော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံခြင်း၊ (၃)ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ခြင်း၊ (၄)ရဲရင့်သူ(ရဲစွမ်းသတ္တိရှိသူ) ဖြစ်ခြင်း၊ (၅) ဇွဲလုံ့လ ဝီရိယရှိခြင်း၊ (၆) ကာယဗလ ဉာဏဗလ ဖွံ့ဖြိုးခိုင်မာခြင်း၊ (၇)ဥစ္စာကို မမက်မောခြင်းတို့ ဖြစ်ပါသည်။

ဤအမှုထမ်းကောင်း အင်္ဂါရပ်(၇)ချက်မှာ ဘုရားဟောကျမ်းဂန်နှင့် အညီဖြစ်ပြီး မှတ်သားရလွယ်ကူစေရန်အတွက် မဃဒေဝလင်္ကာသစ်အဖွင့်ကျမ်းတွင် လေ့လာနိုင်ပါသည်။ ထိုအင်္ဂါရပ်များ ညီညွတ်မှသာ အမှုထမ်းကောင်းအင်္ဂါနှင့် ညီညွတ်မည်ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ထိုအင်္ဂါရပ်များ ညီညွတ်စေရန်အတွက် ဝန်ထမ်းရွေးချယ်ရာ၌ စံနှုန်းသတ်မှတ်၍ အနီးစပ်ဆုံး ဆောင်ရွက်ကြသည်ကို တွေ့ရပေရာ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရ ဖြစ်စေရန်အတွက် အားတက်ဖွယ်သာဖြစ်သည်။

သို့ရာတွင် အသစ်အမှုထမ်းများအတွက် ရွေးချယ်ရာတွင် စံနှုန်းနီးစပ်အောင် ဆောင်ရွက်နိုင်သော်လည်း အမှုထမ်းဖြစ်ပြီးမှ အဆိုပါအင်္ဂါရပ်များနှင့် မညီညွတ်ခြင်း၊ နီးစပ်ပြီး ပတ်သက်ရာပတ်သက်ကြောင်း ဆောင်ရွက်မိခြင်းတို့ကြောင့် အမှုထမ်းကောင်း အင်္ဂါရပ်တို့ ချို့ယွင်းအားနည်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

လက်ရှိတွင် လူတို့၏သဘောသဘာဝနှင့် ရှိပြီးအင်္ဂါရပ်များအရ ထိုစံနှုန်း (၇)ချက်နှင့် ကိုက်ညီရန်အတွက် အလွန်ခက်ခဲမည်ဖြစ်ပါသည်။ လက်ရှိအမှုထမ်းများအတွင်း အဆိုပါအင်္ဂါရပ်များအနက် နီးစပ်သင့်သလောက် နီးစပ်သည့် အမှုထမ်းကောင်းများရှိသကဲ့သို့ ထိုအင်္ဂါရပ်အားလုံးနီးပါး၊ အချို့အဝက်လိုအပ်ချက်ရှိနေသူများလည်း ရှိမည်ဖြစ်ပါသည်။

ယနေ့အမှုထမ်းလောကတွင် အကြားအမြင်ဗဟုသုတနည်းပါးသော အမှုထမ်းအချို့ကို ရယ်ရွှင်ဖွယ်၊ စိတ်ပျက်ဖွယ် တွေ့ရတတ်ပါသည်။ ဉာဏဗလတည်းဟူသော ပညာအရည်အချင်းကို ပိုင်းဖြတ်ရာ၌ ယနေ့လက်ရှိ လက်မှတ်များမှာ အလုပ်မဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

မူလက ကိုယ်ကျင့်တရားမပျက်သော်လည်း ဗဟုသုတနည်းပါးသဖြင့် ပျက်လွယ်ပါသည်။ ကိုယ် နှုတ် အမူအရာ ယဉ်ကျေးပါဟု ဆိုရာ၌လည်း လုပ်ပိုင်ခွင့်အပေါ် ယစ်မူး၍ မိမိလိုအင်နှင့်မတွေ့လျှင် ကိုယ် နှုတ် အမူအရာ ပြောင်းလဲတတ်သည်ကို သတိပြုရမည်။

ဇွဲ လုံ့လ ဝီရိယ ဟုဆိုရာ၌လည်း ဝတ်ကျေတမ်းကျေ လုပ်ကိုင်တတ်မှု၊ သက်သာရာသက်သာကြောင်း ရှာဖွေတတ်မှုတို့ကို ရှောင်ရှားရမည်ဖြစ်ပါသည်။ ကာယဗလဟူသော ကျန်းမာကြံ့ခိုင်မှုဆိုရာ၌ အမှုထမ်း၏ ကျန်းမာကြံ့ခိုင်မှုကို အလေးထားပေးရမည်ဖြစ်သလို အမှုထမ်းကလည်း မိမိကျန်းမာရေးကို ဂရုပြုရပါမည်။

ဥစ္စာမမက်မောခြင်းမှာ ကိုယ်ကျင့်တရားကြံ့ခိုင်မှုအပေါ်တွင် မူတည်ပါသည်။ ရဲစွမ်းသတ္တိရှိသူတို့မှာ လုံခြုံရေးနှင့် ကာကွယ်ရေးအမှုထမ်းတို့တွင် ရှိပြီးဖြစ်ပါသည်။ ထိုအချက်များ အားကောင်းလျှင် ပြည်သူတို့နှင့် အုပ်ချုပ်သူတို့၏ ယုံကြည်ကိုးစားအားထားကြမည်ဖြစ်ပြီး ထိုအချက်များအားနည်းလျှင် အထင်အမြင်လွဲမှားမှုနှင့် ပျက်ပြားမှုတို့သာ ဖြစ်စေနိုင်ပါသည်။

ထို့ကြောင့် ကောင်းမွန်သောအုပ်ချုပ်မှု၊ သန့်ရှင်းသော အစိုးရဖြစ်ထွန်းစေရန်အတွက် အဆိုပါ အင်္ဂါရပ်များနှင့် ပြည့်စုံညီညွတ်ရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။

အဆိုပါ အင်္ဂါရပ်များကို မကြည့်ဘဲ နီးစပ်မှု၊ ရင်းနှီးမှုအရ ရွေးချယ်မိလျှင် လုပ်ငန်းစဉ်များ မအောင်မြင်ဘဲ ပျက်ယွင်းခြင်းသာဖြစ်စေနိုင်ပေရာ အဂတိကင်းရှင်းသည့်ရွေးချယ်ခြင်းဖြင့် အမှုထမ်းကောင်းများ ပေါ်ထွန်းစေရန် အားထုတ်သင့်ကြောင်း ရှုမြင်ပါသည်။ ။

သီပေါမြို့သို့ ကမ္ဘာလှည့်ခရီးသွားများ လေ့လာမှုများပြား

သီပေါ ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိသည်။ လှပထင်ရှားသော ရှေးဟောင်းမြို့တစ်မြို့ဖြစ်သည်နှင့်အညီ နယ်မြေအေးချမ်းသာယာသည်နှင့်အမျှ နေ့စဉ်နိုင်ငံခြားသားခရီးသွားများအဝင်အထွက်များရာ ဒေသဖြစ်သည်။

နိုင်ငံခြားခရီးသွား ကမ္ဘာလှည့်ဧည့်သည်များသည် သီပေါမြို့အတွင်းရှိ ကျေးလက်ဒေသအသီးသီးသို့ အုပ်စုအလိုက်သွားရောက်လေ့လာကြပြီး သဘာဝအရင်းအမြစ်များနှင့် ဆောက်လုပ်နေထိုင်ကြသည့် တိုင်းရင်းသားရိုးရာ နေအိမ်များ၊ ရွာအဝင်ဒေဝါနတ်ပူဇော်ရာ အထွတ်အမြတ် ရွာဦးစင်မြင့်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့သည် မြို့ကို အကွင်းအကွက်ကျနစွာ တည်ဆောက်ထားသည့်အပြင် လှပသောတောင်များ ဝိုင်းရံထားရှိခြင်း၊ ဒုဋ္ဌဝတီမြစ်ကြီး ရစ်ခွေစီးဆင်းနေခြင်းတို့ကြောင့် သဘာဝပန်းချီကား ချပ်ကြီးတစ်ခုပမာလှပနေသည်။ ဒေသခံတိုင်းရင်းသားများမှာလည်း ရိုးသားဖြူစင် ကူညီရိုင်းပင်းစောင့်ရှောက်တတ်သော စေတနာမေတ္တာအလှတရားများကြောင့် ကမ္ဘာလှည့်နိုင်ငံခြားသားခရီးသွားဧည့်သည်များ ယခင်ကထက်ပိုမိုလာရောက်လည်ပတ်ကြခြင်းဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ လုံခြုံမှုရှိရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းရဲကျော်စွာ(၇)လမ်းနှင့်မင်းရဲကျော်စွာလမ်း၊ မင်္ဂလာတောင်ညွန့်၊ သဃ်န်းကျွန်း၊ ပန်းဘဲတန်း၊ မင်္ဂလာဒုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ ရပ်ကွက်ပြည်သူများ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် လှိုင်သာယာမြို့နယ် အမှတ်(၃)ရပ်ကွက် တပင်ရွှေထီးလမ်း၊ ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်း၊ အမှတ်(၅)ရပ်ကွက် ကျန်စစ်သားလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းနှင့် အင်းစိန်မြို့နယ်ရှိ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကားရေလှောင်ကန်တာပေါင် ထပ်ပိုးလွှာတင်ခြင်းနှင့် ရန်ကုန်-ပဲခူးလမ်းမရှိ ထောက်ကြန့် ရတနာဈေးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) ရေသန့်စင်စက်ရုံနှင့် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းနှင့် တာမွေမြို့နယ် ပင်ရွှေညောင်လမ်းတို့ကို ကွန်ကရစ် လမ်းချောထပ်ပိုးခင်းနေမှုနှင့် တာမွေမြို့နယ် နတ်ချောင်းရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



အကြွေစေ့ လောင်းကစားဂိမ်းစက် ကျုံ့ဒိုးမြို့၌ ပပျောက်စေချင်

ကျုံ့ဒိုး ဖေဖော်ဝါရီ ၁၈

ကျုံ့ဒိုးမြို့တွင် ကာစီနို(ခေါ်)အကြွေစေ့ လောင်းကစားဂိမ်းစက်ဆိုင်၌ လူငယ်များ နံနက် ၈ နာရီခွဲမှ ည ၁၁ နာရီအထိ ကစားလျက်ရှိသည်။

ဒေသခံပြည်သူများ၏ ပြောကြားချက်အရ ကျောင်းသား ကျောင်းသူများ စာမေးပွဲကြီးနီးလာချိန်၌ စာမကျက်ကြဘဲ ဂိမ်းဆိုင်များတွင် ဆော့ကစားနေကြကြောင်း၊ လူလတ်ပိုင်းများလည်း ၎င်းဂိမ်းစက်များကြောင့် ဆွဲကြိုးများ၊ လက်ကိုင်ဖုန်း(ဟန်းဆက်များ)၊ ငွေကြေးများ လိုက်လံချေးငှားမှုများရှိလာရာ စာရိတ္တနှင့် အကျင့်များ ဆိုးရွားလာမည်ကို စိုးရိမ်ရသဖြင့် အကြွေစေ့လောင်းကစားဂိမ်းစက်များ ပပျောက်စေရေး ဒေသခံမိဘပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

နိုင်နိုင်ထွန်း (ကျုံ့ဒိုး)

ခေတ်မီစက်မှုလယ်ယာစိုက်ကွင်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း တည်ထောင်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများဝင်ငွေတွက်ခြေကိုက်ပြီး ငွေပေါ်လျှင်မြန်စေသည့် သက်တမ်းတို ရက် ၁၀၀ စပ်မျိုးစပါးမျိုးများကို စိုက်ပျိုးရေးပညာရှင်များက ကိုယ်တိုင်မျိုးထုတ် သုတေသနပြုလုပ်အောင်မြင်နိုင်ခဲ့ပြီဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဖေဖော်ဝါရီ ၁၇ ရက်တွင် သက်တမ်းတို ရက် ၁၀၀ စပ်မျိုးစပါး F-1 မျိုးစေ့ထုတ်စိုက်ခင်းနှင့် F-1 စိုက်ကွင်းများ၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ရှိ စက်မှုလယ်ယာမြေ အထူးဇုန်ဧက ၁၀၀၀၀ စိုက်ကွင်းများ၌ စိုက်ပျိုးနေမှုများကို သာယာဝတီစိုက်ပျိုးရေးသိပ္ပံနှင့် မှော်ဘီဆန်စပါးသုတေသနသင်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်အတူ ကွင်းဆင်းစစ်ဆေးစဉ် ပြောကြားသည်။

ဆက်လက်၍ ဧက ၅၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၁၁၀ နှင့် ပုလဲသွယ်စပ်မျိုးစပါး (F-1)စိုက်ကွင်းဧက ၄၀၀ သို့ သွားရောက်ပြီး ပြည်ထောင်စုဝန်ကြီးက စပါးမျိုးကောင်း မျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရန် နွေစပါးမျိုးစေ့များကို အရည်အသွေးပြည့်မီ၍ ရာနှုန်းပြည့် အပင်ပေါက်သော မျိုးစေ့များအဖြစ် တောင်သူများထံ အမြန်ရောက်ရှိအောင် ဖြန့်ဖြူးရေးနှင့် နည်းပညာပေးလုပ်ငန်းများ လက်တွေ့လုပ်ဆောင်ကြရန်၊ သက်တမ်းတို ရက် ၁၀၀ စပ်မျိုးစပါးသည် အချိန်တိုကာလအတွင်း ငွေပြန်ပေါ်သည့် သီးနှံဖြစ်သည့်အားလျော်စွာ တစ်သီး၊ နှစ်သီး၊ သုံးသီးစိုက်ရန် သုတေသနမှတ်တမ်းများပြုစု၍ သာလွန်ကောင်းမွန်သော အကျိုးပိုမိုဖြစ်ထွန်းခံစားရရှိရန်၊ စပ်မျိုးထုတ်လုပ်သည့် ပညာရှင်များက ကြိုးစားရမည်ဖြစ်ကြောင်း၊ စပါးကောင်းမှ ဆန်ကောင်းမည်၊ ဆန်ကောင်းမှ ဈေးကောင်းရမည်ဆိုသည့် ကွင်းဆက်ကို အစ-အလယ်-အဆုံးတောင်သူများအား ကူညီပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး၊ KOICA ဌာနေကိုယ်စားလှယ်တို့နှင့်အတူ လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ၌ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KOICA) မှ တည်ဆောက်ထားသည့် Day Care Centre တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ ပြည်သူများနှင့်တွေ့ဆုံသည်။

ယင်းနောက် ဖောင်ကြီးအရှေ့ကျေးရွာရှိ (KOICA) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာသစ်စီမံကိန်းသို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကြကာ ပြည်ထောင်စုဝန်ကြီးများက မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် (KOICA) အဖွဲ့မှ ကျေးရွာသစ်စီမံကိန်းများ အထောက်အပံ့ပေးနေမှုအပေါ် ကျေးရွာပြည်သူများက မိမိတို့ကျေးရွာကို စံနမူနာပြဖြစ်ရမည်၊ စီမံကိန်းရည်မှန်းချက်များအတိုင်း ဖွံ့ဖြိုးတိုးတက်ရမည်၊ ကျေးလက်နေပြည်သူတစ်ဦးချင်း၏ ဝင်ငွေနှစ်ဆတိုးတက်ရမည်ဟူသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်(၅၈) အနီးရှိ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဘောနိဆည်ရေသောက်စနစ်တူးမြောင်းမကြီးမှ နွေစပါးစိုက် ဆည်ရေပေးဝေနေမှု၊ စက်မှုလယ်ယာမြေစနစ် ဧက ၁၀၀ ဖော်ထုတ်နေမှုများ၊ အုတ်တွင်းမြို့နယ် ပိတောက်ခင်ကျေးရွာရှိ ခပေါင်းဆည်ရေသောက်စနစ် ပုလဲသွယ်စပ်မျိုးစပါး ဧက ၅၀၀ စိုက်ကွင်းရှိ စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း၌ အဖိုလိုင်း (R) နှင့် အမလိုင်း(A)တို့ အောင်မြင် ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၉ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့နှင့် ကသာမြို့တို့တွင် ၁၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် ၂ ဒသမ ၃၆ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၅၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဖြူးချောင်းရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းခွင် ဒုတိယဝန်ကြီး ဦးခင်ဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ဖြူးချောင်းရေလှောင်တမံစီမံကိန်း၏ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရေလွှဲဆည်၏လက်ယာဘက်သဲထုတ်တံခါးမှ ရေလွှဲထားမှုနှင့် ချောင်းပိုင်းအတွင်း အုတ်မြစ်မြေကြီးတူးခြင်းနှင့် ကွန်ကရစ်လောင်းခြင်း အခြေအနေများ၊ လက်ယာတူးမြောင်းမကြီး မြေတူးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး တူးမြောင်းတစ်လျှောက် စိမ့်ရေထွက်ပြီး မြေပြိုကျသည့်နေရာများကို ခေတ်မီ Polyfelt ခင်းခြင်းနည်းစနစ်များဖြင့် မြေပြုပြင်ခြင်းများ ဆောင်ရွက်ရန် မှာကြားခဲ့သည်။**(ဝဲပုံ)**

ဖြူးချောင်းရေလှောင်တမံစီမံကိန်း၏ တမံနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများမှာ ပြီးစီးနေပြီဖြစ်ပြီး ယခုနှစ်မိုးရာသီမှစ၍ ရေလွှဲဥမင်ပိတ်၍ ရေစတင်သိုလှောင်ကာ လာမည့်နွေစပါးရာသီတွင် ဧက ၃၀၀၀ ခန့် ရေပေးဝေနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်လျက်ရှိသော အလျား ၁၆၅ ပေ၊ အမြင့်ပေ ၂၀ ရှိ ရေလွှဲဆည်ကို ဧပြီလကုန်တွင် အပြီးတည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိပြီး တစ်ပြိုင်တည်းတွင် လက်ယာတူးမြောင်းမကြီးနှင့် မြောင်းခွဲများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံးပြီးစီးသွားပါက လက်ယာတူးမြောင်းမကြီးမှ လယ်ယာမြေ ဧက ၇၀၀၀၀ နှင့် လက်ဝဲတူးမြောင်းမကြီးမှ လယ်ယာမြေ ဧက ၃၀၀၀၀ စုစုပေါင်း လယ်ယာမြေဧက ၁၀၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး ရေပေးဝေချိန်တွင် တပ်ဆင်လျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ် နှစ်လုံးကို လည်ပတ်၍ တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ကျွန်းတောကျေးရွာတွင် မီးဖိုချောင် မီးကြွင်းမီးကျန်ပေါ့ဆမီးကြောင့်(၃၉) အိမ် မီးလောင်

ယင်းမာပင် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ယင်းမာပင်မြို့နယ် ကုန်းကျေးရွာအုပ်စု ကျွန်းတောကျေးရွာတွင် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဒေါ်ငွေရီ (၄၀)နှစ်၏ နေအိမ် မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးကူးစက်လောင်ကျွမ်းခဲ့ရာ အနီးဝန်းကျင်ရှိ အိမ်ခြေ ၃၉ လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ယင်းမာပင်မြို့နယ်မှ မီးသတ်ယာဉ် ငါးစီးနှင့် ကျေးရွာ ပြည်သူ ၂၈၇ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မီးညွန့်ကျိုး၍ ညနေ ၅ နာရီတွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှု မရှိဘဲ စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုး ငွေကျပ်သိန်း ၈၀ ကျပ်ခန့်ရှိခဲ့ကြောင်း မီးပေါ့ဆစွာ သုံးစွဲသူ ဒေါ်ငွေရီအား ယင်းမာပင်မြို့နယ် မီးသတ်ဦးစီးဌာန တာဝန်ခံ ဦးအောင်ဇေမိုးက တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ယင်းမာပင်မြို့နယ် ရဲစခန်းက (ပ) ၃၈/၂၀၁၃၊ ပြစ်မှု ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ မီးဘေးသင့် ဒုက္ခသည်များအား ယင်းမာပင်မြို့နယ် ကျွန်းတောကျေးရွာ ရတနာသိပ္ပံဘုန်းတော်ကြီးကျောင်း၌ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

သတင်းဦး သတင်းထူးသည့် ကြေးမုံ သတင်းစာတွင် ကြော်ငြာပါ

လေကြောင်းမှ တိုက်ခိုက်ခြင်းဆိုင်ရာ အာဖဂန်သမ္မတ၏အမိန့် နေတိုးလက်ခံ

ကဘူး ဖေဖော်ဝါရီ ၁၈

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက လူနေအရပ်ဒေသများအပေါ် လေကြောင်းမှတိုက်ခိုက်ပေးရန် နိုင်ငံခြားတပ်ဖွဲ့များသို့ ၎င်း၏ လုံခြုံရေးတပ်ဖွဲ့များ စစ်ကူတောင်းခံခြင်းကို တားမြစ်ပိတ်ပင်သည့်အမိန့်အား နေတိုးတပ်ဖွဲ့က လက်ခံကြောင်း ပြောကြားသည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့၏ တပ်မှူး ဗိုလ်ချုပ်ကြီး ဂျိုးဇက်ဒန်ဖို့ဒ်က နေတိုးအနေဖြင့် အာဖဂန်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားကြောင်း၊ အာဖဂန်တပ်ဖွဲ့များကို အကူအညီပေးရန် အခြားနည်းလမ်းများရှိကြောင်းပြောသည်။

ကူနာပြည်နယ်အရှေ့ပိုင်းတွင် ညဘက် လေကြောင်းမှ တိုက်ခိုက်ခြင်းကြောင့် အရပ်သား ၁၀ ဦး သေဆုံးရပြီး တစ်ပတ်အကြာတွင် သမ္မတကအမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အရပ်သားများ သေဆုံးရခြင်းသည် အာဖဂန်များနှင့် နေတိုးတပ်ဖွဲ့များအကြား တင်းမာမှုဖြစ်ပေါ်ရခြင်း၏ အကြောင်းတရားတစ်ရပ်ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံသည် အချုပ်အခြာအာဏာပိုင်ဆိုင်သော နိုင်ငံဖြစ်၍ သမ္မတက အချုပ်အခြာအာဏာပိုင်ဆိုင်မှုအခွင့်အာဏာကို အသုံးပြုခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်ကြီးဒန်ဖို့ဒ်က ပြောသည်။ **ဘီဘီစီ။**

ဆီးရီးယားသူပုန်အဖွဲ့ထံ လက်နက်ထောက်ပံ့ရေး ဥရောပသမဂ္ဂနိုင်ငံများအတွင်း သဘောကွဲလွဲ

ဘရပ်ဆယ်လ် ဖေဖော်ဝါရီ ၁၈

ဆီးရီးယားနိုင်ငံ၌ သမ္မတ ဘာရှားအယ်လ်အာဆတ်အစိုးရအဖွဲ့ကို ဆန့်ကျင်နေသော သူပုန်အဖွဲ့ထံသို့ လက်နက်တင်ပို့မှုမပြုရန် ဥရောပသမဂ္ဂ(အီးယူ)က ပိတ်ပင်ထားသော်လည်း ယင်းပိတ်ပင်ချက်ကိုပြန်လည်ရုပ်သိမ်းနိုင်ရန် ဗြိတိန်နိုင်ငံကဦးဆောင်၍ ကြိုးပမ်းလျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၁၈ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံရှိ သူပုန်ညွန့်ပေါင်းအဖွဲ့သို့ လက်နက်ထောက်ပံ့ပေးရန် သင့်၊ မသင့်ဆွေးနွေးနိုင်ရန် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ ဖေဖော်ဝါရီ ၁၈ရက်တွင် တွေ့ဆုံကြမည်ဖြစ်သည်။

တစ်ရက်ကြာဆွေးနွေးပွဲ မကျင်းပမီ အကြိုကာလ ရက်သတ္တပတ်အတွင်း ယင်းကိစ္စနှင့် ပတ်သက်၍ အီးယူနိုင်ငံများမှသံတမန်များဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြသော်လည်း တညီတညွတ်တည်း သဘောတူညီမှုမရကြကြောင်း ဆိုက်ပရက်နိုင်ငံခြားဝန်ကြီး အီရာတိုကိုဇာကူမာကူလစ်က ပြောကြားသည်။

ဆီးရီးယား သူပုန်ညွန့်ပေါင်းအဖွဲ့မှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ကန့်ကွက်

ဥရောပသမဂ္ဂသည် ဆီးရီးယားနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုများပြုလုပ်ထားသည်။ ဆီးရီးယားသူပုန်အဖွဲ့ထံ လက်နက်ထောက်ပံ့ရန် ဗြိတိန်နိုင်ငံထောက်ခံသော်လည်း ဂျာမနီ၊ ဆွီဒင်နိုင်ငံတို့က လက်နက်ပိတ်ပင်မှုအမိန့်ကို ပြန်လည်ရုပ်သိမ်းပေးရန် ကန့်ကွက်လျက်ရှိကြသည်။ အီးယူ၏ နိုင်ငံခြားရေးအကြီးအကဲ ကက်သရင်းအက်ရှ်တန်သည် ဥရောပကော်မရှင်တွင် ဗြိတိသျှအစိုးရအဖွဲ့ကို ကိုယ်စားပြုသည့်တိုင် ယင်းကိစ္စတွင်ကန့်ကွက်သည့်ဘက်မှ ရပ်တည်လျက်ရှိသည်။

ရိုက်တာ။

မြေအောက်ရထားလမ်းသစ် မြို့တော်ပေကျင်း၌ ဖောက်လုပ်မည်

ပေကျင်း ဖေဖော်ဝါရီ ၁၈

တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို ဖြေရှင်းနိုင်ရန်ရည်ရွယ်လျက် မြေအောက်ရထားလမ်းတစ်လမ်းကို ဖောက်လုပ်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ပေကျင်း၌ အမှတ် (၁၆) မြေအောက်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၈ ဘီလီယံ ကျခံသုံးစွဲရမည်ဖြစ်သည်။

ပေကျင်းမြို့တော်မြောက်ဘက် ယောင်ဖန်းအဆင့်မြင့်နည်းပညာ စက်မှုဇုန်နှင့် မြို့တော်တောင်ဘက်ရှိ လူကျိုကျန်မြို့တို့ကို ဆက်သွယ်မည့် မြေအောက်ရထားလမ်းကို ၂၀၁၆ ခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ ဖွင့်လှစ်နိုင်မည်ဟု မျှော်လင့်ရသည်။

ပေကျင်းမြို့လယ်ဒေသကို ဖြတ်သန်းမည့် မြေအောက်ရထားလမ်းသစ်တွင် ဘူတာရုံ ၂၄ ရုံပါရှိမည်ဖြစ်ပြီး ရထားလမ်းမှာ ၃၆ ကီလိုမီတာ အရှည်ရှိမည်ဖြစ်ကြောင်း၊ ပေကျင်းမြို့တော် မြေအောက်ရထားလမ်းဖောက်လုပ်ရေး စီမံခန့်ခွဲရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း ကုမ္ပဏီ၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

မြို့တော်ပေကျင်း၌ မြေအောက်ရထားများအသုံးပြုကာ ခရီးသွားလာသူဦးရေမှာ ယခုနှစ်တွင် နေ့စဉ် ၁၀ သန်းခန့်ရှိမည်ဟု ပေကျင်းသယ်ယူပို့ဆောင်ရေးဌာနက ခန့်မှန်းသည်။ **ဆင်ဟွာ။**

မြို့တော်ပေကျင်း၌ ပြေးဆွဲနေသော မြေအောက်ရထားတစ်စင်းကို တွေ့ရစဉ်။

သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးနိုင်ရန် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို အဘက်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့၌ လျှပ်စစ်ဓာတ်အား ဖူလုံစေရေးအတွက် အသစ်ထပ်မံတည်ဆောက်လျက်ရှိသော သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများအား သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြန့်ဖြူးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး အလုံလျှပ်စစ်ဓာတ်အားပေး စက်ရုံဝင်းအတွင်း မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော လိုင်းမြစ်ဖြတ် သဘာဝဓာတ်ငွေ့ ၁၂ လက်မ ပိုက်လိုင်းတူးဖောက်သွယ်တန်းနေသည့် လုပ်ငန်းခွင်သို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် သွားရောက်စစ်ဆေးပြီး လုပ်ငန်းအဆင့်တိုင်းတွင် Technically စေ့စပ်သေချာစွာ ကြပ်မတ်ဆောင်ရွက်သွားရန်၊ စက်ရုံတိုးချဲ့ တည်ဆောက်ပြီးချိန်တွင် ဓာတ်ငွေ့တိုးမြှင့်ပို့လွှတ် ဖြည့်ဆည်းနိုင်ရေးအတွက် သတ်မှတ်ကာလအတိုင်း လုပ်ငန်းအောင်မြင်ပြီးစီးရေး အလေးအနက်ထားရန်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုံဘက်ကမ်းမှ HDD(Horizontal Directional Drilling) စက်ဖြင့် လှိုင်မြစ်အောက်ကိုဖောက်၍ ပိုက်လိုင်းတူးဖောက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေးပြီး (ဝဲပုံ) ဝန်ထမ်းများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံ အောက်လွှတ်တော် Secretary- General Mr. Suwichag Nakwatcharachai ဦးဆောင်သော ကိုယ်စားလှယ် ၁၁၆ ဦးနှင့် မန္တလေး တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဒီပလိုမာသင်တန်းမှ ကြီးကြပ်သူဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၁ရက်မြောက်နေ့ ကျင်းပနေပုံကို လာရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်သို့ ထိုင်းနိုင်ငံ အောက်လွှတ်တော် Secretary - General Mr. Suwichag Nakwatcharachai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်လေ့လာစဉ်။

(သတင်းစဉ်)

တာလေ-ကျိုင်းလပ်လမ်းပိုင်း ပြုပြင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၇ နာရီခွဲတွင် တာချီလိတ်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ တာချီလိတ်မြို့ပတ်လမ်းကို သတ်မှတ်အကျယ်ရရှိရေး၊ ကားလမ်းပေါ်တွင် ကျူးကျော်ဈေးရောင်းချခြင်းမပြုရေး၊ မြို့ပတ်လမ်းနယ် သတ်မှတ်ထားရှိရေး၊ လမ်းကို ရေရှည်အသုံးပြုနိုင်အောင် စံချိန်စံညွှန်းမီ ဆောင်ရွက်ရေး၊ လမ်းဘေးဝဲ၊ ယာတွင် ကတ်တုံးများ ပြုလုပ်ရေးတို့ကို မှာကြားကာ တာလေ- ကျိုင်းလပ် လမ်းပိုင်းပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၂-၂၀၁၃ (အင်္ဂါနေ့)

၅း၀၀	"အသေမဦးခင်ညဏ်ဦးအောင် အားထုတ်ပါ"တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တသူရိယ)
၁၁း၄၀	နှင်းမှုန်ဝေစည် တုံရာသီလရယ်တဲ့ တပို့တွဲနဲ့ကျလေပြီ ထမနဲပွဲ
၅း၂၀	**Minute To Win It**
၆း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သောဘဝလေး" (အပိုင်း-၁၀၆)
၈း၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၂၅)
၉း၂၀	**MRTV-4**ရုပ်သံဇာတ်လမ်းတွဲ "မေတ္တာမှန်လျှင်" (အပိုင်း-၂၅)

○ **ရှေ့ဖုံးမှ**

တောင်ပေါ်တောဂေဟာစနစ်တို့ကို လေ့လာနိုင်သည့်အပြင် ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ တောဆိတ်၊ မျောက်နှင့် ငှက်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ထားသည်။

ပြင်ဦးလွင်ငှက်ဘေးမဲ့တောသည် ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၄၉ ဒသမ ၁၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောကို ၁၉၂၇ ခုနှစ်က တည်ထောင်ခဲ့ပြီး တောင်ပေါ်တောဂေဟာစနစ်၊ ငှက်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်ထားသည်။

ပုပ္ပားတောင် ဘေးမဲ့တောဥယျာဉ်သည် ကျောက်ပန်းတောင်းမြို့နယ်တွင် တည်ရှိပြီး ၄၉ ဒသမ ၆၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောဥယျာဉ်ကို ၁၉၈၉ ခုနှစ်က တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်း သဘာဝတောကျန်များကို လေ့လာနိုင်ခြင်း၊ ငှက်မျိုးစုံနှင့် အခြားတိရစ္ဆာန်တို့ကို လေ့လာနိုင်ခြင်း၊ အပူပိုင်းဇုန်ဒေသအတွင်း အိုအေစစ်သဖွယ်တည်ရှိနေသော သဘာဝရေမြေတောတောင်များ၏ ရှုခင်းအလှများခံစားနိုင်ခြင်း၊ စန္ဒကူးသစ်မျိုးများ သဘာဝအတိုင်းပျံ့နှံ့ပေါက်ရောက်မှု အခြေအနေလေ့လာနိုင်ခြင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၃၂၀၀၀၀ ခန့်က မီးတောင်ပေါက်ကွဲ၍ ... မီးတောင်ဟောင်း၏ သဘာဝတွင်းထွက်ကျောက်များ လေ့လာနိုင်ခြင်း၊ ပရဆေးဖက်ဝင်အပင်နှင့် နွယ်ပင်များ လေ့လာနိုင်ခြင်း၊ ရှားပါးတိရစ္ဆာန်မျိုးဖြစ်သည့် မျောက်မွဲမျက်ကွင်းဖြူအား လေ့လာနိုင်ခြင်းစသော အခွင့်အလမ်းများ ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။

လောကနန္ဒာဘေးမဲ့တောဥယျာဉ်သည် ညောင်ဦးမြို့တွင် တည်ရှိပြီး ဧရိယာ သုည ဒသမ ၁၈ စတုရန်းမိုင်ကျယ်ဝန်း၍ ၁၉၉၅ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဥယျာဉ်တွင် မြန်မာနိုင်ငံအလယ်ပိုင်း ရှေးဟောင်းအမွေအနှစ်ဖြစ်သည့် ဘုရားစေတီပုထိုးများနှင့် သဘာဝတောကျန်များကို လေ့လာနိုင်ခြင်း၊ ရှားပါးမျိုးစိတ်များဖြစ်သည့် ရွှေသမင်နှင့်ဆတ်၊ ဒရယ်၊ ဒေါင်း၊ ကြိုးကြာ၊ တိုက်လိပ်၊ လိပ်မောင်း၊ ကြယ်လိပ်များကို လေ့လာနိုင်ခြင်းနှင့် သုတေသနပြုလုပ်ခြင်း၊ အပန်းဖြေအနားယူနိုင်ခြင်း၊ အပူပိုင်းဒေသတွင် ပေါက်ရောက်သော သစ်မျိုးများနှင့် ကျက်စားလျက်ရှိသော ငှက်မျိုးစိတ်တို့ကို သုတေသနပြုလုပ်နိုင်ခြင်း စသောအခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သည်။

မင်းစုံတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် နွားထိုးကြီးမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၈ ဒသမ ၇၁ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောကို ၂၀၀၁ ခုနှစ်ကစတင်တည်ထောင်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောတွင် တောခြောက်ဂေဟာစနစ်၊ ချေ၊ တောကြောင်၊ ကြယ်လိပ်၊ တောခွေးတို့ကို အဓိကကာကွယ်ထိန်းသိမ်းထားသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့နယ်တွင် တည်ရှိပြီး သုည ဒသမ ၆၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ ယင်းဥယျာဉ်သည် မြန်မာနိုင်ငံ၏ ထင်ရှားသော ရုက္ခဗေဒဥယျာဉ်ကြီးတစ်ခုဖြစ်သည်။ ထို့ပြင် ဥယျာဉ်အတွင်း၌ သစ်ခွဥယျာဉ်၊ လိပ်ပြာပြတိုက်၊ အင်ကြင်းပြတိုက်၊ ကျောက်ဖြစ်ရုပ်ကြွင်းပြတိုက်များအား လေ့လာနိုင်သည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သည် ပြင်ဦးလွင်မြို့တွင် တည်ရှိပြီး မြန်မာနိုင်ငံရှိ ပုံစံငယ်သမိုင်းဝင် စေတီပုထိုးများ၊ ယဉ်ကျေးမှုအဆောက်အအုံများ၊ ရှေးဟောင်းအထင်ကရ သဘာဝပထဝီဘူမိရုပ်သွင်များ၏ ပုံစံငယ်များ၊ သစ်ပင်ပန်းပင်များအား လေ့လာနိုင်သည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာ တစ်ခုဖြစ်သည့် မဟာမြတ်မုနိဘုရား၊ မန္တလေးမြို့မြောက်ဘက်ရှိ မန္တလေးတောင်နှင့် ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်၊ စန္ဒမုနိ၊ ရန်ကင်းတောင်၊ ရေတံခွန်တောင်၊ တောင်ပြုန်း၊ ရတနာ့ဂူ၊ ရွှေစာရံဘုရား၊ တောင်သမန်အင်းနှင့် ဦးပိန်တံတား၊ မန္တလေးနန်းတော်တို့သည်လည်း ထင်ရှားသောနေရာများဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

ဖုန်းအမှတ် ပြင်ဆင်ခြင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ၏ ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်အား အလွဲသုံးစားပြုလုပ်မှု၊ အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ ပြည်သူလူထုမှ တိုက်ရိုက်တိုင်ကြားနိုင်ရန်အတွက် အော်တိုတယ်လီဖုန်းအမှတ် ၀၁-၂၃၂၀၁၉၉ သို့ ခေါ်ဆိုရန် သတ်မှတ်ပေးခဲ့ပါသည်။

အဆိုပါ အော်တိုတယ်လီဖုန်းအမှတ်မှာ လွဲမှားနေပြီး တယ်လီဖုန်းအမှတ် အမှန်မှာ ၀၁-၂၃၀၂၁၉၉ ဖြစ်ပါကြောင်း ပြင်ဆင်အသိပေးအပ်ပါသည်။

(သတင်းစဉ်)



ရွှေသွေးတို့အတွက် အစာအာဟာရ

ယုဝတီခင်ဦး

"ကျွန်မနို့က ကလေးနဲ့မတည့်ဘူးလား မသိပါဘူး ဒေါက်တာရယ်၊ ကျွန်မနို့ကိုစို့တိုင်း ကလေးကငိုတယ်။ ပြီးတော့ လေထိုးသလားမသိပါဘူး။ ညတိုင်းဆိုရင်ငိုနေလို့ ထမ်းပြီး လမ်းလျှောက်နေရတာပဲ။ ဒီနေ့တော့ ဝမ်းစိမ်းတွေသွားနေပြန်ပြီ။ အဲ့ဒီအတွက် နို့မှုန့်ပြောင်းတိုက်ချင်ပါတယ်"

ကလေးမိခင်ပေါင်း မြောက်မြားစွာတို့သည် မိမိတို့၏ ရင်သွေးငယ်များအတွက် မိမိတို့၏ နို့ချိုကို တိုက်ကျွေးရန် များစွာသံသယဝင်ပြီး ပူပန်တတ်ကြပေသည်။

"မိခင်နို့နဲ့ မတည့်လို့ဆိုတာ အင်မတန်ရှားပါတယ်၊ နို့တိုက်နည်းမမှန်ကန်ရင်သာ မိခင်ရောကလေးပါ အခက်အခဲရောက်တတ်တာပါ၊ ကလေးမိခင် အနေနဲ့အစားအစာ ကောင်းကောင်းစားရဲ့လား၊ အသား၊ ငါး၊ အသီးအရွက် တတ်နိုင်သလောက် စားပေးရဲ့လား"

ကလေးမိခင်တို့သည် တွေ့ဝေပြီးအနား၌ အတူပါလာတတ်သော အမေကြီး၊ ကြီးဒေါ် စသည်တို့ကို လှည့်ကြည့်ကာ" အသီးအရွက်၊ အသား၊ ငါးစားရင် ကလေးလေထိုးမှာစိုးလို့ အမေတို့၊ ကြီးဒေါ်တို့ကပြောတာနဲ့ အစားရှောင်တာပဲ၊ အများအားဖြင့်တော့ ငါးခြောက်၊ ငါးပိကောင်အကင်နဲ့ ဟင်းခါးပဲစားနေတာပါ ဒေါက်တာရယ်၊ ဒါပေမယ့်လည်း ကျွန်မနို့ကိုတိုက်တိုင်း ကလေးက လေထိုးပြီး အော်တာပဲ ဒေါက်တာရဲ့" ဟု ဖြေလေ့ရှိကြသည်။

"အဲဒီလိုအစားရှောင်လို့ ညီမရဲ့နို့ချိုရည်က ထွက်အားနည်းပြီး အာဟာရဓာတ်လည်း ချို့တဲ့လာတာပေါ့။ နို့ရည်ကထွက်အားနည်းလေ ကလေးက အာသာမပြေလို့ နင်းပြီးစို့လေ ကလေးပါးစပ်ထဲကို လေတွေကဝင်လေနဲ့ နောက်ဆုံးမှာ ကလေးဗိုက်ထဲမှာ လေတွေပွပြီး ဝမ်းစိမ်းတွေသွား၊ အော့အန်ဖြစ်လာတာပါ။

ကလေးနဲ့မိခင်နို့နဲ့ မတည့်လို့မဟုတ်ပါဘူး။ အမေနို့ချိုထက်ကောင်းတဲ့နို့ရယ်လို့ မရှိသေးပါဘူး ညီမရယ်။ ကြိုးစားပြီးအသား၊ ငါး၊ အသီးအရွက်စားပြီး အရည်များများ သောက်ပေးပါ"

များသောအားဖြင့် မိခင်တို့သည် မိမိတို့၏ရင်သွေးများ ရောဂါကင်းစေရန်ဟူသော မေတ္တာစေတနာနှင့် အစားရှောင်ကြ၏။ အစားရှောင်မှသာ ၎င်းတို့နို့သည် ကလေးအတွက်လေမထိုးနိုင်၊ အန္တရာယ်မဖြစ်နိုင်ဟူ၍ လွဲမှားသော အယူအဆရှိနေကြသည်ကို တွေ့ရသည်။

"မိခင်နို့ကို ကလေးက တိုက်ရိုက်စို့ရတာဟာ မိခင်နဲ့ကလေးဟာ တစ်ဦးနဲ့တစ်ဦး မေတ္တာသံယောဇဉ်နှောင်ကြိုး ပိုပြီးတွယ်တာစေတယ်။ ပြီးတော့ မိခင်နို့ရည်ထဲမှာ သဘာဝအားဖြင့် ဝက်သက်တို့၊ ကျောက်ရောဂါတို့၊ အကြောသေအစရှိတဲ့ ရောဂါအန္တရာယ်တို့ကို ကာကွယ်တဲ့သတ္တိမျိုး ပါလာတဲ့အတွက် ကလေးငယ်ဟာ မွေးပြီး ခြောက်လအတွင်းမှာဆိုရင် ဝက်သက်၊ ကျောက်နဲ့ အကြောသေ၊ ကူးစက်ရောဂါပိုးတို့ ရုတ်တရက်ဝင်ရောက်ပြီး ဒုက္ခပေးလို့မရနိုင်ဘူး"

"ဒါဖြင့် နွားနို့တို့၊ နို့မှုန့်တို့ တိုက်တဲ့အခါ အဲ့ဒီရောဂါပိုးတွေ ကာကွယ်တဲ့သတ္တိမျိုးတွေ မပါနိုင်ဘူးပေါ့နော်"

ကလေးမိခင်တို့သည် မိမိ၏နို့ချိုကို စိတ်ပျက်နေရာမှ အားတက်သောလေသံများ ထွက်ပေါ်လာတတ်ကြပါသည်။

"ဟုတ်ပါတယ်၊ အဲဒီလိုအဖိုးတန်တဲ့ သတ္တိမျိုးအပြင် မီးဖွားပြီးစ မိခင်ရဲ့သားအိမ်ဟာလည်း ကလေးကို နို့ချိုတိုက်ကျွေးတဲ့အတွက် ရောဂါဘယကင်းဝေးပြီး နဂိုအတိုင်း ပြန်ကောင်းသွားနိုင်တယ်။ နောက်ပြီး ကလေးမိခင်နို့ထဲက ပါလာတဲ့ပရိုတင်းဓာတ်တို့၊ အဆီဓာတ်တို့က အစာကြေလွယ်တယ်။ နွားနို့က ထုတ်ယူရတဲ့ ပရိုတင်းဓာတ်က အစာကြေလွယ်အောင်ပြုပြင်ထားပေမယ့် မိခင်နို့ထဲကပါလာတဲ့ ပရိုတင်းဓာတ်လောက်တော့ အစာချက်ချင်းမကြေနိုင်ဘူး။ ပြီးတော့ မိခင်နို့ထဲမှာ သကြားဓာတ်တွေပိုများလို့ မိခင်နို့က နွားနို့ထက်ပိုပြီးချိုပါတယ်"

"ကျွန်မဖြင့် မိခင်နို့ရဲ့တန်ဖိုးကို အခုမှသေသေချာချာ သိရပါတယ်။ ဒါဖြင့် နို့မှုန့် ဝယ်တိုက်မယ့်အစား ကျွန်မပဲ နို့ထွက်များအောင် ကောင်းကောင်းစားတော့မှာပေါ့" ဖျတ်လတ်သွက်လက်သော ကလေးမိခင်က သဘောကျစွာဖြင့် ရယ်မောပြောလေသည်။

"ဒါဟာအလွန်ကောင်းတဲ့အကြံပေပဲ" ကျွန်မကထောက်ခံရင်း "ဟုတ်တယ်၊ မိခင်နို့က အကုန်အကျလည်း သက်သာတယ်။ ပြီးတော့ မိခင်နို့ချိုက လတ်ဆတ်ပြီး ကလေးကို တိုက်ရိုက်တိုက်ကျွေးနိုင်တဲ့အတွက် ဝမ်းပျက်ဝမ်းဖောရောဂါမဖြစ်ဘူး၊ ရောဂါကင်းတယ်၊ ကျန်းမာတယ်။ နို့မှုန့်တိုက်တဲ့မိခင်တွေရဲ့ ကလေးတွေအဖို့ကတော့ နို့ဘူးနဲ့နို့သီးခေါင်းကို ကောင်းကောင်းမဆေးကြလို့ရယ်၊ ပြီးတော့နို့ဘူးနဲ့ နို့သီးခေါင်းကို ရေပွက်ပွက်ဆူအောင်မပြုတ်လို့ရယ်၊ ဒါတွေအပြင် ရေဘယ်နှအောင်စနဲ့ နို့ဘယ်နှခွက်ထည့်ရမှန်းမသိဘဲ အချိန်အဆ မတွက်တတ်တာနဲ့ မှန်းရမ်းပြီးနို့မှုန့်ကို ဖျော်တိုက်လို့ ကလေးတွေ ဝမ်းပျက်ဝမ်းဖောရောဂါဖြစ်ပြီး ဒုက္ခရောက်ရတာ မနည်းဘူး"

"ဒါဖြင့် နို့ဆီတိုက်ရင်တော့ ဘယ်လိုအကျိုးရှိနိုင်ပါသလဲ ဒေါက်တာ၊ အမေကနို့မှုန့်က ဖျော်လို့မလွယ်ရင် နို့ဆီတိုက်ရအောင်လို့ပြောလို့" ဤသို့စုံလင်စွာမေးတတ်သော မိခင်ကိုကျွန်မကတစ်လှည့် ကျေးဇူးတင်ရပေ၏။

"ညီမရေ နို့ဆီတော့ကလေးကို ဘယ်တော့မှမတိုက်လေနဲ့၊ ခေါင်းကြီးပြီး အရိုးတွေပျော့တဲ့ "ရစ်ကက်" ခေါ်တဲ့ရောဂါတို့၊ ဝမ်းပျက်တဲ့ရောဂါတို့နဲ့ အာဟာရဓာတ်ချို့တဲ့ပြီး နောက်ဆုံးအသက်ပါဆုံးရှုံးနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နို့ဆီထဲမှာ ပရိုတင်းဓာတ်နည်းပြီး သကြားချည်းပဲပါလို့"

"ဒါဖြင့် အာဟာရဖြစ်အောင်၊ နို့ထွက်များအောင် ကောင်းကောင်းစားပြီး ကျွန်မနို့ပဲတိုက်တော့မယ် ဒေါက်တာ" "ကောင်းပါပြီ၊ ဒါပေမယ့် မိခင်နို့ရည်ချည်းသာ အသက်လေးလထိ တိုက်ပါ။ အသက်လေးလပြည့်ရင် မိခင်နို့နဲ့အတူ ဆန်ပြုတ်၊ ထမင်းပြုတ်၊ အသား၊ ငါးနဲ့ ဟင်းသီးဟင်းရွက် ပြုတ်ထားတဲ့အရည်တို့၊ အသက်ငါးလ၊ ခြောက်လမှာ ပဲနီလေးဟင်းချိုနဲ့ ထမင်းပျော့ပျော့၊ သွားပေါက်ရင်ထမင်းနဲ့ငါး၊ အသားလေးတို့၊ ပုစွန်ဖော့ချိတ်ပြုတ်လေးတို့ကို ပဲအမျိုးမျိုးနဲ့နယ်ကျွေးပြီးတော့ ဆိတ်ရိုး၊ အမဲရိုး၊ ငါးဖယ်ရိုးရရင်လည်း နူးနူးလေးပြုတ်ပြီး တိုက်ထားရင် သွားထွက်လည်းလွယ်၊ အာဟာရဓာတ်လည်းရတာပေါ့"

"ဒါဖြင့် ဘယ်အရွယ်လောက်အထိ မိခင်နို့တိုက်နိုင်ပါသလဲ ဒေါက်တာ"

ကလေးတစ်နှစ်သား အရွယ်လောက်ရောက်ရင် လူကြီးစားတဲ့ အစားအစာကို အစာကြေအောင်ချက်ပြုတ် ကျွေးနိုင်ပါပြီ။ အမေနို့ကိုလည်း တဖြည်းဖြည်းနဲ့ တစ်နှစ်ကျော် နှစ်နှစ်အထိ တိုက်ပါ။ အမေနို့ကတော့တစ်စက် မကျန်ထွက်သမျှ တိုက်ပေါ့ကွယ်"

"ဒေါက်တာရယ် ဒေါက်တာ့စကားကိုနားထောင်ပါတော့မယ်"

ကလေးအမေသည် ကလေးကိုပွေ့လျက် ရွှင်မြူးစွာဖြင့် ကျွန်မအပါးမှ ထွက်ခွာသွားလေသည်။ ကလေးမိခင်တစ်ယောက်အား ဤကဲ့သို့ တရားချလိုက်ရ၍ တရားကျသွားလျှင် မိခင်တစ်ဦးကနေ တစ်ဦးဆီသို့ ဆက်လက်ပညာပေးနိုင်ပြီဖြစ်သဖြင့် ကျွန်မတို့တွင်စကားပြောရသော အချိန်ကုန်ရကျိုးနပ်ပေပြီ။ ။

ဖိလစ်ပိုင်ကမ်းလွန်၌ နစ်မြုပ်ခဲ့သည့် ကျောက်မီးသွေးတင်သင်္ဘောနှင့် ပတ်သက်၍ နောက်ဆက်တွဲသတင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၈ ရက်ထုတ် သတင်းစာတွင် သင်္ဘောအမှုထမ်း ၂၄ဦး လိုက်ပါ၍ကျောက်မီးသွေးများ တင်ဆောင်ကာ တရုတ်နိုင်ငံသို့ ဦးတည်ခုတ်မောင်းလာသော မြန်မာအလံလွှင့်ထူထားသည့် အမ်ဗွီအရီတာ ဘောက်ဆိုက်အမည်ရှိသင်္ဘောသည် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ ပန်ဂါစီနန်ပြည်နယ် ကမ်းလွန်တွင် နစ်မြုပ်ခဲ့ရာ ၁၄ ဦးပျောက်ဆုံးပြီး တစ်ဦးသေဆုံးကြောင်း ကနဦးရရှိသည့် သတင်းကို ဖော်ပြခဲ့သည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယနေ့တွင် ရရှိသည့် သတင်းဆက်အရ အဆိုပါ MV. HARITY BAUXITE သင်္ဘောမှာ မြန်မာအလံ လွှင့်ထူထားခြင်းမဟုတ်ဘဲ ပနားမားနိုင်ငံအလံလွှင့်ထူထားသည့် သင်္ဘောဖြစ်ကြောင်း၊ ပိုင်ရှင်မှာ စင်ကာပူနိုင်ငံမှဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဦးစီးဌာနမှရရှိသော သတင်းများအရ ပျောက်ဆုံးနေသော သင်္ဘောသား ၁၄ ဦးမှာ ဦးဝင်းကြည်၊ ဦးမျိုးအောင်၊ ဦးရဲလွင်၊ ဦးမန်းမောင်မောင်၊ ဦးအောင်သူရဝင်း၊ ဦးမြင့်မောင်မောင်ကြည်၊ ဦးကျော်မင်းမင်းဝင်း၊ ဦးခင်မောင်မြင့်၊ ဦးရဲလွင်ဌေး၊ ဦးခင်မောင်၊ ဦးကျော်သူဝင်း၊ ဦးမျိုးသန့်၊ ဦးအောင်ကျော်ဇော၊ ဦးစန်းလွင်ဦးတို့ဖြစ်ပြီး သေဆုံးသူ သင်္ဘောသားမှာ ဦးမြင့်အောင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရရှိသော သင်္ဘောသား ကိုးဦးမှာ ဦးကြည်ဝင်း၊ ဦးခင်မောင်ဝင်း၊ ဦးအောင်ကျော်ခိုင်၊ ဦးချိုအေး၊ ဦးအောင်စန်းဝင်း၊ ဦးအောင်သူငြိမ်း၊ ဦးဝင်းစော၊ ဦးဝင်းမင်းသိန်း၊ ဦးသန့်ဇင်မိုးတို့ဖြစ်ကြောင်း သိရှိရပြီး သတင်းဆက်ရရှိပါက ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။

(ကြေးမုံ)

ခရီးသည် ၅၄ ဦးပါဝင်သော နယ်စပ်ဖြတ်ကျော် ခရီးသွားယာဉ်တန်း မြန်မာနိုင်ငံသို့ လာရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများလေ့လာရန် ASEAN Friendship Caravan Tour 2013 ဟု အမည်ပေးထားသော ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ နော်ဝေနိုင်ငံတို့မှ ခရီးသွား ၅၄ ဦးပါဝင်သည့် ယာဉ်တန်းတစ်ခုသည် ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံမှတစ်ဆင့် မဲဆောက်-မြဝတီလမ်းကြောင်းမှ မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါယာဉ်တန်းသည် မြန်မာနိုင်ငံအတွင်း မြဝတီ-ကော့ကရိတ်-ဘားအံ-ကျိုက်ထို-ကျိုက်ထီးရိုး-ဘုရားကြီး-နေပြည်တော်-အင်းလေး-ပျော်ဘွယ်-ကလော-အောင်ပန်း-ဟဲဟိုး-ညောင်ရွှေ-အင်းလေး-တောင်ကြီး-မိတ္ထီလာ - မန္တလေး - ရွှေညောင်-ဟဲဟိုး - အောင်ပန်း - ကလော-သာစည်-မိတ္ထီလာ-မန္တလေး-မုံရွာ-ပခုက္ကူ-ပုဂံ- ချောက်-မကွေး-ပြည်-ရန်ကုန်-ပဲခူး-ကျိုက်ထို-ဘီးလင်း-သထုံ-ဇင်းကျိုက်-ပေါင်-မုတ္တမ- မော်လမြိုင်- မြဝတီမှတစ်ဆင့် မဲဆောက်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ယာဉ်တန်းတွင် မော်တော်ယာဉ် ၂၂ စီးပါဝင်ပြီး မြန်မာခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် Royal Colourful Land နှင့် ထိုင်းနိုင်ငံအစိုးရခရီးသွားအာဏာပိုင်အဖွဲ့တို့က ကမကထပြုစီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းတို့ဖြတ်သန်းရာလမ်းတစ်လျှောက်ရှိ သဘာဝတောတောင်ရေမြေ၊ တန်ခိုးကြီးဘုရား၊ ပုထိုးများနှင့် စိတ်ဝင်စားဖွယ်နေရာများကို လေ့လာကြမည့်အပြင် မြန်မာနိုင်ငံ၏လက်ရှိ ဖြစ်ပေါ်ပြောင်းလဲနေမှုများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကိုလည်း လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ကမ္ဘာလှည့်ခရီးသွားလာရောက်မှု များပြားလျက်ရှိရာနောင်တွင်လည်း ဤသို့သော နယ်စပ်ဖြတ်ကျော်သွားရောက်လေ့လာသော မော်တော်ယာဉ်တန်းခရီးစဉ် အများအပြား လာရောက်ဖွယ်ရှိကြောင်း ခရီးသွား လုပ်ငန်းအသိုင်းအဝိုင်းက ပြောဆိုကြသည်။

(ကြေးမုံ)

ဟုမ္မလင်းမြို့နယ် နန့်တောကျေးရွာတွင် အိမ်ခြေ ၁၀၀ ကျော် မီးလောင်

ဟုမ္မလင်း ဖေဖော်ဝါရီ ၁၈

အိမ်ခြေ ၅၃၀ ရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နန့်တောကျေးရွာတွင် ဖေဖော်ဝါရီ ၁၇ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ပေါ့ဆမီးကြောင့် အိမ်ခြေ ၁၀၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သိန်း ၁၅၀၀ ခန့်ဟု မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ သိရပြီး မီးလောင်ရာသို့ ဟုမ္မလင်းမြို့မှ မီးသတ်ကား နှစ်စီး၊ နန့်တောမှ တစ်စီးတို့နှင့်အတူ ဟုမ္မလင်းမြို့နယ် အုပ်ချုပ်ရေးမှူး၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၇၅ ဦးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

မီးလောင်သည့် အိမ်ခြေ ၁၀၀ ကျော်မှ မီးမကူးစက်စေရန်အတွက် ကျန်ရှိနေသော နေအိမ်များအား မြေကော်စက်များ၊ ဘက်ဖိုးများဖြင့် ထိုးကော်ဖျက်သိမ်းခဲ့ရကြောင်း အုပ်ချုပ်ရေးမှူးရုံး တာဝန်ရှိသူတို့၏ ပြောပြချက်အရ သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)



လွှတ်တော်ရေးရာကဏ္ဍ

❖ပြည်ထောင်စုလွှတ်တော်မှ

ကာကွယ်စောင့်ရှောက်ခဲ့တယ်ဆိုတာ လွတ်လပ်ရေးမရမီနဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ယနေ့အချိန်အထိ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ကြီးမားတဲ့ နိုင်ငံရေးအပြောင်းအလဲ ပေါ်ပေါက်လာတိုင်း မှန်ကန်စွာရပ်တည်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ သစ္စာစောင့်သိခဲ့တာ အထင်အရှားဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမယ်ဆိုတဲ့ စကားအတိုင်း တပ်မတော်အနေနဲ့ ခိုင်မာတဲ့ စီမံကိန်း၊ စီမံချက်တွေကို အနာဂတ်အတွက် အလေးအနက်ထားချမှတ်အကောင်အထည်ဖော်သွားဖို့ မရှိမဖြစ်လိုအပ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တင်ပြတဲ့စီမံကိန်းများနဲ့ ပတ်သက်ပြီး အကောင်အထည် ဖော်ဆောင်ရွက်ရန် အလေးအနက်ထားစဉ်းစားပေးနိုင်ဖို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးမှာ တာဝန်ရှိပါတယ်။ လုံခြုံရေးအစီအမံတိုင်းကို ပြည်သူများ အလွယ်တကူ သိရှိနိုင်မှာမဟုတ်လို့ ပြည်သူများဘက်ကလည်း နားလည်ပေးနိုင်ဖို့ ကျွန်တော်အလေးအနက်တင်ပြရခြင်းဖြစ်ပါတယ်”ဟု ပြောကြားသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအနေဖြင့် တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခုတို့တွင် နယ်စပ်ဒေသအသီးသီးရှိ မိဘမဲ့၊ အဘမဲ့၊ အမိမဲ့၊ ဆင်းရဲနွမ်းပါးသူ တိုင်းရင်းသားလူငယ်များမှ အခြေခံပညာမူလတန်းအောင်မြင်သူများကို ဦးစားပေးအစီအစဉ်ဖြင့် ရွေးချယ်စုစည်း၍ အခြေခံပညာ၊ အလယ်တန်းနှင့် အထက်တန်းတတ်မြောက်စေရေး အခြေခံပညာရပ်များ သင်ကြားလေ့ကျင့်ပေးရန်အတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(၂၉) ကျောင်းတွင် ကျောင်းသားကျောင်းသူ(၄၃၀၀)ကိုလည်းကောင်း၊ အခြေခံပညာ တတ်မြောက်ပြီးသော တိုင်းရင်းသားလူငယ်များကို အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားလေ့ကျင့်ပေးနိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ(၄၅၀)၊ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(၂)ခုတွင် ကျောင်းသား(၅၀၀)ကို လည်းကောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ရေးအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (၃၆) ကျောင်းတွင် ကျောင်းသူ(၅၃၀၀) ကိုလည်းကောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(၄) ကျောင်းတွင် ကျောင်းသား(၃၉၀) ကိုလည်းကောင်း စုစုပေါင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ် (၁၀၉၄၀) တို့အား လက်ခံလေ့ကျင့်သင်ကြားပေးရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အိန္ဒိယနိုင်ငံနှင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၅)သန်းဖြင့် စုစုပေါင်းအမေရိကန်ဒေါ်လာ(၂၅) သန်းတန်ဖိုးရှိ အခြေခံအဆောက်အအုံနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်၊ ဖလမ်း၊ ဟားခါး၊ တွန်းဇံ၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ထန်တလန်(၈)မြို့နယ်တွင် မူလတန်းကျောင်း (၁၁)ကျောင်း၊ ကျန်းမာရေးဌာနခွဲ (၉)ခုနှင့် မဏိပူရမြစ်ကူးမှာဘင်းတံတားအပါအဝင် ပေ(၃၀၀) အရှည်ရှိ ဘေလီတံတား (၂)စင်း၊ ပေ(၂၀၀)အရှည်ရှိ ဘေလီတံတား(၁) စင်း၊ ပေ(၃၃၅)အရှည်ရှိ ကြိုးတံတား(၁)စင်း၊ ပေ(၁၅၀)အရှည်ရှိ

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးဟန်လင်း ဖြေကြားစဉ်။ (ကြေးမုံ)

ဇီးကုန်းမြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်မြင့် ဖြေကြားစဉ်။ (ကြေးမုံ)

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဖြေကြားစဉ်။ (ကြေးမုံ)

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ဖြေကြားစဉ်။ (ကြေးမုံ)

ကြိုးတံတား(၁)စင်း စုစုပေါင်း တံတား(၅)စင်းကို လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်း၊ လေရှီး၊ လဟယ် (၃)မြို့နယ်တွင် မူလတန်းကျောင်း (၁၀)ကျောင်း၊ ကျန်းမာရေးဌာနခွဲ (၈)ခုနှင့် ပေ(၁၀၀) အရှည်ရှိ ဘေလီတံတား (၃)စင်းကို လည်းကောင်း တည်ဆောက်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေက အခြေခံပညာကဏ္ဍ၌ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို ၂၀၁၂-၂၀၁၃ မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ (၄)နှစ်တာကာလ စီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဝေးလံဒေသများအတွက် ထက်/လယ်/မူ စုစုပေါင်း (၆၃၉)ကျောင်းကို အဆင့်တိုးမြှင့်ရန် ဆောင်ရွက်ပြီးဖြစ်သည့်အနက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဝေးလံခက်ခဲဒေသများအတွက် ထက်/လယ်/မူ စုစုပေါင်း (၁၃၇) ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆင့်မြင့်ကဏ္ဍ၌ ဘယ်လာရုစ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့နှင့် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ရုရှားနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆက်လက်ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း၊ တက္ကသိုလ်အသီးသီး၌ သင်ကြားပို့ချ နေသော ဆရာ ဆရာမများ၏ သင်ကြားရေးနှင့် သုတေသနဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးအတွက် ပြည်ပတက္ကသိုလ်များသို့ သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် လေ့လာရေးများစေလွှတ်လျက်ရှိရာ ၂၀၁၁ ခုနှစ် ဧပြီ ၈ ရက်မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်အထိ အဆင့်မြင့်ပညာကဏ္ဍ၌ (၄၇၁)ဦး၊ အခြေခံပညာကဏ္ဍ၌ (၁၆၂)ဦး စုစုပေါင်း(၆၃၃)ဦး စေလွှတ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရှွေ၏ ရှင်းလင်းတင်ပြချက်အပေါ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဦးစောအုန်းက “ပညာရေးကဏ္ဍကိုပြောရမယ်ဆိုရင် ကျောင်းတွေကို ကျောင်းအင်္ဂါရပ်၊ ကျောင်းဥပမိရုပ်တွေ ကောင်းမွန်အောင်ပြုလုပ်ပေးနိုင်ဖို့ လိုပါတယ်။ ကျောင်းဆောင်သစ်တွေ၊ ကျောင်းတွေ ဆောက်လုပ်တဲ့နေရာမှာ အမှန်တကယ်ကုန်ကျစရိတ်နဲ့ ကျောင်းဆောင်သစ်ရဲ့ အရည်အသွေးက ကိုက်ညီဖို့လိုပါတယ်။ အချို့က ကန်ထရိုက်စနစ်နဲ့ ဆောက်လုပ်တဲ့နေရာမှာ သိန်း(၁၅၀)ကုန်ကျမှာကို သိန်း (၂၀၀)လောက် တင်ပြတောင်းခံတာတွေ တွေ့ရတယ်။ ဒါတွေဟာ ပညာရေးဘတ်ဂျက်ရဲ့ လေလွင့်ဆုံးရှုံးမှုတွေဖြစ်ပါတယ်။ နောက်တစ်ခုက ကျောင်းတွေဆောက်တဲ့နေရာမှာ သက်တမ်းနှစ်(၂၀)လောက်ပဲပေးကြတယ်။ အမှန်က ကျောင်းရဲ့ကြံ့ခိုင်မှုသက်တမ်းကို နှစ်(၄၀)၊(၅၀) လောက်အထိပေးသင့်ပါတယ်။ ကိုလိုနီခေတ်ကဆောက်ခဲ့တဲ့ အဆောက်အအုံတွေဆိုရင် ဒီနေ့အထိ အသုံးပြုနေကြတာဖြစ်ပါတယ်။ ဒီလိုကြံ့ခိုင်မှုတွေ ကောင်းအောင် တည်ဆောက်ပေးဖို့ လိုပါတယ်”ဟု ပြောပြသည်။

အလားတူ ဇီးကုန်းမဲဆန္ဒနယ်မှ ဦးအောင်မြင့်ကလည်း “လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ တင်ပြချက်တွေကို အကောင်အထည်ဖော်ပေးမယ်ဆိုရင် ပြည်သူတွေအနေနဲ့ အင်မတန်မှဝမ်းသာမှာ ဖြစ်ပါတယ်။ အစိုးရအဖွဲ့နဲ့ လွှတ်တော်ပူးပေါင်းအကောင်အထည်ဖော်မယ်ဆိုရင် အောင်မြင်မှုတွေအများကြီးရလာမှာပါ။ ပြည်သူ့ကိုယ်စားလှယ်ဖြစ်တဲ့ ကျွန်တော်တို့ဟာ လွှတ်တော်နားတဲ့အချိန်မှာပြည်သူတွေဆီရောက်သွားပြီး ပြည်သူတွေရဲ့အသံတွေ၊ ပြည်သူတွေရဲ့ဆန္ဒတွေကို နားထောင်ပြီး ဘာတွေ လိုအပ်နေတယ်ဆိုတာ လွှတ်တော်မှာ တင်ပြဆွေးနွေးကြတာဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူတွေရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ ဘတ်ဂျက်ပေါ်မူတည်ပြီး အကောင်အထည်ဖော်ပေးမယ်ဆိုရင် ပြည်သူတွေရဲ့ ဆန္ဒတွေပြည့်ဝလာမှာဖြစ်ပါတယ်”ဟုပြောပြသည်။

ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ၂၀၁၁ ခုနှစ် ဇူလိုင်တွင် ကျင်းပသော နဝမအကြိမ် ဆေးပညာနှီးနှောဖလှယ်ပွဲတွင် ဆေးတက္ကသိုလ်များ၌ လက်ခံသင်ကြားနေသော ကျောင်းသားဦးရေကို ပြန်လည်သုံးသပ်၍ ဝင်ခွင့်လက်ခံမည့် ကျောင်းသားဦးရေကို (၂၄၀၀)မှ(၁၂၀၀)သို့ လျှော့ချသင့်ပါကြောင်းနှင့် စုစုပေါင်း သင်တန်းကာလအား (၆)နှစ်မှ (၇)နှစ်သို့ တိုးမြှင့်လက်ခံသင့်ကြောင်း ဆွေးနွေးသဘောတူပြီး အဆင့်ဆင့် တင်ပြသဘောတူညီချက် ရယူ၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဝင်ခွင့်ပြု ဦးရေ (၂၄၀၀)မှ (၁၂၀၀) သို့ ကျား/မ အချိုးတူညီစွာ လျှော့ချလက်ခံခဲ့ပါကြောင်း၊ လက်ရှိ ဆေးတက္ကသိုလ် (၄)ခုတွင် သင်ကြားရေးအဆောက်အအုံများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားရေးဆရာများနှင့် ဝန်ထမ်းများပြည့်စုံအောင်ဖြည့်ဆည်းဆောင်ရွက်ခြင်းကို ဆေးသိပ္ပံပညာဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သင်တန်းသားများ တိုးမြှင့်လက်ခံခြင်းတို့ကြောင့် လက်ရှိသင်ကြားရေးဆေးရုံများရှိ လူနာများနှင့် ကျောင်းသားအချိုး မမျှတသဖြင့် လက်တွေ့လူနာနှင့် စမ်းသပ်သင်ကြားရသော ကျွမ်းကျင်မှုပိုင်းတွင် အားနည်းမှုဖြစ်ပေါ်သဖြင့် ကျောင်းသားဦးရေ လျှော့ချလက်ခံခြင်းအပြင် ကျောင်းသားဘဝတွင် လက်တွေ့သင်ယူမှု အားနည်းခြင်းကို ဖြည့်ဆည်းသည့်အနေဖြင့် လက်တွေ့ကျွမ်းကျင်မှု ရရှိရန် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးတွင် ဆေးတက္ကသိုလ်(၄) ခုမှ အလုပ်သင်ဆရာဝန်များကို ဖြန့်ကြက် တာဝန်ချထားနေရပါကြောင်း၊ ဆေးတက္ကသိုလ်(မကွေး) မှလွဲ၍ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဆေးတက္ကသိုလ်(၂) ရန်ကုန်နှင့် ဆေးတက္ကသိုလ်(မန္တလေး)တို့မှာ မြေနေရာကန့်သတ်ချက်ရှိပြီး အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်း၊ တက္ကသိုလ်အင်္ဂါရပ်တွင် တစ်ခုအပါအဝင်ဖြစ်သော ကျောင်းဆောင်များ ဆောက်လုပ်ရန် နေရာမရှိခြင်း၊ ပြည့်သိပ်စွာ ဆောက်လုပ်ပါကလည်း တက္ကသိုလ်များ၏ခံ့ထည်မှုအားနည်းနိုင်ခြင်းတို့အပြင် ယခင်က ကျောင်းသား(၂၅၀)ဆံ့ စာသင်ဆောင်များတွင် ကျောင်းသားဦးရေ(၄၀၀)ကျော်၊ (၆၀၀)ကျော်၊ (၇၀၀)ကျော် ဖြစ်သဖြင့် ကျောင်းသားများ စာသင်ခန်းပြင်ပသို့ရောက်ရှိခြင်း၊ ကျောင်းခေါ်ချိန်မပြည့်မီခြင်း၊ ကျောင်းတွင်း၊ ကျောင်းပြင်ခိုက်ရန်ဖြစ်ပွားခြင်း၊ ကျောင်းထုတ်ပစ်ရခြင်း၊ (၂) တန်းခွဲ၍ သင်ကြားရသဖြင့် ကျောင်းသင်ခန်းစာအပေါ် စိတ်ဝင်စားမှုအားနည်းခြင်းစသည့် အခက်အခဲများကို ကျော်လွှားနိုင်အောင် ကျောင်းသားဦးရေ လျှော့ချခြင်း၊ ကျောင်းဆောင်သစ်များဆောက်လုပ်ခြင်းတို့ဖြင့် စီစဉ်ဆောင်ရွက်နေရပါကြောင်း၊ မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် နှစ်(၃၀) နှစ်ရှည်စီမံကိန်းရေးဆွဲစဉ်ကလည်း ဆေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ရန်ပါရှိပြီး ယခုပြန်လည်ရေးဆွဲသည့် မြန်မာ့ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင်လည်း ဆေးတက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်ရန် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၏ ရှင်းလင်းတင်ပြချက်အပေါ် မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်က “ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးချက်တွေအပေါ်မှာ ပြည့်စုံစွာ တစ်ဦးချင်းအလိုက် ရှင်းလင်းတင်ပြသွားတာကိုတွေ့ရပါတယ်။ တောင်ကြီးမြို့မှာ ဆေးတက္ကသိုလ်ဖွင့်လှစ်သင့်/မသင့်နဲ့ ပတ်သက်ပြီးဆွေးနွေးတဲ့ ကိုယ်စားလှယ်တွေထဲမှာတောင် ဆန္ဒ (၂) မျိုးဖြစ်နေပါတယ်။ အဲဒီဆန္ဒ (၂) မျိုးကိုခွဲခြားကြည့်ရင် တောင်ကြီးမြို့နယ်နဲ့ ထိစပ်နေတဲ့ နယ်မြေတွေက ကိုယ်စားလှယ် အများစုကသာ ထောက်ခံမှုပြုနေတာကို တွေ့ရပါတယ်။ ဝန်ကြီးဌာနကလည်း ကျိုးကြောင်းပြပြီးဖြေကြားသွားပါတယ်။ ကျွန်မအနေနဲ့ သုံးသပ်ရမယ်ဆိုရင် လက်ရှိကာလမှာ အရေအတွက်ထက် အရည်အချင်းပြည့်မီအောင် ကြိုးပမ်းအားထုတ်မှုအပိုင်းကို အားဖြည့်ပေးသင့်တယ်လို့ ယူဆပါတယ်။ နေပြည်တော်ဝန်းကျင်မှာ ဆေးရုံတွေ ထပ်မံဆောက်လုပ်ဖို့ လျာထားမှုတွေနဲ့ ပတ်သက်ပြီး ကန့်ကွက်မှုတွေ လွှတ်တော်က တစ်သံတည်းထွက်ပေါ်နေတဲ့အပေါ်မှာ ဝန်ကြီးဌာနကလည်း လိုက်လျောပြီး ဘတ်ဂျက်ငွေကို ပြောင်းရွှေ့သုံးဖို့တင်ပြသွားပါတယ်။ အဲဒီလိုပြောင်းရွှေ့သုံးစွဲရာမှာ ပြည်သူလူထုဗဟိုပြု ကျန်းမာရေးဖြစ်စေဖို့အတွက် (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူတွေအတွက် ပိုမိုအလေးထားဖို့ လိုအပ်တယ်လို့ ထင်မြင်ပါတယ်။ ဒါ့အပြင် ဆေးဝါးလိုအပ်ချက်အတွက် ဘတ်ဂျက်မှာ ငွေရှိပေမယ့် ဆေးဝါးဝယ်ယူမှုနောက်ကျခြင်းအပေါ် သံသယမဖြစ်စေဖို့ ရှင်းလင်းသွားတာကိုလည်း တွေ့ရပါတယ်။ ဆေးကိုဒေါင်အခက်အခဲ၊ ဆေးရုံတွေမှာလိုအပ်တဲ့ ဆေးစာရင်းတောင်းခံမရခြင်း၊ သူနာပြုတွေ ဆေးစာရင်းမမှတ်သားနိုင်ခြင်းတို့ ပါဝင်တဲ့အတွက် နိုင်ငံတော်က သူနာပြုတွေကို မွမ်းမံသင်တန်းတွေပေးဖို့ အရေးတကြီးလိုအပ်နေတယ်ဆိုတာ သုံးသပ်မိပါတယ်”ဟု ပြောပြခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်ကလည်း “အမျိုးသားစီမံကိန်း ဥပဒေကြမ်းအပေါ် လွှတ်တော်ကိုယ်စားလှယ်များရဲ့ မူသဘောဆွေးနွေးမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကလည်းလုပ်ဆောင်ရမယ့်အပိုင်းတွေကို ပွင့်ပွင့်လင်းလင်းလာရောက်ချပြပူးပေါင်းဆောင်ရွက်မှုတွေဟာ အနာဂတ်အတွက်ကောင်းမွန်တဲ့အလားအလာပဲဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်လို့ ပြည်ထောင်စုဝန်ကြီး ဖြေကြားသွားချက်များဟာကောင်းမွန်ပါတယ်။ ဥပမာ-ဆေးရုံသန့်ရှင်းရေးကိစ္စနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ထမ်းများမှာ တာဝန်ရှိသလို လာရောက်ကုသတဲ့ ပြည်သူတွေမှာလည်း တာဝန်ရှိပါတယ်။ ပြည်သူတွေဘက်က ပူးပေါင်းပါဝင်လာအောင် အသိပညာပေးမှုတွေ၊ နွေးထွေးစွာဆွေးနွေးမှုတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်” ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို ညနေ ၃ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား IPU အထွေထွေအတွင်းရေးမှူးချုပ် Mr. Anders Johnsson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား IPU အထွေထွေအတွင်းရေးမှူးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား Inter-Parliamentary Union (IPU) အထွေထွေအတွင်းရေးမှူးချုပ် Mr. Anders Johnsson ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးအောင်ငြိမ်း၊ ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဒေါက်တာမြင့်ကြည်၊ ဦးညွန့်တင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ လွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် လွှတ်တော်စာကြည့်တိုက်တို့အတွက် IPUမှ အကူအညီပေးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၂-၂၀၁၃ (အင်္ဂါနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၅၀	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	"ကျေးရွာမြေစွန့်ပစ်အမှိုက် လယ်ယာမြေရတနာသိုက်"
၈း၂၅	"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
၈း၅၅	တေးသရုပ်ဖော်အစီအစဉ်
၄း၂၅	၂၀၁၃ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (မြန်မာစာဘာသာရပ်)
၅း၀၅	ရောင်စုံရေးသီတေးပန်းချီ
၅း၂၀	SEA Games (Go For Gold) (ဘတ်စကက်ဘော)
၆း၂၀	ဆိုလိုက်ကြစို့
၆း၅၀	နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (ဒုတိယတွဲ) (အပိုင်း - ၂၃)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်းများ ချိုမြိန်ရသာမုန့်ကမ္ဘာ "လူမှန်နေရာမှန်" (အပိုင်း - ၂) (စွမ်းရည်၊ ဝက်မ၊ မိုးတိမ်၊ လန်ဒန်၊ ငွေတိုး၊ ရွှေသွေး၊ လှိုင်ဘွား၊ ထက်ထက်ဝင်း၊ ထက်နဒီမိုး၊ နေသူအောင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၁၀း၀၀	ပြည်တွင်းသတင်း အိန္ဒိယရုပ်ရှင် "စစ်မှန်တဲ့ချစ်ခြင်း" (အပိုင်း -၂)

ကကြိုး၊ ကကွက်များဆိုင်ရာ ဗဟုသုတနည်းပြသင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဗဟုသုတနည်းပြ သင်တန်းအမှတ်စဉ်(၁/၂၀၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး သင်တန်းကို မတ် ၃ ရက်အထိ ၁၄ ရက်ကြာ ဖွင့်လှစ်သင်ကြားလေ့ကျင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးဇော်ထွန်းအား ဟန်ဂေရီသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဟန်ဂေရီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

✻ မြန်မာပြည်မှ

လမ်းလျှောက်လာသူတစ်ဦးကို "ဒါ ကော့ကရိတ်သွားတဲ့လမ်း ဟုတ်ရဲ့လား" ဟု မေးကြည့်ရာ ၎င်းက "ဟုတ်ပါတယ်"ဟု ပြော၍သာ ယုံလိုက်ရသည်။ ယခင်က ထိုလမ်းသည်လည်း ပျက်စီးနေသော လမ်းဖြစ်သည်။ ယခုတော့ ပြေပြစ်ချောမွေ့နေသည်။ ထိုလမ်းကိုလည်း ဘားအံမှ အိန္ဒူ ၁၃ မိုင်ကို အေကေကုမ္ပဏီ၊ အိန္ဒူမှ ဂျိုင်း ၂၅ မိုင် ၄ ဖာလုံကို မြဝတီခရိုင်နှင့် ဂျိုင်းမှ ကော့ကရိတ် ၁၈ မိုင်ကို ကော့ကရိတ်ခရိုင်တို့က တာဝန်ယူ၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ထားသည်ဟု သိရသည်။ ဂျိုင်း-ကော့ကရိတ် လမ်းပိုင်းမှ ကျုံဒိုး-ကော့ကရိတ် ၁၆ မိုင်သာ အဆင့်မြှင့်တင် ပြုပြင်ဆဲဖြစ်ပြီး ကျန်မိုင်အားလုံးမှာ ကတ္တရာလမ်းသစ်များဖြစ်နေသည်။ ထို့ကြောင့်ပင် ကျွန်တော်တို့သတင်းအဖွဲ့သည် ထိုနေ့မွန်းလွဲပိုင်း၌ပင် ကော့ကရိတ်သို့ ရောက်သွားသည်။

နောက်နေ့ ကော့ကရိတ်မှ မြဝတီသို့ တောင်ပေါ်လမ်းမှ တက်ခဲ့သည်။

မြဝတီ-ကော့ကရိတ်လမ်း ရာဇဝင်အကျဉ်း

မြဝတီ-ကော့ကရိတ်လမ်းအား ဂျပန်ခေတ်အတွင်းက ဂျပန်တို့ မဆုတ်ခွာမီ တစ်နှစ်ခန့်အလိုတွင် စတင်၍ ဘုရားသုံးဆူလမ်းနှင့်အတူ လမ်းအူကြောင်း၊ လူသွားလမ်းအဆင့်အား ရှာဖွေဖောက်လုပ်ခဲ့ပြီး အင်္ဂလိပ်နှင့် ဂျပန်တို့စစ်ဖြစ်၍ ထိုင်းနိုင်ငံသို့ ဆုတ်ခွာရာတွင် ဤလမ်းကို အသုံးပြုခဲ့ကြောင်း သိရှိရသည်။

ဂျပန်တို့ဆုတ်ခွာသွားပြီးနောက် အင်္ဂလိပ်တို့က ရေနံနှင့်သစ်လုပ်ငန်းများအား အကြောင်းပြု၍ အဆိုပါလမ်းအား လမ်းတာချဲ့ခြင်းဖြင့် ဆက်လက် ဆောင်ရွက်ခဲ့သည်။ လမ်းတာချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ အင်ဂျင်နီယာမှာ အင်္ဂလိပ်အမျိုးသမီးတစ်ဦးဖြစ်ပြီး လမ်းပြမှာ ဒေသခံ ကရင်လူမျိုး တောလိုက်မုဆိုးတစ်ဦးဖြစ်ကြောင်း သိရှိရသည်။ ဤသို့ဖြင့် အင်္ဂလိပ်ခေတ်တွင် နွားလှည်းများကို အသုံးပြု၍ နှစ်ည၊ သုံးညအိပ်ခရီးဖြင့် ကော့ကရိတ်မှ မြဝတီသို့ အသွားအလာရှိခဲ့သည်ဟု သိရသည်။

၁၉၅၈-၁၉၆၀ ခုနှစ်ခန့်တွင် ဦးနုမြဝတီသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိခဲ့ပြီးနောက် ဦးနု၏ ပါလီမန်ခေတ်တွင် ကျောက်ကြမ်းလမ်းအဆင့် ဆောင်ရွက်ခဲ့ပြီး ဂျစ်ကားများဖြင့် သွားလာရာတွင် ခရီးသည်တစ်ဦးလျှင် ၁၅ ကျပ်နှုန်း ဖြစ်ကြောင်း သိရှိရသည်။ ၁၉၆၂ ခုနှစ် မတိုင်မီ ပါလီမန်ခေတ်မှစတင်၍ ယခင် ပ-ဆ-င (P.W.D)မှ ကျောက်ကြမ်းလမ်းအဆင့်အား ကော့ကရိတ်မှ မြဝတီအထိ ၁၂ပေ အကျယ်ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၃ ခုနှစ်တွင် ကော့ကရိတ်မှ မြဝတီသို့ ခုနစ်မိုင်၊ မြဝတီမှ ကော့ကရိတ်သို့ နှစ်မိုင်ခန့် ကတ္တရာလမ်းအဆင့် ခင်းပြီးကြောင်းသိရှိရသည်။ ကျန်တောင်ပေါ်လမ်းပိုင်းများမှာ ကျောက်ကြမ်းလမ်းအဆင့်သာ ရှိသည်။ ၁၉၇၃ ခုနှစ်နောက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တစ်နှစ်လျှင် နှစ်မိုင်ခန့် နှစ်စဉ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့ရာတွင် ၁၉၈၆ ခုနှစ်တွင် တစ်လမ်းလုံး ကတ္တရာလမ်းအဆင့် ခင်းပေးခဲ့ကြောင်း သိရသည်။

၁၉၈၆ မှ ၁၉၉၅-၁၉၉၆ ခုနှစ်အတွင်း ကုန်တင်ကားကြီးများ အသွားအလာများ၍ ကတ္တရာလမ်းပျက်စီးမှုများအား သာမညတောင်ဆရာတော်ကြီးမှ ဘားအံမှမြဝတီအထိ ၂၀၀၀ မှ ၂၀၀၁ ခုနှစ်တိုင်အောင် ပြုပြင်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ထို့အပြင် အဆိုပါလမ်းပိုင်းအား ၁၉၉၈-၂၀၀၀ ဝန်းကျင်တွင် တိုင်းစစ်ဌာနချုပ်၏ကွပ်ကဲမှုဖြင့် တပ်ဒေသနှင့် ပ. ဆ. င အဖွဲ့တို့မှ လမ်းတာချဲ့ခြင်း၊ အမာခံခင်းခြင်း

ကော့ကရိတ်-မြဝတီ တောင်ပေါ်ကားလမ်း၌ ... ပေ ၃၀ အကျယ်အထိ ချဲ့ခင်းပေးနေသည်ကို ဤသို့ ...

❖ ကျောဖုံးမှ

ဆောင်ရွက်နေပါတယ်၊ ကျွန်တော့်အနေနဲ့ စာရွက်စာတမ်းတစ်ခုတည်းနဲ့ အလုပ်မလုပ်တတ်ပါဘူး၊ ဒါတွေကိုကြည့်ပြီး ထိုင်ပြီးမနေပါဘူး၊ Project ဧရိယာနေရာကို ကိုယ်တိုင်ကိုယ်ကျသွားပြီး ဘယ်လိုပြဿနာဖြစ်သလဲ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာကို ကိုယ်တိုင်သွားရောက်ပြီး ဆောင်ရွက်တတ်သူပါ။

မေး။ လူကြီးမင်းအနေနဲ့ မြန်မာနိုင်ငံအပေါ်မှာ စေတနာထားဆောင်ရွက်နေတာကို တွေ့မြင်လေ့လာမိပါတယ်။ ဘာကြောင့်များပါလဲ။

ဖြေ။ သမ္မတကြီး ဦးသိန်းစိန်နဲ့ ကျွန်တော်မကြာခဏတွေ့ပါတယ်။ တွေ့တဲ့အခါ သမ္မတကြီးက မြန်မာတိုင်းရင်းသားလူမျိုးတွေအတွက် ကူညီပေးပါလို့ပြောခဲ့ပါတယ်။ ဒါကြောင့် မြန်မာတိုင်းရင်းသားတွေကို ပံ့ပိုးကူညီတဲ့အလုပ်တွေကို ကျွန်တော်ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် တိုင်းရင်းသားတွေအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေကို ပံ့ပိုးကူညီဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဂျပန်လူမျိုးတွေက များသောအားဖြင့် မြန်မာလူမျိုးတွေကို ချစ်ကြပါတယ်။

ကျွန်တော်အသက်(၇)နှစ်အရွယ်မှာ အရမ်းခက်ခဲတဲ့လူနေမှုဘဝနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီအချိန်မှာ ဆန်တွေ အကူအညီရခဲ့တယ်။ အဲဒီဆန်က မြန်မာပြည်က လာတဲ့ဆန်လို့ ကျွန်တော်သိရပါတယ်။ တကယ်လို့သာ အဲဒီဆန်သာမရှိခဲ့ဘူးဆိုရင် ကျွန်တော့်ဘဝက ဘယ်လိုအခြေအနေရှိမလဲမသိဘူး။ ပြီးတော့ အရင်တစ်ခေါက် ကျွန်တော် ရန်ကုန်မြို့အနီးက သီလဝါဘက်ကို သွားတုန်း ကားက လမ်းမှာ ပျက်သွားပါတယ်။ အဲဒီအချိန်မှာ ထရပ်ကားတစ်စီးကို တွေ့လိုက်ရတယ်။ အဲဒီကားက ကျွန်တော်တို့ပြန်မယ့်လမ်းနဲ့ ဆန့်ကျင်ဘက်ကို သွားနေတာပါ။ ဒါပေမယ့် ကျွန်တော်တို့ကို ရန်ကုန်မြို့ထဲက ဟိုတယ်အရောက် လိုက်ပို့ပေးပါတယ်။ စက်သုံးဆီဖိုးပြန်ပေးတဲ့အခါ လက်မခံပါဘူး။ တတ်နိုင်ရင် နိုင်ငံခြားသားတွေကို အမြဲတမ်းအကူအညီပေးချင်ပါတယ်လို့ သူက ပြောပါတယ်။ မြန်မာလူမျိုးတွေက အရမ်းသဘောကောင်းကြပြီး အရမ်းလည်းနွေးထွေးကြပါတယ်။

"စစ်မရှိတော့ဘူး၊ ဒါ့ကြောင့် ကိုယ့်ဒေသမှာ ပြန်နေလို့ရမယ်။ ကျန်တဲ့ ငြိမ်းချမ်းရေးလိုချင်သူအားလုံးလည်း ငြိမ်းချမ်းပါစေလို့ ဆုတောင်းပါတယ်"
[ဖထီး ဦးစောဘိုးနီ ငြိမ်းချမ်းရေးအကျိုးဆောင်]

မေး။ ဂျပန်မှာ စစ်ပြန်ကြီးတွေ အပါအဝင် သက်ကြီးပိုင်းတွေက မြန်မာလူမျိုးတွေ အာဃာတမရှိ ကူညီခဲ့ပုံကို သူတို့မမေ့မရကြဘူးလို့ ကြားသိလေ့လာခဲ့ဖူးပါတယ်။ ဒါကြောင့် ဂျပန်-မြန်မာချစ်ကြည်ရင်းနှီးမှုပိုမိုအခွန့်ရှည် တည်တံ့ရေးအတွက် မျိုးဆက်သစ်ဂျပန်လူငယ်တွေကို ဘယ်လိုလက်ဆင့်ကမ်းဆောင်ရွက်သွားမလဲခင်ဗျာ။

"အမိုးသက်တမ်း တစ်လျှောက်လုံးမှာ အခုလို ကရင်ပြည်နယ်ကြီး တစ်ခုလုံး သေနတ်သံတွေ တိတ်ဆိတ်သွားခဲ့တာမျိုး မရှိခဲ့ဖူးပါဘူး" [ဒေသခံအဖွားတစ်ဦး]

ဖြေ။ လက်ရှိဂျပန် TV နဲ့သတင်းစာတွေမှာ မြန်မာနိုင်ငံအကြောင်းကို အများကြီး ရေးသားဖော်ပြလာကြပါပြီ။ ဂျပန်လူငယ်တွေအနေနဲ့လည်း မြန်မာနိုင်ငံအကြောင်းကို ပိုပြီးသိလာကြတဲ့သူတွေ များလာပါပြီ။ စစ်အတွင်းကအသက်ရှင်ကျန်ရစ်ခဲ့ကြတဲ့ အဘိုး အဘွားတွေကလည်း ပြန်ပြောကြတဲ့အတွက် သိတဲ့သူတွေ များကြပါတယ်။ ခင်ဗျားပြောသလိုပဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲအောင် လုပ်ဖို့ဆိုတာ လူငယ်တွေကပဲ ဆက်လက်လုပ်ဆောင်သွားကြရမှာပါ။ နှစ်နိုင်ငံ လူငယ်တွေ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကိစ္စကိုမေးတာ အရမ်းအရေးကြီးကြောင်း ကျွန်တော်သိပါတယ်။ ခင်ဗျားပြောသလို လူငယ်တွေရဲ့ ဆောင်ရွက်ချက်က အပြန်အလှန် ယဉ်ကျေးမှုဖလှယ်တာ ဖြစ်ဖြစ်၊ အတတ်ပညာဖလှယ်တာဖြစ်ဖြစ် တဖြည်းဖြည်း တိုးတက်ပြောင်းလဲလာမယ်လို့ ကျွန်တော်ထင်မြင်ယူဆမိပါတယ်။

မေး။ နီပွန်ဖောင်ဒေးရှင်းရဲ့ အနာဂတ်အပေါ် ဘယ်လိုစီစဉ်ထားပါသလဲ။

ဖြေ။ စိတ်ပူစရာမရှိပါဘူး။ နီပွန်ဖောင်ဒေးရှင်းမှာရှိတဲ့ လူတွေအားလုံးက ကျွမ်းကျင်တတ်ကျွမ်းသူတွေဖြစ်တာကြောင့် သူတို့က နီပွန်ဖောင်ဒေးရှင်းကိုဆက်ပြီး ဆောင်ရွက်သွားကြပါလိမ့်မယ်။

သတင်းအဖွဲ့။ ယခုလိုအချိန်ပေးဖြေကြားပေးတဲ့အတွက် လူကြီးမင်းကို အထူးပဲကျေးဇူးတင်ပါတယ်။

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် တရီးဖိုးခီးကျေးရွာရှိ ဒေသခံပြည်သူများကို နီပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌက လူသားချင်း စာနာထောက်ထားသည့် အကူအညီများပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဤသို့ ရှင်းလင်းပြောကြားသည်။

မတ်ကြီး ဦးဇော်ထွန်းအား
န်ဂေရီသမ္မတနိုင်ငံဆိုင်ရာ
သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

ပြည်တော် ဖေဖော်ဝါရီ ၁၉

သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းအား န်ဝတ္တရားများအပြင် ဟန်ဂေရီသမ္မတနိုင်ငံဆိုင်ရာ လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာ မတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် ဘတ်ဂျက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဘတ်ဂျက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

လွှတ်တော်များ၏ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်အရ အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း Governor Bill Richardson ၏ Richardson Center မှ ကိုယ်စားလှယ်အဖွဲ့သည် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများအတွက် ဘတ်ဂျက်ရေးဆွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လွှတ်တော်ရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်ကြ၍ ဆွေးနွေးပွဲကို ယနေ့မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ဦးကို “ဒါ လမ်း ဟုတ်ရဲ့ သို့ရာ ၎င်းက ပြော၍သာ ယုံ င်က ထိုလမ်း က်စီးနေသော တော့ ပြေပြစ် ိုလမ်းကိုလည်း ိုင်ကို အေကေ း ၂၅ မိုင် ၄ င်နှင့် ဂျိုင်းမှ ို ကော့ကရိတ် ယူ၍ ကတ္တရာ ဆင့်မြှင့်တင် ဟု သိရသည်။

လမ်းပိုင်းမှ ၁၆ မိုင်သာ ပြုပြင်ဆဲဖြစ်ပြီး ကတ္တရာလမ်း ။ ထို့ကြောင့်ပင် င်းအဖွဲ့သည် ် ကော့ကရိတ် ည်။

ကရိတ်မှ မြဝတီ မ်းမှ တက်ခဲ့

ရိတ်လမ်း ကျဉ်း

ရိတ်လမ်းအား းက ဂျပန်တို့ ခန့်အလိုတွင် ူလမ်းနှင့်အတူ လူသွားလမ်း ဖောက်လုပ်ခဲ့ပြီး န်တို့စစ်ဖြစ်၍ ခွာရာတွင် ဤ ကြောင်း သိရှိ

သွားပြီးနောက် င့်သစ်လုပ်ငန်း းပြု၍ အဆိုပါ ာချဲ့ခြင်းဖြင့် င်ရွက်ခဲ့သည်။ င်န်းကို ဆောင် ာမှာ အင်္ဂလိပ် ်ပြီး လမ်းပြမှာ း တောလိုက် င်း သိရှိရသည်။ ခေတ်တွင် နွား ုံးပြု၍ နှစ်ည၊ ကော့ကရိတ်မှ လာရှိခဲ့သည်ဟု

စ်ခန့်တွင် ဦးနု

မြဝတီသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိခဲ့ပြီးနောက် ဦးနု၏ ပါလီမန်ခေတ်တွင် ကျောက်ကြမ်းလမ်းအဆင့် ဆောင်ရွက်ခဲ့ပြီး ဂျစ်ကားများဖြင့် သွားလာရာတွင် ခရီးသည်တစ်ဦးလျှင် ၁၅ ကျပ်နှုန်း ဖြစ်ကြောင်း သိရှိရသည်။ ၁၉၆၂ ခုနှစ် မတိုင်မီ ပါလီမန်ခေတ်မှစတင်၍ ယခင် ပ-ဆ-င (P.W.D)မှ ကျောက်ကြမ်းလမ်းအဆင့်အား ကော့ကရိတ်မှ မြဝတီအထိ ၁၂ပေ အကျယ်ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၃ ခုနှစ်တွင် ကော့ကရိတ်မှ မြဝတီသို့ ခုနစ်မိုင်၊ မြဝတီမှ ကော့ကရိတ်သို့ နှစ်မိုင်ခန့် ကတ္တရာလမ်းအဆင့် ခင်းပြီးကြောင်းသိရှိရသည်။ ကျန်တောင်ပေါ်လမ်းပိုင်းများမှာ ကျောက်ကြမ်းလမ်းအဆင့်သာ ရှိသည်။ ၁၉၇၃ ခုနှစ်နောက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တစ်နှစ်လျှင် နှစ်မိုင်ခန့် နှစ်စဉ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့ရာတွင် ၁၉၈၆ ခုနှစ်တွင် တစ်လမ်းလုံး ကတ္တရာလမ်းအဆင့် ခင်းပေးခဲ့ကြောင်း သိရသည်။

၁၉၈၆ မှ ၁၉၉၅-၁၉၉၆ ခုနှစ်အတွင်း ကုန်တင်ကားကြီးများ အသွားအလာများ၍ ကတ္တရာလမ်းပျက်စီးမှုများအား သာမညတောင်ဆရာတော်ကြီးမှ ဘားအံမှမြဝတီအထိ ၂၀၀၀ မှ ၂၀၀၁ ခုနှစ်တိုင်အောင် ပြုပြင်ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ ထို့အပြင် အဆိုပါလမ်းပိုင်းအား ၁၉၉၈-၂၀၀၀ ဝန်းကျင်တွင် တိုင်းစစ်ဌာနချုပ်၏ကွပ်ကဲမှုဖြင့် တပ်ဒေသနှင့် ပ. ဆ. င အဖွဲ့တို့မှ လမ်းတာချဲ့ခြင်း၊ အမာခံခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပြီး မြိုင်ကြီးငူ ဆရာတော်ကလည်း ၂၀၀၀-၂၀၀၁ ခုနှစ်အတွင်း ကော့ကရိတ်မှ မြဝတီသို့ သုံးမိုင်ခန့် ရေမြောင်းတူးဖော်ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၀၈ ခုနှစ် နောက်ပိုင်းတွင် ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းအထိ A.K ကုမ္ပဏီမှ ဤလမ်းပိုင်းအား တာဝန်ယူ ပြုပြင်ခဲ့သည်ဆိုသော်လည်း လမ်းမှာကောင်းမလာခဲ့ပါ။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၃-၁၀-၂၀၁၂ တွင် A.K ကုမ္ပဏီမှ လွှဲပြောင်းရယူ၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ပြည်ထောင်စုအစိုးရ၏ အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေမှ ရရှိသည့် အိန္ဒုမှ ဂျိုင်းအထိ ၂၅ မိုင် ၄ဖာလုံ အတွက် ကျပ်သန်း ၅၅၀၊ ဂျိုင်းမှ သက်န်းညီနောင်အထိ ၄၅ မိုင် ၇ ဖာလုံအတွက် ကျပ် ၅၇၈ ဒသမ ၇၇ သန်းသုံးစွဲ၍ ပြုပြင်လျက်ရှိရာ အိန္ဒုမှ ကော့ကရိတ်အထိ ၄၃ မိုင် ၄ဖာလုံ ရှိသည့်အနက် ကျုံဒိုးအထိ ၂၇ မိုင် ၄ ဖာလုံမှာ ရာနှုန်းပြည့် ကတ္တရာလမ်းခင်းပြီးစီးသွားပြီး ကျုံဒိုး-ကော့ကရိတ် ၁၆ မိုင်ကို ယခုနှစ် မတ်လ ၃၁ ရက်အတွင်း အပြီးပြုပြင်သွားမည်ဟု သိရသည်။

ဂျိုင်းမှ သက်န်းညီနောင် တောင်ပေါ်လမ်း မိုင် ၂၀ အပါအဝင် ၄၅ မိုင် ၇ ဖာလုံအတွက် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ် ၅၇၈ ဒသမ ၇၇ သန်းသုံးစွဲ၍ ပြုပြင်လျက်ရှိရာ ဂျိုင်းမှ ကျုံဒိုး နှစ်မိုင်နှင့် ကော့ကရိတ်မှ မြဝတီတောင်ပေါ်လမ်း မိုင် ၂၀ အပါအဝင် အာရှလမ်းမကြီးအထိ ၂၇ မိုင် ၇ ဖာလုံ ရှိသည့်အနက် ၁၆ မိုင် ၇ ဖာလုံမှာ ကတ္တရာလမ်းအဖြစ် ခင်းပြီးလျက်ရှိနေပြီး ယခုနှစ် ဘတ်ဂျက်အတွင်း ကော့ကရိတ်-မြဝတီတောင်ပေါ်ကားလမ်း မိုင် ၂၀ ရှိသည့်အနက် ၁၃ မိုင်ကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ရှိသည့် တောင်ပေါ်လမ်း ခုနစ်မိုင်ကို ၂၀၁၃-၂၀၁၄ ဘတ်ဂျက်အတွင်း ကတ္တရာလမ်း အပြီးခင်းပေးသွားမည်ဟုသိရသည်။ သက်န်းညီနောင် - မြဝတီလမ်း ယခင်က အခေါ် “မုန့်လင်မယား ဒယ်အိုးလမ်း”မှာလည်း ထိုင်းမှ အာရှလမ်းမကြီး ဖောက်လုပ်နေပြီဖြစ်၍ ပြုပြင်ပြီးဖြစ်ရာ အပေါက်တစ်ပေါက်မှ မရှိတော့ဘဲ လုံးဝ ချောမွေ့လျက် ရှိသွားပြီဖြစ်သည်။

ယင်းသို့ ကရင်ပြည်နယ်အတွင်း ယခင်က လမ်းဟောင်းလမ်းပျက်များ ပြုပြင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရုံးချုပ်ကိုယ်စား ကရင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးသောင်းမြင့်ထွန်း၊ ကော့ကရိတ်ခရိုင် အင်ဂျင်နီယာမှူး ဦးစိုးဝင်း၊ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်တို့မှ အင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့များက ပြုပြင်လျက်ရှိနေသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် မြန်မာပြည်နယ်စပ်က မြို့တစ်မြို့(သို့မဟုတ်) ကရင်ပြည်နယ်က မြဝတီမြို့မှာ လမ်းပန်းဆက်သွယ်မှုကောင်းလာသောကြောင့် သွားလိုလျှင် အနီးကလေး ခရီးမဝေးတော့ပါဟု ဆိုချင်ပါသည်။ ။

ကော့ကရိတ်-မြဝတီ တောင်ပေါ်ကားလမ်း၌ အန္တရာယ်ကွေ့ ၂၀ ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ပေ ၃၀ အကျယ်အထိ ချဲ့ခင်းပေးနေသည်ကို ဤသို့တွေ့ခဲ့ရသည်။

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ
အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့် နေ့ရက်နှင့် နေရာများ

စဉ်	အားကစားနည်း	ပြိုင်ပွဲကာလ		ကျင်းပမည့်နေရာ
		မှ	ထိ	
ဖွင့်ပွဲအခမ်းအနား		၂၈-၂-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်
၁	ပြေးခုန်ပစ်	၃-၃-၂၀၁၃	၇-၃-၂၀၁၃	॥
၂	ကြက်တောင်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 ကြက်တောင်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၃	ဘတ်စကက်ဘော	၁-၃-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဘတ်စကက်ဘောလေ့ကျင့်ရေးကွင်း၊ ဇမ္ဗူသီရိမြို့နယ်
၄	ဘိလိယက်/စနူကာ	၂၃-၂-၂၀၁၃	၂-၃-၂၀၁၃	TC-2 ဘိလိယက်လေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၅	ကာယကြံ့ခိုင်မှု	၁၂-၂-၂၀၁၃	-	MCC (ရန်ကုန်)၊ သဃ်န်းကျွန်းမြို့နယ်
၆	လက်ဝှေ့	၂၄-၂-၂၀၁၃	၁-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၇	စစ်တုရင်	၂၆-၂-၂၀၁၃	၂-၃-၂၀၁၃	Gold Camp (စားရိပ်သာ)၊ ဇမ္ဗူသီရိမြို့နယ်
၈	စက်ဘီး (Cross Country)	၁-၃-၂၀၁၃	၆-၃-၂၀၁၃	Mount Pleasant စက်ဘီးကွင်း၊ (ဥတ္တရသီရိမြို့နယ်)
	စက်ဘီး(Down Hill)	॥	॥	॥
	စက်ဘီး(BMX)	॥	॥	॥
	စက်ဘီး(Road Race)	॥	॥	TC-1 စက်ဘီးလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ် (တာထွက်) ပင်လောင်းလမ်း၊ တောင်ကျကျေးရွာနှင့် လိန်းလီတံတား(ပန်းဝင်)
၉	ဘောလုံး(ကျား/မ)	၂၀-၂-၂၀၁၃	၇-၃-၂၀၁၃	ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ဇမ္ဗူသီရိမြို့နယ် ပေါင်းလောင်းကွင်း၊ ပျဉ်းမနားမြို့နယ် လေ့ကျင့်ရေးကွင်း(၁)၊ (၂)၊ ဇမ္ဗူသီရိမြို့နယ်
၁၀	ဖူဆယ်(ကျား/မ)	၂၃-၂-၂၀၁၃	၆-၃-၂၀၁၃	TC-1 ဖူဆယ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၁	ဂျူဒို	၂၅-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-2 ဂျူဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၁၂	ကရာတေးဒို	၄-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 ကရာတေးဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၁၃	ပိုက်ကျော်ခြင်း	၂၅-၂-၂၀၁၃	၅-၃-၂၀၁၃	TC-1 ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၄	စားပွဲတင် တင်းနစ်	၂၃-၂-၂၀၁၃	၂၇-၂-၂၀၁၃	TC-1 စားပွဲတင် တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၅	တိုက်ကွမ်ဒို	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၆	တင်းနစ်	၂၃-၂-၂၀၁၃	၂၈-၂-၂၀၁၃	TC-1 တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၇	ပန်ကြပ်ဆီလတ်	၂-၃-၂၀၁၃	၆-၃-၂၀၁၃	TC-2 သိုင်းလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၁၈	ရိုးရာလက်ဝှေ့(မွေ့)	၃-၃-၂၀၁၃	၅-၃-၂၀၁၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၉	ဘော်လီဘော	၂၇-၂-၂၀၁၃	၇-၃-၂၀၁၃	TC-1 ဘော်လီဘောလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၂၀	အလေးမ	၁-၃-၂၀၁၃	၃-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ၊ ပျဉ်းမနားမြို့နယ်
၂၁	ဝူရှူး	၁-၃-၂၀၁၃	၃-၃-၂၀၁၃	TC-2 ဝူရှူးလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၂၂	နပန်း	၄-၃-၂၀၁၃	၇-၃-၂၀၁၃	ပေါင်းလောင်းအားကစားရုံ(ပျဉ်းမနား)
ပိတ်ပွဲအခမ်းအနား		၇-၃-၂၀၁၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်

ခြင်ဆေးခွေထွန်းရာမှ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် ရတနာပုံအောက်လမ်း အိမ်အမှတ် (၃၁) အာရ်စီနှစ်ခန်းတွဲ ခုနစ်ထပ်တိုက် ငါးလွှာ(အေ)၌ ယနေ့ညနေ ၃ နာရီခွဲတွင် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရခြင်းမှာ ခြင်ဆေးခွေအား ခုတင်တိုင်ပေါ်တွင် ထွန်းထားရာမှ မွေ့ရာပေါ်ပြုတ်ကျပြီး မီးစတင်လောင်ကျွမ်းခြင်း ဖြစ်သည်။ မီးလောင်ရာသို့ ကြည့်မြင်တိုင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ယာဉ် သုံးစီး၊ မီးသတ်တပ်ဖွဲ့ဝင် ၄၃ ဦးတို့ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားသည်။ မီးလောင်ကျွမ်းမှုကြောင့် မွေ့ရာတစ်ခု၊ ခုတင်အခင်း သုံးပေခန့်၊ အဝတ်အစားဗီရိုနှင့် သေတ္တာ အနည်းငယ်သာ လောင်ကျွမ်းပြီး ဆုံးရှုံးမှုတန်ဖိုးကျပ်တစ်သိန်းခန့် ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)

စဉ်းစားပေးဖို့ သင့်ပါသည်

ခင်မောင်ဌေး (ပညာရေး)

အကြောင်းပင်တိုက်ဆိုင်လေသလားမသိ။ မီးသဂြိုဟ်စက်များနှင့် ပတ်သက်၍ ရေးစရာရှိနေချိန်တွင် 'သိန်း ၁၆၀၀ ကျော်သုံး၍ သုသာန်များအဆင့်မြှင့်တင်တော့မည်' ဆိုသည့် သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် နှစ်ခုကို ပြင်ဆင်၍ နှစ်ခုကိုထပ်မံတည်ဆောက်မည်ဖြစ်ပြီး တာဝန်ယူပြုပြင်တည်ဆောက်မည့်ဌာနမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဖြစ်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနဆို၍ ပို၍ပင်စိတ်ဝင်စားမိပါသည်။ အဓိကတင်ပြလိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပို၍သန့်ရှင်းသပ်ရပ်ရေးနှင့် ဆိုင်နေပါသည်။ ယခုလက်ရှိကျင့်သုံးနေသည့် စနစ်မှာ ရုပ်ကလာပ် (Body)တစ်ခုကို မီးသဂြိုဟ်ရာတွင် မရှိမဖြစ် သုံးစွဲနေရသည်မှာ အောက်ခံသစ်သားကတ်ပင်ဖြစ်သည်။ ယင်းကတ်ကို ၂ × ၁ လက်မကို ဘောင်ခတ်၍ ၃×½ လက်မပြားနှင့် ခင်းထား၏။ အပေါ်မှ မိုးကာသား ပါးပါး ခင်း၍ဘောင်ခတ်ထားခြင်းပင် ဖြစ်သည်။ ယင်းကတ်ပေါ်တွင် Body ကိုတင်၍ မီးသဂြိုဟ်စက်ထဲသို့ ထိုး၍ ထည့်ရခြင်းပင်ဖြစ်သည်။

စာရေးသူပါဝင်ကူညီနေသည့် လူမှုကူညီရေးအသင်း (ရန်ကုန်)မှ နိစ္စဓူဝတွေ့ကြုံနေရသည့် လုပ်သက်ရင့် Volunteer တစ်ဦးက ဤသို့ဆိုဖူးသည်။ "နာရေးကူညီမှုအသင်း(ရန်ကုန်)ဆိုရင် တစ်နေ့ကတ် သုံးလေးဆယ် အသာလေး ကုန်နေတယ်။ ခုဆိုရင်ရန်ကုန်မှာက ဒီလို အသင်းအဖွဲ့တွေ အများကြီး ရှိလာပြီ။ ပြောရရင် ဒီလို ကတ်မျိုး တစ်နေ့ကို ကတ်တစ်ရာလောက်ကုန်နေတာ။

သူဆိုလိုချင်သည်မှာ ကတ်တစ်ရာခန့်မျှ ကုန်လျှင် တစ်ကတ်ကို သုံးထောင်နီးပါး ကုန်ကျစရိတ်ရှိသည်။ တစ်နေ့ကတ်တစ်ရာ ကုန်ကျငွေကျပ်သုံးသိန်း၊ တစ်လဆိုလျှင် သုံးဆယ့်ခြောက်သိန်း။ ငွေကြေးအရ ဤမျှကုန်ကျစရိတ်ရှိသကဲ့သို့ သဘာဝပတ်ဝန်းကျင်(သစ်တောသစ်ပင်) ပျက်စီးယိုယွင်းမှုကိုလည်း ထည့်တွက်စေချင်သည့် သဘောတွေ့ရပါသည်။ ထုထည်ကြီးမားသည့် သစ်ကြီးဝါးကြီး မဟုတ်ပေမယ့် နေ့စဉ်မီးရှို့ဖြုန်းတီးနေရသည့် သစ်များကို စဉ်းစားကြည့်မိခြင်းပင်။ ယင်းထက်ဆိုးသည်က ကျွန်းခေါင်းကြီးများအား သိန်းချီ၍ အကုန်အကျခံကာ မီးရှို့နေကြခြင်းကို နှမြောတသဖြစ်နေဟန်တူပါသည်။

စာရေးသူက အတွေ့အကြုံနည်းသူမို့အနီး ဝါရင့်လူငယ်ကို "ဘယ်လိုဖြစ်စေချင်လို့လဲ"ဟု မေးကြည့်မိပါသည်။ ထိုသူက "ပြောချင်တာက ဒီမီးသဂြိုဟ်စက်တွေကို ပြုပြင်ဖို့ပဲ။ ဒီလိုမျိုး Body ချတဲ့အခါမှာ သစ်သားကတ်တွေ၊ ခေါင်းတွေမလိုဘဲ Body သက်သက်ကိုပဲ Roller စနစ်နဲ့ မီးသဂြိုဟ်စက်ထဲအရောက်ပို့နိုင်ရင် သိပ်ကောင်းမှာပဲ။ မလိုအပ်တဲ့ သစ်ဝါးတွေအတွက် လောင်စာသက်သာမယ်။ လေထုညစ်ညမ်းစေမယ့် အမှုန်အမွှားတွေ အထွက်နည်းမယ်။ ကုန်ကျခံရတဲ့အသင်းအဖွဲ့တွေအတွက်လည်း ကုန်ကျစရိတ်သက်သာလို့ ပိုမိုဝန်ဆောင်မှုပေးနိုင်မယ်။ သစ်တောသစ်ပင်လည်း အထိုက်အလျောက် ဖြုန်းတီးမှုသက်သာမယ်။ အဲဒီလိုအလဟဿ ဖြုန်းတီးရာရောက်မဲ့အစား အခြေခံလူတန်းစားတွေ သစ်ဝါးပိုမိုသုံးစွဲခွင့်ရနိုင်မယ်လို့ ထင်တယ်"။

အဆိုပါ ပုဂ္ဂိုလ်၏အတွေးမှာလည်း အကျိုးရှိနိုင်ပါသည်။ သို့သော် စက်သစ်များ တည်ဆောက်ရာတွင် နည်းပညာလိုပါသည်။ ဤစက်မျိုးသည် ခဏခဏပြင်၍ဆောင်ရသည့်အမျိုးမဟုတ်။ ယခုကဲ့သို့ ပြုပြင်ချိန်၊ အသစ်တည်ဆောက်ချိန်မျိုးတွင် သက်ဆိုင်ရာဌာနမှလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ တစ်ဖက်တွင်လည်း ကွယ်လွန်ပြီးသွားသည့်အချိန်တွင် ဂုဏ်တုဂုဏ်ပြိုင်ပြုခြင်း၊ ငွေကုန်ကြေးကျခံ၍ ပြုလုပ်နေခြင်းများကို တရားသဘောဖြင့် ရှုမြင်သုံးသပ်တတ်ရန် လိုပါသည်။

အထူးသဖြင့် နိုင်ငံတော်သစ်ထုထောင်ချိန်တွင် မလိုအပ်ဘဲ ဖြုန်းရာရောက်နေပေမည့် လုပ်ငန်းစဉ်များကို စိစစ်ပြုပြင်ခြိုးခြံချွေတာ၍ လိုအပ်နေသည့်နေရာများတွင် သုံးရာရောက်ခြင်းဖြင့် ပြည့်ဝမ်းစာဖြည့်တင်းရာ ရောက်စေနိုင်ပါသည်။ ။

ယပ်တောင်လုပ်ငန်း လုပ်ကိုင်နေသော အဘိုးဦးလှ

မြင်းမူ ဖေဖော်ဝါရီ ၁၈

မြင်းမူမြို့ပေါ်ရှိ အဘိုးများထဲတွင် အသက်အကြီးဆုံး အဘိုးဦးလှ အသက် (၉၄)နှစ်သည် ၁၂၈၀ ခုနှစ် တပို့တွဲလဆန်း ၆ ရက်တွင် မွေးဖွားသူဖြစ်သည်။ ၁၉၈၇ ခုနှစ်ကတည်းက စတင်၍ ကိုယ်တိုင်ယပ်တောင်လုပ်ငန်း လုပ်ကိုင်ကာ မိသားစုစားဝတ်နေရေးကို တာဝန်ယူ ဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။ ဖေဖော်ဝါရီ ၁၆ရက် နံနက်ပိုင်းက အဘိုးဦးလှအိမ်သို့ သွားရောက်ရာ ဦးလှသည် ထိုင်လျက် ယပ်တောင်နှီးဖျားလေးတွေ ကတ်ကြေးဖြင့် ညှပ်နေသည်ကို ဦးစွာမြင်တွေ့၍ သတင်းဓာတ်ပုံရိုက်ယူခဲ့သည်။ **(ယာပုံ)**

အဘိုးအား ယပ်တောင်လုပ်ငန်း အဆင့်ဆင့်အား မေးမြန်းရာ ယပ်တောင်ပြုလုပ်ရာတွင် အဓိကကုန်ကြမ်းဖြစ်သည့် မျှင်ဝါးကို ၁၅ လက်မအရှည်ဖြတ်ပြီး လက်သန်းတစ်လုံးစာ တုတ်ချောင်းခွဲစိတ်ပြီး ဝါးတုတ်ချောင်းအဆစ်၌ အပေါက်တစ်ပေါက်ဖောက်ရ၏။ ဖောက်ထားသည့်အပေါ်မှစပြီး ဓားဖြင့် အပြား ၁၃ ခုရအောင် ခွဲစိတ်ပြီး အပေါက်ဖောက်ထားသည့် အထဲ ၁၄ လက်မခန့်အရှည်တုတ်အား လက်သန်းလုံးတစ်ဝက်ခန့် ခွဲစိတ်အချောသပ်ပြီး ထိုးသွင်းကာ ပဇောက်ပုံစံ ဝိုက်ယူပြီး အပြား ၁၃ ခုကို အသာအယာလက်ဖြင့်ချဲ့ကာ အထက်အောက် အပ်ချည်ကြိုးဖြင့် တွဲပေးရ၏။ အားလုံးတွဲလို့ပြီးလျှင် စာရိုက်ထားပြီးသား စာရွက်တစ်ရွက်ပေါ် ကော်ရည်စုတ်တံဖြင့် အပြည့်သုတ် နှီးတစ်ချောင်းတင်၍ လက်ဖြင့် အသာအယာဖိ၊ နောက်တစ်ရွက်ပေါ် ကော်ရည်ထပ်သုတ် နှီးချောင်းပေါ်ကပ်လိုက်ပြီး အပေါ်က နေ လက်တစ်ဆုပ်စာ အဝတ်ထုတ်လေးဖြင့် ဖွဖွလေးထုပေးပြီး နေရိပ်ထဲတွင် တစ်မနက်လှန်းထားပြီး ခြောက်သွားတဲ့ ယပ်တောင်ချပ်များကို စီထပ်ကာ အပေါ်ယံတွင် ကျောက်တုံးများဖြင့် ဖိထားရသည်။ ယပ်တောင်များ ကော့မနေစေရန် ၁ နာရီ၊ ၂ နာရီခန့် ဖိပြီးက ယပ်တောင်တွင် ပေါ်နေသည့် နှီးဖျားများကို ကတ်ကြေးဖြင့်ဖြတ်ပြီးလျှင် ရွှေရောင်၊ ငွေရောင်စက္ကူများ ပုံမှန်လက်သန်းတစ်လုံးစာခန့် အရွယ်ကို ကတ်ကြေးဖြင့်ဖြတ်ပြီး ကော်ရည်သုတ်၍ ယပ်တောင်ပတ်လည်တွင် အဖျားကွပ်ပေးရသည်။

၉ လက်မဆိုက် နှီးတစ်ချောင်းကို ၁၅ ကျပ် ကျကြောင်း၊ အချောင်း ၁၀၀၀ ပါ တစ်စီးကို ငွေကျပ် ၁၅၀၀၀၊ ၁၀ လက်မဆိုက် တစ်ချောင်းကို ၂၁ ကျပ်၊ ၁၀၀၀ ပါ တစ်စီးကို ငွေကျပ် ၂၁၀၀၀၊ မန္တလေးသို့ သွားဝယ်ရကြောင်း (ခရီးစရိတ်မပါ)၊ ၁၂ လက်မဆိုက်ကတော့ အသုံးနည်းကြောင်း၊ ပိုက်ဆံရှိတဲ့သူများသာ သုံးကြောင်း၊ မြို့ပေါ်ရှိ ပုံနှိပ်တိုက်များက မင်္ဂလာဆောင်ပဲဖြစ်ဖြစ် အလှူပဲဖြစ်ဖြစ်၊ စာရိုက်ယူခဲ့ပြီး ယပ်တောင်အပ်လျှင် ၉ လက်မ တစ်ချောင်းလျှင် ၂၅ ကျပ်နှုန်း၊ ၁၀ လက်မတစ်ချောင်းလျှင် ၃၂ ကျပ်နှုန်း အပ်ရကြောင်း၊ နှစ်စဉ် သီတင်းကျွတ်တာနှင့် မင်္ဂလာဆောင်များပေါ်ရာ လက်မလည်အောင် လုပ်ရကြောင်း၊ ဝါဆိုလပြည့် အထိ ဖြစ်ကြောင်း၊ အလှူများမှာ ပိုက်ဆံရှိမှလှူနိုင်ပြီး ပြာသို၊ တပို့တွဲလတွေမှာ အလှူယပ်တောင်များကြောင်း ရှင်းပြသည်။

အသက်အရွယ်ကြီးရင့်သော်လည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ကာ ဘဝကို ရင်ဆိုင်နေဆဲ အဘိုးဦးလှတစ်ယောက် အသက်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပေးရင်း . . . .။

ကိုကိုနိုင် (မြင်းမူ)

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။
မြန်မာ့ရေတန့်မှာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၅) နှစ်ကြာပါသည်။

ကျွန်မကာသစ်တောတက္ကသိုလ် (ဒုတိယနှစ်)ကျောင်းသူတစ်ယောက်ဖြစ်ပါတယ်။ စာသင်နှစ်တစ်နှစ်ပြီးဆုံးတိုင်း သစ်တောကြိုးဝိုင်းများသို့သွားရောက်၍ လက်တွေ့လေ့လာကွင်းဆင်းမှုများကိုရက်ပေါင်းများစွာပြုလုပ်ရပါသည်။ တောထဲရောက်သည့်အခါတိုင်း သဘာဝတောတောင်တို့၏ ကြမ်းတမ်းသည့်လေဒဏ်၊နေဒဏ်တို့ကြောင့် အသားအရေများမှာညိုညစ်၍ ကြမ်းတမ်းခြောက်သွေ့လာပါသည်။ ကျွန်မသည်အသားဖြူသူတစ်ဦးဖြစ်သော်လည်း တောဆင်းပြီးသည့်အခါတိုင်း မူလအသားအရေကိုပြန်လည်ရရှိရန်နှစ်လခန့်ကြာတတ်၍ အသားအရေနှင့်ပတ်သက်ပြီး အလွန်စိတ်ဆင်းရဲမိပါသည်။ တောဆင်းဖော်သူငယ်ချင်းများကို ဘာတွေများလိမ်းကြလဲဟုမေးမြန်းကြည့်သောအခါ သူတို့လည်းကျွန်မနည်းတူပင် အသားအရေပျက်စီး၍စိတ်ညစ်နေရပါတယ်။ ကျွန်မတို့ကိုအုပ်ချုပ်သည့် တီချယ်တစ်ယောက်မှာတော့ သနပ်ခါးဖွေးဖွေးလေးနဲ့အရင်လိုကြည့်ကောင်းနေတာကို ကျွန်မသတိထားမိလိုက်ပါသည်။ ကျွန်မအားတက်သွားပြီးတီချယ့်နားကပ်ကာ လျှို့ဝှက်ချက်ကိုမေးကြည့်တော့ တီချယ်က"သမီးရယ် တီချယ့်မှာ ဘာလျှို့ဝှက်ချက်မှမရှိပါဘူး။ ရွှေပြည်နန်းသနပ်ခါးပဲပုံမှန်လိမ်းတာ(၃)နှစ်လောက်တော့ရှိပြီ။ အစတုန်းကသမီးတို့လိုပဲ field ထဲကိုလာတိုင်း အသားအရေတွေပျက်စီးလိုက်တာ။ တီချယ့်မိတ်ဆွေဆရာဝန်တစ်ယောက်ကို အကြံဉာဏ်တောင်းတော့ သူကရွှေပြည်နန်းကိုညွှန်းလို့သုံးဖြစ်သွားတာ။ ပုံမှန်လိမ်းရင် အသားအရေလည်းပိုကောင်းလာပြီး နေဒဏ်၊လေဒဏ်လည်းခံနိုင်တယ်။ ခရီးထွက်သူတွေအတွက် အသင့်တော်ဆုံးပဲသမီး။ ရွှေပြည်နန်းမှာသနပ်ခါးအမျိုးအစားတွေ အများကြီးရှိတယ်။ တီချယ်ကတော့ ကုံကော်ပန်းကြိုက်လို့ ကုံကော်ဝတ်ဆံကိုလိမ်းတယ်" လို့ပြောပြခဲ့ပါတယ်။ ခုတော့ကျွန်မစတုတ္ထနှစ်ရောက်ပါပြီ။ တောထဲကို field ဆင်းရတိုင်း ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးဘူးလေးကို အမှတ်တရယူဆောင်တတ်တာ(၂)နှစ်ရှိသွားပါပြီ။ ရွှေပြည်နန်းကြောင့်အသားအရေနဲ့ပတ်သက်တဲ့ စိတ်ညစ်စရာတွေမဖြစ်တော့ပါဘူး။ ပုံမှန်လိမ်းတဲ့အတွက် အသားအရေကြမ်းတာ၊ ခြောက်တာ၊ အသားမည်းသွားတာမျိုးမရှိတော့ဘဲ ကိုယ့်ကိုကိုယ်ယုံကြည်မှုအပြည့်နဲ့ လှလှပပလေးနေနိုင်ပါပြီ။ ရွှေပြည်နန်းမသုံးဘူးသေးတဲ့သူတွေအားလုံးကိုလည်း စေတနာအပြည့်နဲ့တိုက်တွန်းလိုက်ပါတယ်။ သုံးဘူးအောင်သုံးကြည့်ကြပါလို့။

မဆုရည်လွင် (စတုတ္ထနှစ်) သစ်တောတက္ကသိုလ်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မဆုရည်လွင်၏ပေးစာတွင် ဖော်ပြထားသောအကြောင်းအရာ အချက်အလက်များမှာ မှန်ကန်သောဖြစ်ရပ်များဖြစ်ပါကြောင်းနှင့် ကျွန်တော်ကိုယ်တိုင်သိရှိခဲ့သော မျက်မြင်ကိုယ်တွေ့အကြောင်းအရာများဖြစ်ပါကြောင်း ထပ်ဆင့်ထောက်ခံအပ်ပါသည်။

မောင်သန်းဇော် (Final Part -2) ဆေးတက္ကသိုလ်၊ မကွေးတိုင်း။

ဖိတ်ခေါ်အပ်ပါသည်။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး(စာမျက်နှာ အကန့်အသတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊အင်းယားမြိုင်လမ်း၊ရွှေတောင်ကြား(၁)ရပ်ကွက်၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

FDA (Myanmar)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

ပြည်တွင်းရေးရာ

ပုသိမ်မြို့ နိဂြောဓာဗျာဒိတ်ပေးဘုရား လှည့်လည်ပူဇော်ပွဲ

ပုသိမ်မြို့ ဖေဖော်ဝါရီ ၁၈

ပုသိမ်မြို့ သမိုင်းဝင်နိဂြောဓာဗျာဒိတ်ပေးဘုရား လှည့်လည်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။ နိဂြောဓာဗျာဒိတ်ပေးဘုရား လှည့်လည်ပူဇော်ပွဲမှာ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ခန့်က စတင်၍ ကျင်းပလာခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ပုသိမ်မြို့တစ်မြို့တည်းသာ ကျင်းပသော ဗုဒ္ဓဝင်ပွဲတော်ကြီး ဖြစ်ကြောင်း ကျင်းပရေးဥက္ကဋ္ဌ ဦးနေဝင်းက ပြောပြသည်။

ရှေးဦးစွာ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ဥရုဝေလ တောအရပ်၌ အယူဝါဒလွဲမှားစွာ ကျင့်ကြံနေကြသော ဥရုဝေလာကဿပ အမှူးပြုသည့် ရသေ့ညီနောင်တစ်ထောင် ကျွတ်တမ်းဝင်စေသော ရဟန္တာများခြံရံလျက် ရာဇဂြိုဟ်ပြည်သို့ ကြွချီတော်မူခန်း၊ ထို့နောက်မှ ရှမ်းကုန်သည် လှည်းတပ်ငါးရာတို့က မြတ်စွာဘုရားရှင်အား ဖူးတွေ့ရသဖြင့် ကပ္ပိလဝတ်ပြည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံ သတင်းပို့ဆောင်ခန်း၊ ထို့နောက် ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီးသည် မြတ်စွာဘုရားရှင်အား ကပ္ပိလဝတ်ပြည်သို့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးထံ ကြွရောက်ပါရန် ပင့်ဆောင်ခန်းနှင့် သားတော်ရာဟုလာ အမွေတောင်းခန်းတို့ဖြင့် တခမ်းတနား တစ်နေကုန် လှည့်လည်သည့် ဗုဒ္ဓဝင်ပွဲတော်ကြီးဖြစ်သည်။ ပုသိမ်မြို့သူကလေးများက လှည်းယဉ်ကြော့လေးများ ကိုယ်စီဖြင့် လိုက်ပါကြသည်။ ရှမ်းရိုးရာအိုးစည်သံနှင့် ဓားသိုင်းအကများ၊ မြန်မာ့ရိုးရာဒိုးပတ်၊ အကအခုန်မျိုးစုံ အပြိုင်နွဲ၍ လိုက်ပါကြသည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုရားဖူးများသာမက ကမ္ဘာလှည့်ဧည့်သည်များပင် ရင်သပ်ရှုမော ချီးကျူးထောမနာပြုကြသော ဗုဒ္ဓဝင်ပွဲတော်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ပုသိမ်လှကြည်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၉-၂-၂၀၁၃(အင်္ဂါနေ့)

၇း၀၃	တရားတော်	၆း၃၀	Football City Tour
၇း၂၉	မြန်မာ့ရှုခင်း	၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "လူငယ်လေးရဲ့ အစိမ်းရောင်ကမ္ဘာ" (အပိုင်း-၁၂)
၇း၅၃	သာယာသီကြွေး ခေတ်ဆန်းတေး		-ဟာသရုပ်စုံ
၈း၁၀	ဇာတ်လမ်းတို		-ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၄း၃၅	အင်္ဂလိပ်စာသုတ		-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ဆွဲအားပြင်းတဲ့ချစ်ခြင်း" (အပိုင်း-၁၀)
၅း၀၀	သာယာသီကြွေး ခေတ်ဆန်းတေး		-Mini Series
၅း၂၂	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင်ဒုတိယတွဲ (အပိုင်း-၈၀)		
၆း၁၅	သီချင်းဝိုင်း		

အနေးယာဉ်လုပ်သားများ ပိုင်ရှင်ဖြစ်ရေး ငွေထုတ်ချေး

ပဲခူး ဖေဖော်ဝါရီ ၁၈

အနေးယာဉ်လုပ်သားများအား ကျေးလက် ဖွံ့ဖြိုးရေးဘဏ်မှ ငွေထုတ်ချေးသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပဲခူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမိုးကျော်၊ စည်ပင်သာယာဝန်ထမ်းများနှင့် ချေးငွေထုတ်သူ အနေးယာဉ်လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အပါအဝင် လုပ်ငန်း(၈)ရပ်ရှိသည့်အနက် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို ထုတ်ယူပြီး ပိုင်ရှင်များထံမှ နေ့တွက်ဖြင့် ငှားရမ်းလုပ်ကိုင်နေရသည့်ဘဝမှ ကိုယ်ပိုင်ဆိုက်ကားဝယ်ယူ၍ နင်းနိုင်သည့်ဘဝရောက်ရှိအောင် ငွေထုတ်ချေးခြင်းဖြစ်ကြောင်း၊ ယနေ့ထုတ်ချေးလိုက်သည့် ငွေကျပ်တစ်သိန်းဖြင့် ဆိုက်ကားတစ်စီးကို ဝယ်ယူပြီး ပိုင်ရှင်အဖြစ် လုပ်ကိုင်စားသောက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးမှအပ အခြားမည်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်မှ ဆောင်ရွက်ဖူးခြင်း မရှိသေးကြောင်း၊ ယခု ချေးငွေတစ်သိန်းဖြင့် ဝယ်ယူမည့် ဆိုက်ကားတွင် လိုင်စင်မရှိပါက ချက်ချင်းပြုလုပ်ပေးမည် ဖြစ်သကဲ့သို့ လိုင်စင်ရှိဆိုက်ကားဖြစ်ပါက အမည်ပြောင်းကို အဆင်ပြေအောင် လုပ်ကိုင်ပေးမည်ဖြစ်ကြောင်း၊ အခက်အခဲ တစ်စုံတစ်ရာရှိပါက မိမိရုံးခန်းသို့ အချိန်မရွေး လာရောက်တွေ့ဆုံ အကူအညီတောင်းကြပါရန် ပြောကြားသည်။

ထို့နောက် အနေးယာဉ်လုပ်သား ၃၆ ဦးအတွက် ငွေကျပ် ၃၆ သိန်းကို တာဝန်ရှိသူများက ချေးငွေများ ပေးအပ်ကြရာ အနေးယာဉ်လုပ်သား ဦးစိုးတင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်မှ အနေးယာဉ်လုပ်သားများအား အနေးယာဉ်ပိုင်ရှင် ဖြစ်စေရေးအတွက် ငွေကျပ် သိန်း ၆၇၀ ကို ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။

(စိန်လှိုင်ဗိုလ်)

မီးဘေးတားဆီးရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၈

ပူပြင်းခြောက်သွေ့သည့်ရာသီသို့ မကြာမီအချိန်တွင် ရောက်ရှိလာတော့မည်ဖြစ်ရာ ရပ်ကွက်အသီးသီးတွင် မီးဘေးတားဆီးရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းမြို့ မြို့သစ်ရပ်ကွက်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် ရပ်မိရပ်ဖများ၊ နယ်မြေမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ ရပ်ကွက်အတွင်းရှိ နေအိမ်များ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများ ထားရှိရန် မှာကြားပြီး မီးသတ်ကန် ကိုးကန်တို့ကို သန့်ရှင်းရေးများဆောင်ရွက်ကာ ရေအပြည့်ထည့်ထားကြောင်း**(အပေါ်ဝဲပုံ)**၊ နေ့ည မီးကင်းစောင့်ရန်နှင့် လုံခြုံရေးအတွက် မီးဘေးစီမံချက်များ ရေးဆွဲလျက်ရှိကြောင်း သိရသည်။

(၅၃၁)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန။



အသိပေးကြေညာခြင်း

၂၀-၂-၂၀၁၃ရက်တွင် ကျရောက်မည့် (၆၅)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို မြန်မာကွန်ဗန်းရှင်းဗဟိုဌာန(MICC)နေပြည်တော်၌ ပြောင်းလဲကျင်းပမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

ကျင်းပမည့်ရက်	-	၂၀-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန်	-	ညနေ(၆)နာရီမှ ည (၁၀)နာရီအထိ
ကျင်းပမည့်နေရာ	-	(MICC)နေပြည်တော် (Banquet Hall)
ဖျော်ဖြေရေးအစီအစဉ်	-	ချင်းရိုးရာအကများ၊ Straight Line တေးဂီတ
ဧည့်ခံရေးအစီအစဉ်	-	ချင်းရိုးရာအစားအစာ
ဆက်သွယ်ရန်ဖုန်း	-	၀၉-၄၉၃၁၉၉၀၄၊ ၀၉-၄၄၈၅၃၅၀၉၀၊ ၀၉-၄၄၈၅၄၈၇၈၅၊ ၀၉-၄၉၂၈၉၆၅၂၊ ၀၉-၄၉၂၂၀၁၈၄

ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီ



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဖြိုးမြင့်(PHYO MYINT) [၁၄/ဘကလ(နိုင်)၀၂၅၀၉၉]၏ Passport ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၀၉-၈၅၉၅၇၆၇

အနုပညာ

ဟောလိဝုဒ်အနုပညာရှင်ဘဝသာမက စပျစ်ဝိုင်လုပ်ငန်းရှင်များအဖြစ် တွေ့မြင်ရတော့မည့် ဘရက်ဒ်ပစ်နှင့် ဂျိုလီတို့စုံတွဲ

ဟောလိဝုဒ်၏ ငွေကြယ်ပွင့်စုံတွဲ ဘရက်ဒ်ပစ်နှင့် အိန်ဂျလီနာဂျိုလီတို့ စုံတွဲသည် အနုပညာလောကတွင် အောင်မြင်လျက်ရှိရုံမျှမက စီးပွားရေးလောကသို့ပါ နယ်ပယ်သစ်ချဲ့ထွင်ရန် ပြင်ဆင်လျက်ရှိသည်။

၎င်းစုံတွဲက ပြင်သစ်နိုင်ငံမှ စပျစ်ဝိုင်ကုန်သည် မာ့ခ်ပါရင်နှင့် အကျိုးတူပူးပေါင်းကာ ၂၀၀၈ ခုနှစ်ကတည်းက ၎င်းတို့မိသားစုနေထိုင်သည့် ခြံဝင်းအတွင်းမှာပင် စပျစ်ဝိုင်ထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ဘရက်ဒ်ပစ်နှင့် ဂျိုလီတို့စုံတွဲသည် ယခင်က နှင်းဆီဝိုင်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ဖူးသူများဖြစ်ပြီး ယခုတစ်ဖန် စပျစ်ဝိုင်ထုတ်လုပ်သည့်လုပ်ငန်းကို ယခုနှစ်ကုန်ပိုင်းတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ စပျစ်ဝိုင်၏ ကုန်အမှတ်တံဆိပ်နာမည်ကိုမူ ယခုလောလောဆယ်တွင် "ဂျိုလီ- ဘရက်ဒ်ပစ်နှင့် ပါရင်" ဟု အမည်ပေးထားကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် စပျစ်ပင်ခြံ ၁၄၈ ဧကကို မကြာသေးမီကမှ ဝယ်ယူထားရှိပြီးဖြစ်ကြောင်း၊ ၎င်းတို့စုံတွဲသည် ယခုအခါ စပျစ်ဝိုင်ကောင်းကောင်းဖြစ်လာစေရန် ပြုလုပ်ပုံအဆင့်ဆင့်များ၊ စတီးကန်များ အစရှိသော လေ့လာစရာများကို လေ့လာနေဆဲဖြစ်ကြောင်း သိရသည်။

"ဒီနယ်တစ်ဝိုက်မှာ ထွက်ရှိတဲ့ ဝိုင်တွေထက် တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် ကြိုးစားထုတ်လုပ်သွားမှာပါ"ဟု ဘရက်ဒ်ပစ်နှင့် ဂျိုလီတို့နှင့်အတူ ပူးပေါင်းလုပ်ကိုင်မည့် ပြင်သစ်စပျစ်ဝိုင်ကုန်သည် ပါရင်က ဝိုင်ဝက်ဘ်ဆိုက်တစ်ခုတွင် ရေးသားဖော်ပြသွားခဲ့သည်။

ဖြိုးစန္ဒာမြင့် ရေးသားသည်

ဘာလင်ရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးဆု Child's Pose ဇာတ်ကား ဆွတ်ခူး

(၆၃) ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ ဆုပေးပွဲအခမ်းအနားတွင် ရိုမေးနီးယန်းဒါရိုက်တာ ကလင်းပီတာနက်ဇာ ရိုက်ကူးထားသော သားသမီးအပေါ် ထားရှိသည့် မိဘတို့၏ မေတ္တာတရားကို ဖော်ကျူးထားသော Child's Pose ဒရာမာဇာတ်ကားက ယင်းရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးဆု Golden Bear ဆုကို ရရှိခဲ့သည်။

ယင်းဇာတ်ကားသည် သားဖြစ်သူက ယာဉ်မတော်တဆမှုတစ်ခုကို ကျူးလွန်ခဲ့ပြီး ယာဉ်အတိုက်ခံရသည့် ကလေးငယ်က ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ ထိုအခါ မိခင်ဖြစ်သူက သားဇောဖြင့် သားငယ်က တရားဥပဒေ၏ အပြစ်ပေးမှုမခံရစေရေးအတွက် အမျိုးမျိုးကြိုးပမ်းပုံ၊ မျက်မြင်သက်သေများကိုလည်း လာဘ်ထိုးပြီး နှုတ်ပိတ်ရန် ကြိုးစားခဲ့ပုံများစသည့် မိခင်တစ်ယောက်၏ သားအပေါ်ထားသော စေတနာ၊ မေတ္တာများကို ဖော်ကျူးထားသော ဒရာမာဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သားတစ်ယောက်အပေါ် ကရုဏာစိတ်ကြီးမားလွန်းသူ မိခင်ဖြစ်သူအဖြစ် သရုပ်ဆောင် Luminita Gheorghiu ကလည်းကောင်း၊ သားဖြစ်သူအဖြစ် သရုပ်ဆောင် Vlad lvanov တို့က ပါဝင်သရုပ်ဆောင်ထားကြသည်။

Child's Pose ဇာတ်ကားမှ ဒါရိုက်တာ ကလင်းပီတာနက်ဇာနှင့် ထုတ်လုပ်သူ အဒါဆိုလိုမွန်တို့အား ဆုယူအပြီး တွေ့ရစဉ်။

(၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ

ဂျာမနီနိုင်ငံ၏ အနုပညာဆိုင်ရာပွဲတော်များအနက် အကြီးဆုံးသောရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် (၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဖေဖော်ဝါရီ ၇ ရက်မှ စတင်ကျင်းပခဲ့ပြီး ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါဆုပေးပွဲအခမ်းအနားတွင် ယင်းဆုပေးပွဲ၏ အမြင့်ဆုံးဆုတစ်ခုဖြစ်သော Golden Bear (ခေါ်) အကောင်းဆုံးရုပ်ရှင်ဆုကို ရိုမေးနီးယားနိုင်ငံမှ ဒါရိုက်တာ ကလင်းပီတာနက်ဇာ ရိုက်ကူးထားသည့် Child's Pose ဇာတ်ကားက ရရှိခဲ့သည်။

ထို့ပြင် ဒုတိယအမြင့်ဆုံးဆုတစ်ခုဖြစ်သော Jury Grand Prix (Silver Bear)ဆုကို ဘော့စနီးယားမှ ဒါရိုက်တာ ဒန်းနစ်တန်နိုဗစ်၏ An Episode in the life of an Iron Picker ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံး ဒါရိုက်တာဆုကို အမေရိကန်ဒါရိုက်တာ ဒေးဗစ်ဂျော်ဒန်ဂရင်းန်က Prince Avalanche ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို သရုပ်ဆောင် ပေါလ်လီနာဂါစီယာက Gloria ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို မင်းသား နာဇစ်ဖ်မူဂျစ်က An Episode in the life of an Iron Picker ဇာတ်ကားဖြင့်လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုကို ဇာတ်ညွှန်းရေးဆရာ ဂျဖာပန်နဟီနှင့် ကန်ဗိုဇီရာဝါတိုဗီတို့က Closed Curtain ဇာတ်ကားဖြင့်လည်းကောင်း၊ အဆိုပါရုပ်ရှင်ပွဲတော်၏ အထူးဆု အမျိုးအစားတစ်ခုဖြစ်သည့် Alfred Bauer Prize ကို ကနေဒါမှ ဒါရိုက်တာဒန်းနစ်ကုတ် ရိုက်ကူးတင်ဆက်ထားသော Vic + Flo Saw a Bear ဇာတ်ကားက လည်းကောင်း အသီးသီးဆုများဆွတ်ခူးရရှိခဲ့ကြသည်။

ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုရ သရုပ်ဆောင် ပေါလ်လီနာ ဂါစီယာ။

(၆၃)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်းစုံမှ ရုပ်ရှင်ကားပေါင်း ၁၉ ကားပါဝင်ယှဉ်ပြိုင်ပြသခဲ့ကြကြောင်း သိရသည်။

နာလန္ဒာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
နောက်ဆုံးရပြည်တွင်းပြည်ပသတင်းစုံလင်စွာဖြင့် အင်္ဂါနေ့တိုင်းထွက်ပြီ

01-293159
01-9000293
09-5160048

50% Discount Hotel Package
Air-Con, hot & cold water, Toilet
75000 Feb-22/28
Feb-14/28 75000
90000 Feb-22/28
90000 Feb-22/28
Ph: 09-73211079, 09-49250637, 09-420073607

အားကစား

ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၇၀ အာဆင်နယ် သုံးစွဲမည်

ဗစ်တာဗယ်ဒက်စ်အား တစ်ပတ်လုပ်ခ ပေါင် ၁၂၀၀၀၀ အနည်းဆုံးပေးခေါ်ရန် ဝင်းဂါး ရည်ရွယ်

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သော အက်ဖ်အေဖလားပြိုင်ပွဲတွင် အာဆင်နယ်အသင်းက ဘလက်ဘန်းအသင်းကို ရှုံးနိမ့်ကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရပြီးနောက် ကစားသမားသစ်များ ထပ်မံဖြည့်ဆည်းမည်ဟုဆိုကာ လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုအတွက် ပေါင်သန်း ၇၀ သုံးစွဲသွားမည်ဟုဆိုသည်။

ဖလားလက်မဲ့ဖြစ်နေရသည့် ကြမ္မာဆိုးကို တိုက်ဖျက်ရန် လာမည့်နွေရာသီဈေးကွက်တွင် ကမ္ဘာ့အဆင့်ရှိ တိုက်စစ်မှူးတစ်ဦးအပါအဝင် ကစားသမားသစ်သုံးဦးသို့မဟုတ် လေးဦးအထိ ခေါ်ယူသွားမည်ဖြစ်ကြောင်းနှင့် အသင်းအတွက် လက်စွမ်းပြဂိုးသမားအဖြစ် ဘာစီလိုနာဂိုးသမား ဗစ်တာဗယ်ဒက်စ်အား ခေါ်ယူရန် ဘာစီလိုနာအသင်းနှင့် သဘောတူညီမှုရရှိထားပြီး ၎င်း၏ လက်ရှိလုပ်ခလစာဖြစ်သည့် တစ်ပတ်ပေါင် ၁၂၀၀၀၀ အနည်းဆုံးပေး၍ ခေါ်ယူရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။

ဘာစီလိုနာဂိုးသမား ဗစ်တာဗယ်ဒက်စ်အနေဖြင့်လည်း အင်္ဂလန်သို့ လာရောက်ကစားရန် ဆန္ဒပြင်းပြနေပြီး ဘာစီလိုနာအသင်းကလည်း နွေရာသီအပြောင်းအရွှေ့ကာလတွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂိုးသမား ဗယ်ဒက်စ်အား အသင်းမှ ထွက်ခွာခွင့်ပြုမည်ဟု ဆိုသည်။

ထို့ကြောင့် ပြီးခဲ့သည့်နှစ်က လီဗာပူးဂိုးသမား ပီပီရေးနားကို ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့သည့် အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဘာစီလိုနာဂိုးသမား ဗယ်ဒက်စ်ကို ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

နိုင်လင်းကြည်

၂၆ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဝီဂန် အက်ဖ်အေဖလားကွာတားတက်

ပရီမီယာလိဂ်ကလပ်မှ ဝီဂန်အသင်းနှင့် ချန်ပီယံရှစ်မှ ဟက်ဒါဖီးလ်အသင်းတို့ အက်ဖ်အေဖလားပြိုင်ပွဲအဖြစ် ဟက်ဒါဖီးလ်အသင်း၏ ပရိသတ် ၁၂၁၁၇ ဦးဆံ့ ဂယ်လ်ဖမ်းကွင်း၌ ဖေဖော်ဝါရီ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်အဖြစ်လာရောက်ကစားရသော ဝီဂန်အသင်းက အိမ်ရှင်ဟက်ဒါဖီးလ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝီဂန်အသင်းသည် ယင်းပွဲစဉ်အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ ၂၆ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်တက်ရောက်လာနိုင်ခဲ့ပြီဖြစ်သည်။ ဟက်ဒါဖီးလ်အသင်းနှင့် ဝီဂန်အသင်းတို့၏ ပွဲစဉ်တွင် ဝီဂန်အသင်းသည် ချာနာ၊ ကိုနီ၊ မက်မာနာမန်၊ မက်အာသာ၊ အက်စ်ပီနိုဇာ စသည့် ကစားသမားများ၏ တွဲဖက်ညီသော ကစားကွက်ဖြင့် အိမ်ရှင်အသင်းဘက်ကို ထိုးဖောက်တိုက်စစ် ဆင်မှုများပြုလုပ်ကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ရေး ရုန်းကန်ခဲ့ကြခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဝီဂန်အသင်းအတွက်သွင်းဂိုးများကို ပွဲကစားချိန် ၃၁ မိနစ်တွင် မက်မာနာမန်ကလည်းကောင်း၊ မိနစ် ၄၀ နှင့် ၈၉ မိနစ်တွင် ကိုနီကလည်းကောင်း၊ ၅၆ မိနစ်တွင် မက်အာသာကလည်းကောင်း သွင်းယူပေးခဲ့ကြပြီး ဟက်ဒါဖီးလ်အတွက် ချေပဂိုးတစ်ဂိုးကိုမူ ပွဲကစားချိန် ၄၆ မိနစ်တွင် အက်ကင်ဆန်၏နေရာတွင် လူစားဝင်လာသော တိုက်စစ်မှူး နိုဗက်ခ်က ပွဲကစားချိန် ၆၂ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ဟတ်ဒါဖီးလ်အသင်းသည် ကလေတန်၊ အာဖီးလ်၊ ဒန်း၊ အက်ကင်ဆန်၊ နိုဗက်ခ်၊ စကန်နယ်လ်၊ နော်ဝုဒ်၊ ဗော်ဂန် စသည့်ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သော်လည်း အိမ်ကွင်းတွင် ရှုံးပွဲကြုံခဲ့ရကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းဖြစ်သည်။

ရောဘတ်တို မာတီနက်ဇ် ကိုင်တွယ်လျက်ရှိသော ဝီဂန်အသင်းမှာမူ ယင်းပွဲစဉ်အနိုင်ရရှိခဲ့ပြီးနောက် အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်တွင် အိုးလ်ဟမ်းအသင်း သို့မဟုတ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လီဗာပူးတိုက်စစ်မှူး ဖာဘီယိုဘိုရီနီ ပခုံးအဆစ်လွဲဒဏ်ရာကြောင့် ရာသီကုန်ထိနားရဖွယ်ရှိ

လီဗာပူးအသင်းနှင့် ဆွမ်ဆီးအသင်းတို့ အန်ဖီးလ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် လီဗာပူးတိုက်စစ်မှူး ဖာဘီယိုဘိုရီနီသည် ပခုံးအဆစ်လွဲဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိနေကြောင်း လီဗာပူးအသင်းမန်နေဂျာ ဘရန်ဒန်ရော့ဂျာက ပြောကြားခဲ့သည်။

အဆိုပါ အီတလီတိုက်စစ်မှူး ဘိုရီနီသည် လီဗာပူးအသင်းက ဆွမ်ဆီးအသင်းကို ငါးဂိုးပြတ်ဖြင့် ဧည့်သည်အသင်းကို ထိန်းချုပ်ကစားနေစဉ် လူစားဝင်လာပြီးနောက် ခြောက်မိနစ်အကြာမှာပင် ပခုံးအဆစ်လွဲဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဘိုရီနီသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ခေါ်ယူထားခဲ့သူဖြစ်ပြီး ယခင်ကလည်း နိုင်ငံတကာပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့ခြင်းကြောင့် ခြေထောက်အရိုးကျိုး၍ သုံးလကြာအနားယူခဲ့ရသူဖြစ်သည်။

လီဗာပူးနှင့် ဆွမ်ဆီးအသင်းတို့ပွဲစဉ်တွင် လီဗာပူးအသင်းက ငါးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့၍ လီဗာပူးအတွက် ကောင်းမွန်သောရလဒ်ဖြစ်ခဲ့သော်လည်း ပခုံးအဆစ်ဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူးဘိုရီနီအတွက်မူ အပြုံးသဘော မဆောင်သော နာကျင်ဖွယ်အမှတ်တရတစ်ခုဖြစ်ခဲ့ရသည်။

ဥရောပ Apr 08
ဂျပန် Apr 13
စင်ကာပူ - မလေးရှား Mar 02, 31, Apr 11, 12
အမေရိကား Apr 08, 10
ဟောင်ကောင် March 07,Apr 12
ကိုရီးယား Apr 10, 12
တရုတ် Apr 13
ဘန်ကောက် Mar 02, Apr 12, 13
ဒူဘိုင်း Apr 13
အိန္ဒိယ Apr 10
ဘာလီ Apr 13
NM New Motion
Escape From Everyday Life
NEW MOTION
Travels & Tours
ရန်ကုန် - အမှတ် ၁၉၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ဖုန်း - 508124, 527254, 523253, 09 73148933~66
မန္တလေး - Hotel Mandalay၊ ဖုန်း - 09 5034185, 09 91021122, 09 43147879

ရွှေထိပ်တန်း
ချောင်းသာ ငွေဆောင်
01-701015, 09-5403844
01-710436, 09-5044830

ကြယ်လင်းလက် Travel
• ကျိုက်ထီးရိုး
• ချောင်းသာ
Tel : 09-421066617
09-428127470

ရွှေကျော်တော်
Feb 16,22
Mar 1,8,15,22,23,24,29
Mar 11,15,22,23,24
392704, 09 50 66657





ဂန္ဓဝင်ရွှေပုဂံ Travels & Tours
Exploring to the edge of the globe.

ဗန်ကောက် (၅.၅ သိန်း) / ဖူးခက်	၈.၅ သိန်း	ဒူဘိုင်း (၁၉ သိန်း) / ရုရှား (မော်စကို)	၃၅ သိန်း
ဗန်ကောက် + စင်ကာပူ + မလေးရှား	၁၂ သိန်း	ကိုရီးယား (ဆိုးလ်း + ဘူဆန် + ဂျေဂျူး)	၁၇ သိန်း
စင်ကာပူ + မလေးရှား (၇ ညအိပ် – ၈ ရက်)	၁၀.၅ သိန်း	ဂျပန် (တိုကျို + အိုဆာကာ + နာဂိုယာ)	၂၅ သိန်း
ပီနန် + လန်ကာဝီ + Genting Highlands + KUL	၁၀.၅ သိန်း	သြစတြေးလျ (ဆစ်ဒနီ၊မဲလ်ဘုန်း၊ဂိုးလ်ကို့စ်၊ဘရစ်စဘိန်း)	၃၅ သိန်း
ဘာလီ (၁၀ သိန်း) / ဆက်၍ စင်ကာပူ + မလေးရှား	၁၅ သိန်း	ဥရောပ (၇) နိုင်ငံ (ပြင်သစ်၊ အီတလီ၊ ဆွစ်ဇာလန် ....)	၃၉ သိန်း
ကမ္ဘောဒီးယား (၅.၈ သိန်း) / ဆက်၍ ဗီယက်နမ်	၁၀.၅ သိန်း	နော်ဝေး၊ ဆွီဒင်၊ ဖင်လန်၊ ဒိန်းမတ် (Cruise)	၄၀ သိန်း
သီရိလင်္ကာ (၁၁ သိန်း) / တိဗက်	၁၄ သိန်း	အင်္ဂလန်၊ စကော့တလန် (ဝေလ်စ်)	၄၀ သိန်း
ဟောင်ကောင် + ကွမ်ကျိုး + မကာအို	၁၃ သိန်း	အမေရိကန် (LA + ဆန်ဖရန်စစ္စကို + လာ့စ်ဗေးဂတ်စ် +	
ပီကင်း + ရှန်ဟိုင်း (၁၃.၅ သိန်း) / ဆက်၍ စီအမ် (တယောကိုတာရုပ်တု)	၁၆ သိန်း	နယူးယောက် + ဝါရှင်တန် + နိုင်ဂရာ Fall + ဟာဝိုင်ရီ)	၆၀ သိန်း
အိန္ဒိယဘုရားဖူး (၇ညအိပ်–၈ရက်) ၇.၅ သိန်း / ဟိုတယ် တည်း–စား	၁၂ သိန်း	တောင်အာဖရိက (ကိမ်တောင်း၊ဂျိုဟန်နက်စဘတ်)	၄၃ သိန်း

သကြံန်တွင်း အမေရိကန်၊ အင်္ဂလန် နိုင်ငံများမှာ ဗီဇာပြင်ဆင်ချိန်လိုအပ်ပါသဖြင့် ယခုပင်စာရင်းပေးသွင်းပါရန်
ကမ္ဘာအနှံ့ ခရီးစဉ်များနှင့်ပက်သက်၍ ဗီဗီသီလိုသမျှကို အချိန်မရွေးပေးမြန်းနိုင်ပါသည်။
No.67, Baho Rd, Sanchaung. Ph: 519292, 519293, 519360, 500191.
E/1, 35 Rd, Bet 72&73 St, Mandalay. Ph: 02-73062. Hot Line: 09-73003772
Email:outboundgandawun@gmail.com, web: myanmartravel.org

မရတနာမိုး(ခ)ဆဖီယာဘီ[၁၂/မဂတ(နိုင်)၀၉၄၃၅၉]ကိုင်ဆောင်သူနှင့် ပတ်သက်သူ အများသိစေရန်

ကျွန်တော် မောင်ဇော်ပိုင်[၁၂/ကတတ(နိုင်)၀၃၃၁၈၉]ကိုင်ဆောင်သူ၏ တရားဝင်ဇနီး မရတနာမိုးသည် ကျွန်တော်၏ခွင့်ပြုချက်မရရှိဘဲ နေအိမ်မှဆင်းသွား ပါသည်။ ကျွန်တော်၏ခွင့်ပြုချက်မရရှိ ဘဲ နိုင်ငံခြားသို့ထွက်ရန် စီစဉ်နေပါသည်ဟု ကြားသိရပါသဖြင့် တားမြစ်အပ်ပါသည်။ မလိုက်နာပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မောင်ဇော်ပိုင်
[၁၂/ကတတ(နိုင်)၀၃၃၁၈၉]

ရိုးမတောင်ပေါ်လမ်းတွင် ဝါးကားတိမ်းမှောက်၍ သုံးဦးသေဆုံး

ဖြူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာယာဒေသ ကွမ်းကြိုးပြင်သစ်တော ကွင်းအမှတ် (၁၁) တောင်ကလပ်ဘုရားအနီးတွင် ဖေဖော်ဝါရီ ၁၁ ရက် ည ၁၀ နာရီခွဲခန့်က ဝါးတင်ကားတစ်စီး လမ်းဘေးထိုးကျကာတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် ပါလာသူ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးမဲလေး မောင်းနှင်လာသော ယာဉ်အမှတ် ၄/--- ဟီးနိုး အစိမ်းရောင် ခြောက်ဘီးယာဉ်သည် ပဲခူးရိုးမတောင်ပေါ်မှ ဝါးများတင်ဆောင်၍ ဖြူးမြို့ဘက်သို့ အဆင်းလမ်းအတိုင်း မောင်းနှင်လာစဉ် တောင်ကလပ်စေတီအနီးအရောက်တွင် လမ်း၏ဝဲဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ကိုမင်း(၃၁)နှစ်၊ ကိုချစ်လွင်(၃၆)နှစ်၊ ကိုချစ်သိန်း(၄၂)နှစ်တို့ သုံးဦးမှာ ဝါးများပိ၍ နေရာတွင်ပင် သေဆုံးခဲ့သည်။

၎င်းတို့နှင့်လိုက်ပါလာသည့် သုံးဦးမှာလည်း ဒဏ်ရာများ အသီးသီးရရှိ၍ ဖြူးမြို့နယ်ပြည်သူ့ဆေးရုံသို့ တင်ပို့ပေးခဲ့ရကြောင်း သိရသည်။

(၅၇၈)

ဆယ်ဘီးယာဉ်နှင့် ဆိုင်ကယ်တိုက်၊ သုံးဦးသေဆုံး

ဖြူး ဖေဖော်ဝါရီ ၁၈

ဖြူးမြို့နယ် သပြေလှရွာအနီး ရန်ကုန်-မန္တလေး ပုံမှန်ကားလမ်း မိုင်တိုင်အမှတ်(၁၃၉/၅)နှင့်(၁၃၉/၆) အကြား ဖေဖော်ဝါရီ ၁၀ ရက် ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် တောင်ငူ ၄ မိုင်မှ ကျောက်များတင်ဆောင်၍ ကျိုးမနိုဟိုက်စတား ကုမ္ပဏီသို့ ယာဉ်မောင်း တင်မောင်ထွေး(၄၅)နှစ် ဖြူးမြို့နယ်နေသူ မောင်းနှင်လာသော ၅ခ/--- နစ်ဆန်းဒီဇယ် အစိမ်းရောင် ဆယ်ဘီးယာဉ်သည် ညောင်ပင်သာမှ ဖြူးသို့ ဖြူးရဲစခန်းမှ ရဲတပ်သားစည်သူ မောင်းနှင်၍ နောက်မှ ဖြူးရဲစခန်းဝင်းနေ လင်းဇော်ထက်(၁၉)နှစ်နှင့် ညောင်ပင်သာရဲစခန်းဝင်းအနီးနေသူ မအေးသီတာမြင့် (၁၉)နှစ်တို့ လိုက်ပါလာသော တရုတ်နိုင်ငံလုပ် ကန်ဘို ၁၁၀ အနက်ရောင် (လိုင်စင်မဲ့) ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး စည်သူ၊ လင်းဇော်ထက်၊ မအေးသီတာမြင့်တို့အား ကား၏ ဝဲဘက်ရှေ့ဘီးနှင့် ကြိတ်မိရာ သုံးဦး သေဆုံးသွားခဲ့သဖြင့် တင်မောင်ထွေးအား ဖြူးရဲစခန်းမှ (ပ)၃၄/၂၀၁၃၊ ပုဒ်မ ၃၀၄(က) အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ငွေးနိုင်(ပဲခူး)**

စိတ်ကြွဆေးများ ရောင်းချသူအားအရေးယူ

အုတ်တွင်း ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအတွင်း လူငယ်အများအပြား အကျင့်စာရိတ္တပျက်ပြားစေသည့် စိတ်ကြွဆေးပြားများ ရောင်းချမှုများကို တာဝန်ရှိသူများက အရေးယူဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဝင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာမျိုးဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါသော အဖွဲ့သည် အုတ်တွင်းမြို့ ပဲခူးလမ်းရပ်ကွက်နေ ကိုစိုးလွင်(ခ) ဦးစံဟီအာရီ (၃၅)နှစ်၏ ဆေးဆိုင်အား ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ ပီကေ သုံးခု၊ အချိုရည်ဘူး ၁၀ ဘူးနှင့် အမျိုးအမည်မသိ အမှုန့်နှစ်ဘူးတို့အား ရှာဖွေတွေ့ရှိခဲ့၍ အုတ်တွင်းရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

မရမ်းကုန်း ရှစ်မိုင်မီးပွိုင့်အနီး ယာဉ်တိမ်းမှောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်မီးပွိုင့်၌ ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ ဦးစိုးကိုဦး(၂၄) နှစ် မောင်းနှင်လာသော Town Ace အဖြူရောင်ယာဉ်အမှတ် ၁ဇ/--- ယာဉ်သည် ကွေ့ကြောဖြတ်ရန်စောင့်နေစဉ် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် မရမ်းကုန်းမြို့နယ် လျှပ်စစ်ဝန်ထမ်းယာဉ်မောင်း ဦးစောတလင်း ယာဉ်အမှတ် ၈ဂ/--- လိုက်ထရပ် အဖြူရောင်ယာဉ်တို့သည် တစ်စီးနှင့်တစ်စီး ရှောင်တိမ်းရာမှ ဦးစောတလင်းမောင်းလာသည့် ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ မီးပွိုင့်အနီးတွင် တိမ်းမှောက်သွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါယာဉ် တိမ်းမှောက်မှုကြောင့် လျှပ်စစ်ယာဉ်မောင်း ဦးစောတလင်း၏ ဦးခေါင်း၊ လက်၊ ခြေတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သဖြင့် မြောက်ဥက္ကလာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇော်ကြီး (ပဏီတ)

စိတ်ကြွဆေးပြား သိမ်းဆည်းရမိ

မော်လမြိုင် ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ ရဲအုပ်မောင်မောင်ကျော်နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက် ကမ်းနားလမ်း ဟိုတယ်အနီး ပလက်ဖောင်းပေါ်၌ ထိုင်နေသော မျိုးသူရနောင် (ခ) နောင်နောင် (၃၁)နှစ်အား မသင်္ကာသဖြင့် ရှာဖွေစစ်ဆေးရာ WY စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀ (အလေးချိန် ၁၇ ဂရမ်)၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ နှစ်သောင်းနှစ်ထောင့်သုံးရာကျပ်အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(၆၉၄)

တရားမဝင် ကျွန်းသစ်ခွဲသားများ ဖမ်းမိ

လှည်းကူး ဖေဖော်ဝါရီ ၁၈

ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီတွင် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဖြိုးဇင်မော်နိုင်နှင့်အတူ လှည်းကူးမြို့နယ် မြို့မ ပျိုးဥယျာဉ်ဌာနနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၂ မိုင် ခြောက်ဖာလုံအနီး လမ်းဘေးတွင်ရပ်ထားသော နစ်ဆန်းယူဒီ အဖြူ/စိမ်းနု ၁၀ ဘီးယာဉ်အား ရှေ့နောက်ယာဉ်နံပါတ်ပြားများ ဖြုတ်ထားသည်ကို မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးခဲ့သည်။

အဆိုပါယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ်ခွဲသား ဆိုဒ်စုံအချောင်း ၁၂၀(၇ ဒသမ ၇၇၇၂ တန်) စုစုပေါင်းတန်ဖိုးငွေကျပ် ၇၇၇၇၂၀ ခန့်အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် တရားမဝင် ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာသူအပေါ် စုံစမ်းအရေးယူပေးရန် ဦးဖြိုးဇင်မော်နိုင်က တရားလိုပြုလုပ်တိုင်တန်းမှုအား ဝါးဆူတောင်ရဲစခန်းက (ပ)၁၀/၁၃၊ ပုဒ်မ ပပက ၆(၁)ဖြင့် ဖေဖော်ဝါရီ ၁၃ ရက်တွင် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ်ကျော်မြင့်နိုင်က တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၃၁)

Asia Top ဘုရားဖူးလှည့်ခရီးစဉ်များ 09 4316418, 09 8635520
မန်းရွှေစက်တော် ခုနစ်ထပ်ကြီးဘုရားစုံ 35000
(HOTEL) 60000
50000
70000
Package 30000

Asian Diary Travels & Tours
* မလေး မန်းရွှေစက်တော် 45000 , Mar 1/22/25
* မလေး မန်းရွှေစက်တော် 125000, Mar 23
Asian Diary
Ph : 0973069568 , 095120546, 092201196, 01-394711

ပုလဲရတုမင်္ဂလာဆုမွန်လွှာ
ဦးတင်နွယ်-ဒေါ်ချို(ရှော)၊ ဘိုကလေးမြို့တို့၏ ၁၇-၂-၂၀၁၃ရက်-တွင် ကျရောက်ခဲ့သော နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာရက်မြတ်မှသည် မင်္ဂလာနှစ်တစ်ရာ တိုင် အမျိုး၊ ဘာသာအကျိုး သည်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း လျက်---
ဗိုလ်မှူးရန်အောင်(ငြိမ်း)-ဒေါ်တာပပ
'GRAND DIAMOND' မိသားစု

POST ဝင်ခွင့်သင်တန်းများ ထွေအုပ်စိမ်(၁)
စမေးပွဲအနီးကပ် ၆ ရက်တက် ၂၂.၂.၂၀၁၃မှစမည်။

ပြည်ကျော်ဆေး
နှလုံးအားတိုးဆေး

ချမ်းမြိုင်သာ
မန်းရွှေစက်တော်(မှန်မှု) 35000 14-2-13
ပုဂံ-ပုပ္ပါး-မစ္စ 60000
60000
0973198239, 0943033237, 0973163538

ရက် (၁၀၀) ပြည့်မွေးနေ့ဆုတောင်း

ဖေဖေဦးထူးဇော်လွင်-မေမေဒေါ်နန်းသီရိလွင်တို့၏ သမီးငယ်လေး မနန်းမြတ်အိန္ဒြေ၏ ရက်(၁၀၀)ပြည့်မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းရာကျော်တိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး မိသားစုများနှင့်အတူ အမျိုးဘာသာသာသနာအကျိုး သယ်ပိုးနိုင်သော သမီးကောင်းရတနာလေးဖြစ်ပါစေ။

နှစ်ဖက်သောဘိုးဘိုးကြီး၊ ဘွားဘွားကြီး
ဘိုးဘိုး-ဦးအေးလွင်၊ ဘွားဘွား-ဒေါ်နန်းခမ်းဦး
မိသားစုများ
ရန်ကုန်မြို့
ဘိုးဘိုး-ဦးဝင်းခိုင်၊ ဘွားဘွား-ဒေါ်နှင်းနှင်း
မိသားစုများ
ပြည်မြို့

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုး

မန္တလေး ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အမေရိကန်ပြည်ထောင်စု ACO (Investment Group)တို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးသည်။

အစီအစဉ်အရ ACO (Investment Group) မှ CEO Mr.Hari Achuthan က မန္တလေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း အကောင်အထည်ဖော်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဒေါက်တာမြင့်ကြူနှင့် ACO (Investment Group)USA မှ CEO Mr.Hari Achuthan တို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း အကျိုးတူပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြသည်။

နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် ပထမအဆင့် ၂၅၀ မဂ္ဂါဝပ်အပါအဝင် စုစုပေါင်း ၁၀၀၀ မဂ္ဂါဝပ်ကို နေရာလေးနေရာ၌ တည်ဆောက်သွားမည်ဖြစ်ပြီး ထွက်ရှိလာသော ဓာတ်အားများအား မဟာဓာတ်အားလိုင်းလျှပ်စစ်ကွန်ရက်နှင့် ဆက်သွယ်အသုံးပြုသွားမည်ဖြစ်သည်။ နေရောင်ခြည်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်ပြီး တစ်နှစ်နှင့်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ (မန္တလေး)**

အိန္ဒိယ-မြန်မာ တိုင်းရင်းဆေးပညာရပ် နှီးနှောဖလှယ်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၈

တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး ကျင်းပသော ပထမအကြိမ် အိန္ဒိယ-မြန်မာတိုင်းရင်းဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်တွင် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်၌ ကျင်းပသည်။ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ မန္တလေးတိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စိတ်ဝင်စားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ အိန္ဒိယ-မြန်မာတိုင်းရင်းဆေးပညာရပ်များအကြောင်းကို ဗီဒီယိုဖြင့် ပြသရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်တော်များသည် မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်ရှိ ပရဆေးဥယျာဉ်၊ စာကြည့်တိုက်၊ သုတေသနဌာန တိုင်းရင်းဆေးပညာပြတိုက်တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။**(အပေါ်ပုံ)**

မြန်မာတိုင်းရင်းဆေးပညာသည် နယကြီးလေးပါးအပေါ် အခြေခံပြီး ကုသပေးရသည့် ဆေးပညာဖြစ်သည်။ ရှေးမြန်မာမင်းများ လက်ထက်ကပင် သုံးစွဲလာခဲ့ပြီး အစဉ်အလာကြီးမား၍ အစွမ်းထက်သော တိုင်းရင်းဆေးပညာဖြစ်သည့်အပြင် ဆေးဆရာ၏ အတွေ့အခေါ် အယူအဆနှင့် နယကြီးလေးပါး၏ ပြဋ္ဌာန်းချက်များကို ကြောင်းကျိုးညီညွတ်စွာ သုံးစွဲရသော ဆေးပညာဖြစ်သည်ဟု အဆိုပါဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသော အဖွင့်မိန့်ခွန်းအရ သိရသည်။

တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွင် အိန္ဒိယတိုင်းရင်းဆေးပညာရှင်များဖြစ်သော Dr. Ramesh Bahu Devalla, Dr. Indranil Ghosh Mondal, Dr. Anil Khurano, Dr. V.K.Shahi တို့က အိန္ဒိယတိုင်းရင်းဆေးပညာရပ်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုများ၊ အာယုဝေဒသုတေသနတွေ့ရှိချက်များ၊ ကုထုံးများ၊ ရေဖြင့်ကုသသော ရောဂါကုထုံး တိုင်းရင်းဆေးပညာရပ်များအား ဟောပြောဆွေးနွေးပြီး မြန်မာတိုင်းရင်းဆေးပညာရှင်များဖြစ်သော ပါမောက္ခ ဒေါက်တာသန်းမောင်၊ ဒုပါမောက္ခဦးဝင်းမြင့်၊ ဒုပါမောက္ခ ဦးမောင်မောင်သက်၊ ဦးအောင်ကျော်မင်း၊ ဦးငွေးလွင်တို့က မြန်မာတိုင်းရင်းဆေးပညာသမိုင်း၊ တိုင်းရင်းဆေးအခြေခံများ၊ အရိုးအကြော အဆစ်ရောဂါကုထုံးများ၊ မြန်မာတိုင်းရင်းဆေးပညာရပ်၏ သုတေသနတွေ့ရှိချက်များ၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဟောပြောဆွေးနွေးကြသည်။

မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်အနေဖြင့် နိုင်ငံတကာအဆင့် ဟောပြောဆွေးနွေးပွဲတစ်ခုကို အိန္ဒိယနိုင်ငံမှ ပညာရှင်များနှင့် ယခုကဲ့သို့ ပထမဆုံးအကြိမ်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန် လမ်းစဖွင့်လိုက်ခြင်းပင်ဖြစ်သည်။ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မကြာမီတွင် အိန္ဒိယနိုင်ငံရှိ နာမည်ကျော်ကြားသည့် Gujarat တိုင်းရင်းဆေးတက္ကသိုလ်နှင့် Varanari တိုင်းရင်းဆေးတက္ကသိုလ်တို့သို့ ကာလတို၊ ကာလရှည် သင်တန်းသားများ စေလွှတ်နိုင်တော့မည်ဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Dr. V.S. Seshadri က အိန္ဒိယနိုင်ငံ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ဆေးကျမ်းများကို မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်သို့ လှူဒါန်းသည်။ **(၀၀၂)**

စစ်ကိုင်း၌ ရေပေးဝေမှုအခက်ကြုံနိုင်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ကြီးမှာ တစ်နှစ်ထက်တစ်နှစ် မြစ်ရေနည်းပါးပြီး သောင်ထွန်းမှုများ များလာ၍ မြစ်ကြောင်း ကျဉ်းမြောင်းလာကြောင်း သိရသည်။

ဆောင်းအကုန် နွေအကူးသို့ ရောက်ရှိလာတော့မည်ဖြစ်ပြီး ရပ်ကွက်အသီးသီးမှ ရေပေးဝေရေးလုပ်ငန်းများနှင့် စစ်ကိုင်းတောင် တစ်တောင်လုံးရှိ ရဟန်း၊ သံဃာ၊ သီလရှင်ချောင်များကိုလည်း မူလရေစက်အသင်း၊ သီတဂူရေစက်အသင်းတို့က ရေပေးဝေလျက်ရှိရာ ဧရာဝတီမြစ်မှတစ်ဆင့် ရေစုပ်စက်ကြီးများဖြင့် စုပ်တင်ကာ ပေးဝေရကြောင်း သိရသည်။

ယခုနှစ်နွေတွင် မြစ်ရေနည်းပါးမှုနှင့် သောင်ထွန်းမှုများ ဒီထက်မက ဖြစ်ပေါ်လာပါက ရေပေးဝေမှု အခက်အခဲကြုံလာနိုင်ကြောင်း သိရသည်။ **(၅၃၁)**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီများ ပြန်လည်ပြုပြင်ပြီးဖြစ်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၈

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အောင်သာကျေးရွာရှိ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရားနှင့် ဧစေတီဘုရားကြီးတို့ စိန်ဖူးတော်များ မြေခသွားခဲ့ကြရာ ယခုအခါတွင် စိန်ဖူးတော်သစ်များ ပြန်လည်တင်လှူပြီးဖြစ်သည်။

ကျေးရွာရှိ ရပ်မိရပ်ဖ တစ်ဦးက "မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေပြီး ငွေကျပ် နှစ်သိန်းထောက်ပံ့ပေးမှုနဲ့ ရွာထဲက အလှူရှင်တွေ စုပေါင်းပြီး အမြန်ပြီးစီးအောင်ဆောင်ရွက်လိုက်တာပါ။ ဒီဧစေတီဘုရားကြီးကတော့ စိန်ဖူးတော်မြေခပြီး ဖောင်းရစ်နည်းနည်းလေးအက်သွားတာ၊ အခုတော့ အချောကိုင်ပြီးသွားပါပြီ။ တစ်လက်စတည်းမို့ ထီးတော်ကြီးကိုလည်း ပြန်လည်ရွှေချပြီး အခုလာမယ့် တပို့တွဲလပြည့် (ထမနဲပွဲ) ဘုရားပွဲမတိုင်မီ ပြန်လည်တင်လှူသွားမှာပါ၊ ရွာဘုရားပွဲကလည်း နီးလာပြီဖြစ်လို့ အမြန်ဆုံးဆောင်ရွက်သွားမှာပါ" ဟု ပြောကြားခဲ့သည်။ **(စစ်ကိုင်းပြန်/ဆက်)**

တပ်ကုန်း ဗိုလ်မင်းရောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နေပြည်တော် တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့် ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗိုလ်မင်းရောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်သည့် တပ်ကုန်းမြို့ရှိ ဗိုလ်မင်းရောင် ကျောင်းလမ်းသည် အရှည် ပေ ၁၁၀၀နှင့် အကျယ် ၁၂ ပေရှိပြီး ချိုင့်ခွက်များရှိသဖြင့် ယာဉ်များသွားလာရာတွင် အန္တရာယ်ရှိသည့်အတွက် ငွေကျပ် ၁၃၉ သိန်းခန့် အကုန်အကျခံကာ ကတ္တရာလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးရွာနှင့် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

တင့်ဇော်ထွန်း(တပ်ကုန်း)

လျှပ်စစ်မီးသုံးစွဲရေးဆိုင်ရာ ရှင်းလင်းဆွေးနွေး

ပြည် ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးရုံး (ပြည်)မှ လျှပ်စစ်မီးဖြန့်ဖြူးနိုင်ရေးနှင့် လျှပ်စစ်မီးသုံးစွဲနိုင်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲအား ပြည်မြို့ သီရိခေတ္တရာရတနာခန်းမ၌ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသိန်းဝင်းထွန်းက လျှပ်စစ်မီးဖြန့်ဖြူးရေးနှင့် လျှပ်စစ်မီးသုံးစွဲရေး အစီအမံများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး(ခ) ဦးမျိုးအောင်တို့က ပညာရေး၊ ကျန်းမာရေးကဏ္ဍများသို့ လျှပ်စစ်မီး အပြည့်အဝပေးရေး၊ သတ်မှတ်ချိန်များအတိုင်း လျှပ်စစ်မီးပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၅၇၈)**

အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ညောင်ရွှေ ဖေဖော်ဝါရီ ၁၈

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ညောင်ရွှေမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၅ အုပ်စုမှ အုပ်ချုပ်ရေးမှူး ၄၃ ဦး တက်ရောက်ခဲ့သည်။ သင်တန်းတွင် ဌာနဆိုင်ရာများက ဌာနနှင့် ပတ်သက်သည့်ဥပဒေ၊ နည်းဥပဒေများ၊ ဌာနလုပ်ငန်းများကို ဆွေးနွေးပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၁ ရက်မှ မတ် ၂ ရက်ထိဖြစ်ကြောင်း သိရသည်။ **နေမျိုးသူရိန် (ညောင်ရွှေ)**

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)အတွက်
Machine Spare Parts များဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာ၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) အတွက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ Machine Spare Parts များအား မြန်မာကျပ်ငွေဖြင့် ၂၅-၃-၂၀၁၃ရက် စက်ရုံအရောက် ဝယ်ယူလိုပါသည်-

(က) **Machine Spare Parts - 1Lot For Lime Plant**

၂။ တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက် - ၂၁-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၂-၂၀၁၃ရက်၊ ၁၀း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ရုံးအမှတ်(၄၁)၊ နေပြည်တော်
ဖုန်း-၀၉-၄၃၁၀၉၇၂၂

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၈၅၉၈၄၊ Honda Dream ND-125၊ MC ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမောင်မောင်တင်၊ မှတ်ပုံတင်အမှတ် [၉/ မရတ(နိုင်)၁၀၁၂၇၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က. ည. န၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ပဲခူးမြို့၌ မီးပွိုင့်များ ထပ်မံလိုအပ်နေ

ပဲခူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သော ပဲခူးမြို့ပေါ်တွင် ယခင်က ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရှင်စောပုလမ်းနှင့် ရွှေမော်ဓောဘုရားလမ်းထောင့် သီရိဟံသာခန်းမအနီးတွင်သာ မီးပွိုင့်တစ်ခုရှိခဲ့သည်။ နောက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၏ လမ်းညွှန်မှုအရ ရန်ကုန်-မန္တလေးလမ်းနှင့် သနပ်ပင်လမ်းဆုံ၊ ယာဉ်အသွားအလာရှုပ်ထွေးသော နေရာများတွင် ဒုတိယမြောက်မီးပွိုင့်တစ်ခု ထပ်မံတပ်ဆင်လိုက်ရာ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာသွားလာနေကြသည်ကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့မြင်ရသည်။ **(ဝဲပုံ)**

ယခုအခါ ဥဿာမြို့သစ် ရာဇာဓိရာဇ်လမ်း (မဟာမြိုင်လမ်း)နှင့် ပဲခူး-ရန်ကုန်လမ်းဆုံတွင် မီးပွိုင့်အသစ်တစ်ခုထပ်မံတပ်ဆင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ ပဲခူးမြို့၏အနေအထားအရ ဆိုပါလျှင် ထပ်မံတိုးချဲ့၍ မီးပွိုင့်တပ်ဆင်ရန် လိုအပ်သည်မှာ မီးရထားခုံးတံတားအဆင်း၊ မဇင်း(၁)လမ်းဆုံနှင့် ဗန္ဓုလလမ်း၊ သနပ်ပင်လမ်းဆုံတို့သည် ယာဉ်သွား ယာဉ်လာ ထူထပ်ပြီး ယာဉ်အန္တရာယ်ဖြစ်စေနိုင်သဖြင့် မီးပွိုင့်ပိုမိုလိုအပ်ပါကြောင်း မြို့လူထုက ဆန္ဒပြုကြသည်။

(စိန်လှိုင်ဗိုလ်)

မြို့ဂုဏ်သိက္ခာမကျဆင်းစေရေး စည်းကမ်းရှိစေချင်

ဖျာပုံ ဖေဖော်ဝါရီ ၁၈

ဖျာပုံခရိုင် ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်သည့်အားလျော်စွာ မြို့ဝင်ဆိုင်းဘုတ်များကို မြို့နယ်စည်ပင်အဖွဲ့မှ ကျက်သရေမင်္ဂလာရှိစွာ ဆောက်လုပ်ပေးခဲ့ရာ ဘိုကလေးမြို့ဘက်မှ ဖျာပုံမြို့အဝင်၊ ဒေးဒရဲမြို့ဘက်မှ ဖျာပုံမြို့အဝင်၊ ကျိုက်လတ်မြို့ဘက်မှ ဖျာပုံမြို့အဝင်ဆိုင်းဘုတ်များကို ဆောက်လုပ်ထားသည်။ အဆိုပါ ဆိုင်းဘုတ်များထဲမှ ဘိုကလေးမြို့ဘက်မှ ဖျာပုံမြို့အဝင် ကျုံကူးကျေးရွာ အဝေးပြေးလမ်းမဘေးတွင် "ဖျာပုံမြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုင်းဘုတ်ကို ဆောက်လုပ်ပေးခဲ့သည်မှာ အတန်ကြာခဲ့ပြီဖြစ်သည်။ ယခုအခါ အဆိုပါ ဆိုင်းဘုတ်ရှိ စာသားများအား ခွာယူဖျက်ဆီးခြင်း၊ ဆိုင်းဘုတ်ဘေးမြက်ခင်းပြင်အား ပျက်စီးမှုနည်းပါးအောင် ကာရံထားသည့် ခြံစည်းရိုးအား ချိုးဖျက်ယူငင်ခြင်း၊ ညအမှောင်ကိုကာကွယ်ပြီး အများပြည်သူမြင်လို့မှမသင့်တော်သည့် အရက်သေစာသောက်စားမူးယစ်၍ မိန်းကလေးအတွဲများနှင့် ပျော်ပါးခြင်းများကို လူငယ်လူရွယ်များ ပြုလုပ်နေကြသည်ကို မြင်တွေ့နေရပါသည်။ မြို့ကြီးသား အင်္ဂါရပ်နှင့်မညီသော ယခုလိုအပြုအမူများ ဆက်လက်ပြုလုပ် နေလျှင် မြို့ဂုဏ်သိက္ခာကျဆင်းစေပြီး အများပိုင်ပစ္စည်းများပျက်စီးသဖြင့် ထပ်ခါ တလဲလဲ ပြန်လည်ပြုပြင်နေရခြင်းမှာလည်း အချိန်ကုန် ငွေကုန် အကျိုးမရှိသဖြင့် ထိုကဲ့သို့ ပြုလုပ်နေသူများကို သက်ဆိုင်ရာမှ တားဆီးကာကွယ်အရေးယူ ပေးသင့်ကြောင်း ပြည်သူလူထုမှ လိုလားလျက်ရှိသည်ကို အသိပေး ရေးသားတင်ပြလိုက်ရပါသည်။

ချမ်းသာ (ဖျာပုံ)

ကလေး-ရန်ကုန် အဆင့်မြင့်ယာဉ်လိုင်းဖွင့်

ကလေး ဖေဖော်ဝါရီ ၁၈

ကလေး-ရန်ကုန် အဆင့်မြင့်ယာဉ်လိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကလေးမြို့ ကားကြီးကွင်း၌ ပြုလုပ်သည်။

အဆိုပါကားလိုင်းဖွင့်ပွဲတွင် အဆင့်မြင့်ယာဉ်လိုင်းမှ ကလေးမြို့ဂိတ်မှူး ဦးအောင်ကြီးက "ကျွန်တော်တို့ ယာဉ်လိုင်းအနေဖြင့် အဆင့်မီ Digital Aircon စနစ်ပါ ယာဉ်ကြီးများဖြင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်း၊ လူတစ်ဦးလျှင် ယာဉ်စီးခအနေဖြင့် ငွေကျပ် ၂၅၀၀၀ ဖြစ်ကြောင်း၊ ယာဉ်ပေါ်လိုက်ပါသူ ခရီးသွားပြည်သူများအတွက် ကျန်းမာရေးဆေး သေတ္တာပါကြောင်း၊ ဝန်ဆောင်မှုအနေဖြင့် ရေသန့်ဘူး၊ စနိုးတာဝါ၊ အအေးဘူး၊ သွားတိုက်တံ၊ သွားတိုက်ဆေးများကို ဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း၊ ခရီးသွားများ လမ်းခရီးတွင် အနားယူရန်အတွက် ကျော်ရွာ၊ ညောင်ပင်ဝန်း၊ ဖြူး ၁၁၅ မိုင် စခန်းများတွင် အနားပေးပါကြောင်း" ပြောကြားသည်။

ကလေး-ရန်ကုန်ခရီးသည် မိုင်ပေါင်း ၇၀၀ ခန့်ရှိပြီး အဆင့်မြင့်ယာဉ်လိုင်းအနေဖြင့် ကလေးမြို့မှ မွန်းလွဲ ၁ နာရီမှစထွက်ပြီး နောက်တစ်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြောင်း သိရသည်။

သျှင်နေမင်း(ဂန့်ဂေါ)

ဖြူးမြို့နယ်တွင် မတ်ပဲများ ဖြစ်ထွန်းအောင်မြင်

ဖြူး ဖေဖော်ဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်သည် မိုးစပါးအများအပြားအားထားစိုက်ပျိုးသည့် မြို့နယ်တစ်ခုဖြစ်ပြီး ဒုတိယအများဆုံး စိုက်ပျိုးသည့်သီးနှံမှာ မတ်ပဲဖြစ်ကြောင်း သိရသည်။ ဖြူးမြို့နယ် ကျေးရွာခြောက်အုပ်စုမှ တောင်သူလယ်သမားများက မိုးစပါးများ ရိတ်သိမ်းအပြီး နှစ်သီးစားအဖြစ် မတ်ပဲဧက ၉၉၁၄၃ ဧကအထိ စိုက်ပျိုးခဲ့ကြရာ ယခုနှစ်တွင် သီးနှံဖျက်ပိုးမွှားများ လုံးဝကျရောက်ခြင်းမရှိဘဲ မတ်ပဲစိုက်ခင်းများ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ယခင် ၂၀၁၁-၂၀၁၂ မတ်ပဲစိုက်ရာသီတွင် မတ်ပဲစိုက်ခင်းများအား ရွက်စားပိုးနှင့် အမြစ်အပင်ပိုးများ စိုက်ခင်းများအတွင်း ကျရောက်ဖျက်ဆီးခဲ့သဖြင့် လယ်သမားများမှာ ပိုးသတ်ဆေးများ မကြာခဏပက်ဖျန်းနေကြရသဖြင့် ပိုးသတ်ဆေးဖိုးအကုန်အကျများခဲ့ပြီး အထွက်နှုန်းပါ ကျဆင်းခဲ့သည့်အပြင် မတ်ပဲပေါ်ချိန်၌ ဈေးနှုန်းနည်းပါးခဲ့မှုကြောင့် တောင်သူများမှာ တွက်ခြေမကိုက်ကြဘဲ အရှုံးပေါ် ခဲ့ကြောင်း မတ်ပဲစိုက် တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် မတ်ပဲစိုက်ခင်းများမှာ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး မတ်လအကုန်ပိုင်းတွင် နုတ်သိမ်းကြရတော့မည်ဖြစ်ပြီး အထွက်နှုန်းလည်း ပိုမိုထွက်ရှိမည်ဖြစ်၍ ဈေးကောင်းရရန် မတ်ပဲစိုက်တောင်သူများ မျှော်လင့်နေကြကြောင်း သိရသည်။

(၁၄၀)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
"တယ်လီဖုန်းသုံးစွဲသူ မိတ်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်"

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော အော်တိုတယ်လီဖုန်းများ၏ **၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ သုံးစွဲကာလ**အတွက် တယ်လီဖုန်းအခွန်ငွေများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် အော်တိုတယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိတ်ပြည်သူများသို့ ကြိုတင်အသိပေး နှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး နောက်ဆုံးအခွန်ငွေပေးသွင်း	ရမည့်ရက်
၁။	နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ ကယား၊ ဧရာဝတီ၊ မွန်၊ ပဲခူး(အရှေ့/အနောက်)	၂၂-၂-၂၀၁၃
၂။	ရှမ်းပြည်နယ် (အရှေ့ပိုင်း/မြောက်ပိုင်း/တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	၁-၃-၂၀၁၃

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ရောင်းမည်

ကုမ္ပဏီရုံးခန်းဖွင့်ရန်၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များဖွင့်ရန်၊ Hotel ဖွင့်ရန်၊ စားသောက်ဆိုင်များဖွင့်ရန်နှင့် ကားအရောင်းပြခန်းဖွင့်ရန် အချက်အချာကောင်း၊ နေရာကောင်းပြင်ဆင်ပြီး (Air con:, phone, ရေ၊ မီး၊ အပြည့်စုံ) နေပြည်တော်၊ ရာဇဌာနီ လမ်းမကြီး၊ (ထောင့်ကွက်)၊ ပေ(၆၀×၈၀) တစ်ထပ်လုံးချင်းတိုက် ညှိနှိုင်းဈေးဖြင့်ရောင်းမည်။

ဖုန်း-၀၉-၄၄၈၅၃၉၀၄၀၊ ၀၉ ၈၆၂၆၀၅၀၊ ၀၁-၅၆၀၈၈၁

တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ မဟာနာယက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကျောက်တော်ကြီးဆရာတော် အရှင်ဇနကာဘိဝံသ မဟာထေရ်မြတ်၏ သက်တော်(၈၀)ပြည့်မွေးနေ့ ဝိဇ္ဇာတဝယ္ယနို့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ ပြည်တွင်း/ ပြည်ပရှိ ဆရာတော်၏ တပည့်သံဃာတော်များ ဒါယကာ-ဒါယိကာမများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ပင့်လျှောက် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၄- ခုနှစ်၊ တပို့တွဲလပြည့်ကျော်နေ့၊ (၂၄- ၂- ၂၀၁၃) တနင်္ဂနွေနေ့
အချိန် - နံနက်(၉း၀၀)နာရီ
နေရာ - ကျောက်တော်ကြီးကျောင်းတိုက်၊ တောင်သမန်၊ အမရပူရမြို့နယ်

ပူဇော်ပွဲကျင်းပရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ အိမ်ရာများနှင့်ယာယီမြေရှင်အဖြစ် ဆောင်ရွက်ခဲ့သောတိုက်ခန်းအား မူလနေထိုင်သူ၊ ကန်ထရိုက်တာ ထံမှတစ်ဆင့် ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ကြော်ငြာသည့်နေ့မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁	ဦးဘိုသီး(ကွယ်လွန်) (CJ-၀၁၈၈၂၄) (မှ)	ဒေါ်နုနုရင်(ခ)ဒေါ်အမာ [၁၂/ကတတ(နိုင်)၀၀၆၁၃၉]	အမှတ်-၄၇၅၊ အခန်း(၇)၊ တတိယထပ်၊ ကုန်သည် လမ်း၊ ဗိုလ်တထောင်
၂	ဦးအစ္စရား၊ ဦးဘာဘူ (မူလနေထိုင်သူ)(မှ) ဦးတင်ဖိုး[၁၂/မဂတ(နိုင်)၀၆၄၉၅၃](မှ) ဒေါ်တင်တင်ဝင်း [၁၀/မလမ(နိုင်)၂၀၉၅၉၂](မှ)	ဦးမောင်မောင်စိုး [၁၂/သလန(နိုင်)၀၇၃၈၇၇]	အမှတ်-၇၇/၈၃၊ အခန်း(၈)၊ (မြေညီ)၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်
၃	ဒေါ်ခင်စောဝေ [၁၁/ကဖန(နိုင်)၀၀၉၉၃၇](မှ) ဦးနူးမာမက်(ခ)စိုးမြင့် [၁၂/လမန(နိုင်)၁၂၉၀၄၇](မှ) ဒေါ်ခင်မလေး [၁၂/လမန(နိုင်)၀၂၇၄၅၄](မှ) ဒေါ်နီလာထွန်း [၁၂/အစန(နိုင်)၀၀၁၁၁၈](မှ)	ဦးအီစွတ် (HLG-၀၂၆၆၆၂)	တိုက်-၁၊ အခန်း-၇၂၊ လှိုင်ရတနာအိမ်ရာ၊ လှိုင်
၄	ဦးတင်လှ [၁၂/ကတတ(နိုင်)၀၀၉၆၃၀](မှ)	ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၁၆၆၁၉]	အမှတ်-၁၈၃/၁၈၅၊ အခန်း အမှတ်(၅)၊တတိယထပ်၊ ၃၇လမ်း၊ ကျောက်တံတား
၅	ဦးခင်မောင်မြင့် [၁၂/ကတတ(နိုင်)၀၀၉၆၂၃](မှ)	ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၁၆၆၁၉]	အမှတ်-၁၈၃/၁၈၅၊ အခန်း အမှတ်(၄)၊ ဒုတိယထပ်၊ ၃၇လမ်း၊ကျောက်တံတား
၆	ကန်ထရိုက်တာဦးကျော်မင်း [၁၂/မဂတ(နိုင်)၀၂၃၂၉၃]	ဦးကျော်လှမောင် [၁၁/စတန(နိုင်)၀၀၉၉၇၈]	အမှတ်-၆၁/၆၃၊ ၃လွှာ (ယာစွန်)၊ လမ်း(၃၀)၊ ပန်းဘဲတန်း
၇	ဦးချန်ထွန်း(ကွယ်လွန်) [၁၂/ပဘတ(နိုင်)၀၂၈၆၂၂](မှ)	ဒေါ်ရွှေခင်(ခ)Hwee Ngoot Kan (HLG-၀၀၀၆၂)	တိုက်-၅၊ အခန်း-၄၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ လှိုင်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနလက်အောက်ရှိ မဟာဓာတ်အားလိုင်းများ၏ တာဝါတိုင်များတွင် အသုံးပြုနိုင်ရန်နှင့် အရန်အဖြစ်ထားရှိရန် Clamp & Fitting များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၁၉-၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၄-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

ခရုံမြို့သစ်ရှိမြေကွက်များဝယ်လိုသည်။

Ph : 09 73494350, 09 73090100
09 73252524

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

CANTER FREEZER BOX TRUCK 2004 MODEL

ခေါင်းကျယ်၊ ၆ပေါက်၊ တန်းကြီး၊ ၁၉ ပေ၊ ယာယီနံပါတ်၊ ကားအလွန်သန့် ၂၅၀ သိန်း/ ညှိနှိုင်း။ Ph: 09-73081696

မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)

"ဘယ်နေ့ပဲ တက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ

ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။

(1) Juntion ဇေနအနီး Ph:571545, 09-5126882
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ၊ Ph:200917,09-5126882
(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

အခန်းဆက်ဝတ္ထု

(ယမန်နေ့မှအဆက်)
(ဇာတ်သိမ်းပိုင်း)

ဂနိုင်ကြော့

"မသွားပါဘူးအေ. . ကလေးငိုလွန်းလို့"

"ညနေတောင်ဘက်က တွင်းရေခပ် လိုက်မလားအေ"

"အားရင်လည်း လိုက်တာပေါ့အေ"ဟု ဆိုလိုက်သဖြင့် အုန်းမြိုင်လည်း ရွာရိုးသို့လျှောက်သွားလေ၏။

စိတ်တွင်ဖြစ်သော ရောဂါကို ကုသရာ၌ အချိန်သည် အကောင်းဆုံးသော ဆေးဩသဓကြီးဖြစ်ပေ၏။ အချိန်ကြာလေလေ အနာကျက်လေလေဖြစ်လျက် ကြာသထက်ကြာသော် အမာရွတ်မျှ မကျန်အောင်ရှိလေ၏။

မယ်ထားမှာလည်း မိကွဲဖကွဲ၊ ချစ်သူခင်သူ၊ ကြင်နာသူတို့နှင့် ကွဲကွာ၍လာရသဖြင့် စိတ်တွင်ဖြစ်သော ရောဂါကြီးသည် မခံမရပ်နိုင်အောင် ဖိစီးနှိပ်စက်ရာမှ အချိန်ကာလတရွေ့ရွေ့ကြာသွားသော် တဖြည်းဖြည်းသက်သာကာ မမေ့သော်လည်း နေသာသောအခွင့်ကိုရရှာသဖြင့် ရွာကလေးတွင်ပင် အဘိုးကြီး၊ အမယ်ကြီး၏ သမီးအဖြစ်ဖြင့် နေရလေ၏။

ထိုနေ့ နေ့လယ်တွင် ရွာထိပ်သို့ ဗိုလ်ကြီးရောက်လာကြောင်းကို ကြားသိရလေ၏။ ဗိုလ်ကြီးဆိုသူမှာ အလွန်တရာ ကျော်စောထင်ရှားသောသူဖြစ်ရကား ရွာသားတို့သည် ဗိုလ်ကြီးရောက်သည်ဟုဆိုလျှင်ပင် ထွက်၍ကြည့်သူကြည့်ကြလျက် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဦးနှင့်တစ်ဦး ကူးသန်းပြောဆိုကြသည်မှာ တဆူဆူတညံညံဖြစ်ပေ၏။ မယ်ထားသည် ထိုသို့သော အသံများကို ကြားလျှင် ဤကဲ့သို့ အထူးအဆန်းပြောကြသည်မှာ ထိုဗိုလ်ကြီးဆိုသူသည် မည်ကဲ့သို့သောသူများပေနည်းဟု တွေးကာ ဝင်ရောက်၍ပင် မေးမြန်းမိလေ၏။ ဗိုလ်ကြီးဆိုသူမှာ ချင်းတောင်များတွင် လူဆိုးသူဆိုးသူခိုး၊ ဝရမ်းပြေးတို့ကို လိုက်လံနှိမ်နင်းခဲ့သူဖြစ်ကြောင်းကို ပြောပြကြသော်လည်း မယ်ထားသည် မိမိနှင့်မဆိုင်ဟု ဘာသိဘာသာ နေမိလေ၏။

ညနေခင်းသို့ ရောက်သောအခါ အုန်းမြိုင်တို့ လာရောက်ခေါ်သည်နှင့် ရွာအပြင်ရေတွင်းသို့ ရေခပ်လိုက်သွားရာ နေ့လယ်ကပြောကြသော ဗိုလ်ကြီးသည် ရေတွင်းနှင့်အတန်ဝေးတွင် ပိတ်ဖြူတဲထိုး၍ စခန်းချရပ်နေသဖြင့် အဖော်သူငယ်ချင်းများက လက်ညှိုးထိုးပြ၍ တဲဖြူဖြူကလေးကို မြင်ရလေ၏။ ထို့နောက် ရေခပ်ပြီးကြသော်လည်း မပြန်ကြသေးဘဲ တစ်ယောက်နှင့်တစ်ယောက် ပြက်ချော်ကာ ကျီစယ်နေကြရာမှ တဲဆီမှ ထွက်၍လာနေသော လူတစ်ယောက်ကို မြင်ကြသဖြင့် အပျိုတစ်ယောက်က "ဟောဟိုက လူကြီးဟာ ဗိုလ်ကြီးဆိုတာ မဟုတ်လား"

"ဟာ ဟုတ်တယ်အေ့၊ ဒီရေတွင်းကို လာမလို့ထင်တယ်"

"ဒါဖြင့် လာကြအေ့၊ မြန်မြန်"ဟုဆိုကာ ရေအိုးကလေးများကိုရွက်ကာ ကပျာကယာပြန်၍ သွားကြလေ၏။

ယင်းသို့လျှင် ကံအကြောင်းက ဖန်တီးသဖြင့် သီသီကလေးနှင့် လွဲရလေ၏။ အကြောင်းသော်ကား တဲကလေးမှ ထွက်လာသူသည် အခြားသူမဟုတ် မောင်ဘချိုပင်ဖြစ်လေ၏။ မောင်ဘချိုသည် မခင်အေးတို့သားအဖအားထားခဲ့ပြီးလျှင် နောက်ထပ်မရှာတော့ပါဘူးဟု စိတ်ကပိုင်းဖြတ်လိုက်သည်နှင့်လျော်စွာ နောက်ဆုံးအကြိမ်ဖြစ်သဖြင့် အခါတိုင်းထက်ကြိုးစားလျက် နယ်လွန်၍ နယ်စွန်ကျော်အောင်လိုက်လေ၏။ သို့သော် နေရာနှံ့၍ သတင်းသန့်သန့်မျှမကြားရသဖြင့် တစ်ခါတည်းစိတ်ပျက်ကာ နောက်သို့ဆုတ်၍ အပြန်လမ်းတွင် နောက်ထပ်မှ သတင်းမပေးဘဲ လာခဲ့၍ ဤရွာကလေးသို့အရောက်တွင် ခေတ္တတဲစခန်းချရပ်နေလေ၏။

အခါတိုင်းမူကား မည်သည့်ရွာသို့မဆိုရောက်သွားလျှင် ရွာသူကြီးကိုဆင့်၍ခေါ် မိမိကိုယ်တိုင် အိမ်တိုင်းစေ့လိုက်၍ရှာဖွေခြင်းကို ပြုခဲ့လေ၏။ ယခု တစ်ခါမူကား စိတ်အပျက်ကြီး ပျက်လှသောကြောင့် မည်သူ့အားမျှ စကားမပြောဘဲ ငေးမှိုင်၍သာနေလေ၏။

ဦးစွာပထမမူကား ပင်ပန်းဟိုက်လှပြီဖြစ်သောကြောင့် ဤရွာကလေးတွင် သုံးရက်လောက်မျှနေခို၍ ရပ်နားမည်ဟု ချိန်ရွယ်ထားသော်လည်း တစ်ညမျှ အိပ်မိလျှင် မနေနိုင်မထိုင်နိုင်သွားရမှ စိတ်သက်သာမည်ဖြစ်သော ကြောင့် နောက်တစ်နေ့မိုးမှမလင်းမီ တဲဖြုတ်၍ ရွာကလေးမှ ထွက်ခဲ့လေ၏။

ရွာမှ အရှေ့ဘက်တောင်ရိုးကလေးဆီသို့ ထွက်လာခဲ့၍ ပခုက္ကူဘက်သို့ မျက်နှာမူမိသည်ဖြစ်သော်လည်း အရှေ့ဘက်က နေလုံးနီနီကြီးတက်၍ မိုးသောက်စ မြူမင်းလွင်ကလေးရှင်းသွားသောအချိန်တွင် တောင်ထိပ်သို့ရောက်၍ အရှေ့သို့ကြည့်ကာ မည်သည့်အရပ်သို့ သွားရမည်နည်းဟု တွေးတောသော်လည်း မည်သည့်အရပ်ကိုမျှ မသွားလို၊ စိတ်ထဲတွင်မကျေမနပ် မဆုံးဖြတ်တတ်ဖြစ်ကာ ပခုက္ကူသို့လည်း မပြန်ချင်သေးသဖြင့် တောင်ထိပ်ကဆင်းကာ လမ်းကောင်းရာသို့သာ လိုက်သွားလေ၏။ နေ့လယ်လောက်တွင် ခေတ္တရပ်နား၍ ဆက်လက်သွားပြန်ရာ နေဝင်၍ မိုးချုပ်စအချိန်သို့ ရောက်သောအခါ ထိုအရပ်သို့ သွားလာသော ခရီးသည်အပေါင်းတို့ရပ်နားရာ ဇရပ်ပင်ကြီးတစ်ပင်သို့ရောက်၍ ရပ်နားနေကြသူ ကုန်သည်တစ်စုနှင့်တွေ့သဖြင့် မိမိလည်း နေရာလွတ်ရှာကာ တဲထိုး၍ ရပ်နားရလေ၏။

ညဦးတွင် မိမိဘာသာမီးမွှေး၍ ချက်ပြုတ်စားသောက်ပြီးလျှင် တဲရှေ့တွင် ဆေးတံတစ်ချောင်းနှင့် ထိုင်၍ တွေးတောနေရာ အတန်ကလေး ညည့်နက်သောအခါ ကုန်သည်လူစုထဲက အချို့ပျိုရွယ်သူတို့သည် မီးဖိုကြီးဖိုပြီးလျှင် အနီးကဝိုင်းကာ ပလွေမှုတ်သူကမှုတ်၊ သီချင်းဆိုသူကဆို၊ စကားပြောသူကပြောနှင့် ဘာသာဘာဝပျော်မြူး၍နေကြသည်ကို မြင်ရလေ၏။ မောင်ဘချိုလည်း ကြည့်၍ နေရင်းနေရင်းပင် စိတ်ထဲကပျော်သလိုလိုရှိ၍ လာသောကြောင့် ဆေးတံကိုထိုင်၍ သောက်ရှူနေရာမှ ထပြီးလျှင် ၎င်းတို့ပိုင်းဆီသို့ သွားကြလေ၏။

မောင်ဘချိုလာသည်ကိုမြင်လျှင် အားလုံးကပင် ဝိုင်း၍ဆီးကြိုကာ လောကဝတ်ပျူငှာစကားစမြည်ပြောဆိုလျက် ဘယ်အရပ်ဘယ်ဌာနကလာ၍ ဘယ်ကိုသွားမည်လဲ စသည်ဖြင့် မေးမြန်းကြလေ၏။ ၎င်းလူများမှာ နယ်ခြားကဖြစ်၍ မောင်ဘချို၏သတင်းကို မကြားဖူးကြသဖြင့် မောင်ဘချိုလည်း မိမိအလုပ်အကိုင်များကို ပြောဆိုပြီးလျှင် မယ်ထားသည် နယ်ခြားသို့များ ရောက်နေလေရော့သလားဟု တွေးတောကာ ထိုကုန်သည်များနှင့် လိုက်သွားလိုသော ဆန္ဒများပေါ်လာသောကြောင့် သွားရမည့်နေရာဒေသများကို မေးမြန်းလျက် "ဒါထက် ဆရာကြီးတို့ရယ်၊ ခင်ဗျားတို့ရောက်တဲ့ ဒေသများမှာ မယ်ထားဆိုတဲ့ သူငယ်မတစ်ယောက်များ မတွေ့မိကြဘူးလား"ဟု မေးလိုက်ရာ လူတစ်ယောက်က "ငါ့တူနှယ် ရွာတကာ့ရွာ မယ်ထားတွေပြွတ်ပြွတ်ရိုက်လို့ မင်းရှာတဲ့မယ်ထားဟာ ဘယ်မယ်ထားဆိုတာ ဦးတို့သိပ့်ါမလဲ" ဆိုသောကြောင့် မောင်ဘချိုလဲ အကျိုးအကြောင်း ဖြစ်ပုံပျက်ပုံအလုံးစုံတို့ကို ပြန်ပြောင်းပြောပြ၍ အဆုံးသို့ ကျသောအခါမှ "အေး ဟုတ်လိမ့်မယ် ထင်တယ် တလောကတော့ အံပေါင်က ငထော်တို့အိမ်မှာ သူငယ်မလေးတစ်ယောက် ရောက်လာတယ်၊ နာမည်ကလဲ မယ်ထားပဲကွ သူတို့တောထဲမှာ လဲနေတာတွေ့လို့ ခေါ်ထားတယ်ဆို ထင်ပါရဲ့" ဟု ပြောလိုက်သောအခါမှ မောင်ဘချိုမှာ ဧကန္တမယ်ထားပဲ၊ အံပေါင်ရွာကို ရောက်ပြီးမှလွဲလာခဲ့တာ သီသီကလေးလိုတော့ပါကလားဟု တွေးလျက် မိမိကိုယ်ကို ရွာထဲမှ ဝင်မကြည့်ခဲ့လေကောင်းလားဟုအပြစ်တင်ကာ ထိုကုန်သည်ကြီးအား ငွေတစ်ဆယ်ကန်တော့ခဲ့ပြီးလျှင် မိုးသောက်အောင်မှ မဆိုင်းဘဲ တဲကိုဖြုတ်၍ လာလမ်းကို ညတွင်းပြန်ခဲ့လေ၏။

တစ်ညလုံးလုံး လမ်းကိုမြင်တစ်ချက် မြင်တစ်ချက်နှင့်လာခဲ့ရာမှ အရုဏ်တက်တွင် ရွာကလေးကို မြင်ရ၍ ရွာဝသို့ရောက်သောအခါ သတင်းနှင့်လာခဲ့သည်မှာ ဤမယ်ထားလဲ အခြားအခြားသော မယ်ထားများကဲ့သို့မှ ဟုတ်ပါလေရဲ့လားဟု တွေးမိ၍ ရွာကိုဝင်ရမည်ပင် စိတ်ကမရဲတရဲဖြစ်၍ နေလေ၏။



ထို့နောက် အတန်ကြာ၍ နေရှိန်ကလေးအတော်ပူလာသောအခါမှ ရွာတံခါးဖွင့်ရာ ရွာထဲသို့ တစ်ခါတည်းဝင်သွား၍ ဦးထော်အိမ်ဘယ်မှာလဲဟု တွေ့ရာလူကို မေးပြီးလျှင် ဦးထော်အိမ်သို့ တိုက်ရိုက်ဝင်သွားကာ လှမ်း၍မေးလိုက်မည်ပြုမှ မယ်ထားအားမြင်မိ၍ အံ့အားသင့်ကာ ငေးမောကြည့်နေမိလေ၏။ မယ်ထားမှာကား ခြောက်လသားအရွယ် ကလေးတစ်ယောက်ကိုချီလျက် အနီးတွင် သျှောင်တွဲလဲနှင့် လူတစ်ယောက်ကထိုင်ကာ နှီးဖြာ၍နေပေ၏။ မယ်ထားသည် ကလေးကိုနမ်းတစ်ချက် ရှုပ်တစ်ချက်ဖြင့် ချော့မော့နေ၏။ ထိုသို့သော အခြင်းအရာတို့ကို မြင်လျှင် မောင်ဘချိုမှာ တွေး၍မျှမကြည့်နိုင်အောင်ရှိလေ၏။ မိမိမှာ နှစ်ရှည်လများ ဘေးအန္တရာယ်အသွယ်သွယ်တို့ကိုရင်ဆိုင်ပြုလျက် ကိုယ့်အသက်ကိုမျှ မငဲ့ကွက်နိုင်ဘဲ ရှာဖွေခဲ့ရာ မတွေ့မတွေ့နှင့် တွေ့သောအခါမူကား

> "စိတ်တွင်ဖြစ်သော ရောဂါကို ကုသရာ၌ အချိန်သည် အကောင်းဆုံးသော ဆေးဩသဓကြီးဖြစ်ပေ၏။ အချိန်ကြာလေလေ အနာကျက်လေလေ ဖြစ်လျက် ကြာသထက်ကြာသော် အမာရွတ်မျှ မကျန်အောင် ရှိလေ၏"

မယ်ထားသည် သူတစ်ပါးပစ္စည်းဖြစ်လျက် သူတစ်ပါးနှင့်အတူနေထိုင် ပေါင်းသင်းလျက် လက်ထပ်ပွားပစ္စည်းကလေးခြောက်လသားကိုချီလား၊ ပွေ့လားနှင့် ပျော်မွေ့နေမှ တွေ့ရလေတကားဟု တွေးတောကာ အသည်းထဲက အနာကြီးနာလျက်၊ စိတ်အပျက်ကြီးပျက်ကာ မျက်စိထဲတွင် သေမင်းကောင်ကြီးကို တရေးရေးမြင်လျက် ပြန်၍ထွက်လာခဲ့လေ၏။

မောင်ဘချိုပြန်၍ လှည့်သွားလျှင်ပင် မယ်ထားသည် ကလေးချော့နေရာမှ ရုတ်တရက်မျက်နှာကိုမြင်လိုက်၍ အံ့အားသင့်နေရာမှ အိမ်ထဲသို့ဝင်မလာဘဲ ခတ်သုတ်သုတ်ပြန်၍ ထွက်သွားသည်ကို တွေ့လိုက်ရသောကြောင့် များစွာထိတ်လန့်ကာ "ကိုရွှေအေး ကလေးယူစမ်း"ဟုဆို၍ ကလေးလေးကိုချကာ အိမ်အောက်ကထွက်၍ လိုက်သွားသဖြင့် အိမ်ခြံဝင်းဝအထွက်တွင် မီလေ၏။

မယ်ထားကနောက်က "ကိုဘချိုရှင်. . . ကိုဘချို မဟုတ်လား"ဟု ဆိုလိုက်၍ မောင်ဘချိုလည်းပြန်၍ မကြည့်ပါဘူးဟု စိတ်ကခဲသော်လည်း မရဘဲ ပြန်၍ကြည့်မိလေ၏။ မောင်ဘချိုဟုတ်ကြောင်းသေချာစွာ သိသောအခါမှ မယ်ထားက "ကိုဘချို အခုမှ ဘယ်ကပေါ်လာသလဲဟု သေပြီအောက်မေ့တယ်၊ ဘာဖြစ်လို့ ရှင်ပြန်လှည့်သွားသလဲ၊ ကျွန်မကို လိုက်ရှာနေတယ် မဟုတ်လား"

"ဟုတ်တယ် ဟိုချင်းတွေလက်က ထွက်ပြေးပြီး မင်းပျောက်သွားကတည်းက ဒီကနေ့ထက်ထိ တစ်နေ့မှ အအားမနေဘူး။ တောင်တကာ့တောင်၊ ချောင်တကာ့ချောင် ခြေရာချင်းထပ်နေပြီ. . . အခုရှာလို့ တွေ့ပြန်တော့ မယ်ထားရယ်"

"ဘာဖြစ်လို့လဲ ကိုဘချို ဘာဖြစ်သလဲ"

"မင့်မှာ သူများပစ္စည်းဖြစ်နေတာ တွေ့ရတယ်၊ ကျုပ်ရှာလေသမျှ ကျုပ်ပင်ပန်းလေသမျှ မင်းနဲ့တွေ့တော့မှ အလကားဖြစ်ကုန်တာပဲ"

"မဟုတ်ပါဘူး ကိုဘချိုရဲ့. . .၊ကျွန်မမှာ ဥစ္စာရှင်နဲ့လို့ ဘယ်သူကပြောသလဲ"

"ဟိုမှာ အမြင်သားကပဲ၊ အားရပါးရတွေ့ပြီဟလို့ ပြေးလာခဲ့တယ်။ ဒီရောက်တော့ မင့်မှာကလေးတွေ"

"အို ကိုဘချို. . . ကိုဘချို အထင်လွဲပြီ၊ ဟိုဒင်း. . . ကျွန်မကလေးမဟုတ်ပါဘူး၊ ဦးထော်ရဲ့ မြေးကလေးပါ. . . ဟိုလူက ဦးထော်ရဲ့သား၊ သူ့မယားနဲ့ပါ။ ကျွန်မအစ်ကိုကြီးလိုနေတဲ့သူပါ။ လာလိုက်ပြီးမေးပါဦး"

"မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် မင်းငါ့ကို ဒီထိအောင်စောင့်နေသလား"

"လာရင်လည်းလာ မလာရင်လည်း. . . ဒီဘဝမှာ ဘယ်သူ့ပစ္စည်းအဖြစ်မှမခံဘူး၊ အပျိုရုပ်နဲ့ အရိုးထုတ်မယ်လို့ ဓိဋ္ဌာန်ပြုထားပါတယ်"

"ဩော်. . . မယ်ထား. . . မယ်ထား၊ ကျုပ်အထင်မှားမိပေတယ်၊ အမယ်လေး အခုမှတွေ့ရတယ် မယ်ထားရယ်၊ မင်း ကိုဘချိုချစ်တဲ့ မယ်ထားကလေးအစစ်မှ ဟုတ်ပါလေရဲ့လား"ဟုဆို၍ နှစ်ဦးလုံးဝမ်းနည်းရတော့မလိုလို၊ဝမ်းသာရတော့မလိုလိုနှင့် မျက်ရည်ပေါက်ကြီးများကျကာ နေကြရာသည်တွင် ဦးထော်တို့ထွက်လာ၍ အကျိုးအကြောင်းပြောပြသဖြင့် ကြားရသူတိုင်း မျက်ရည်တွေလည်ကာ သနားမိကြလေ၏။

ယင်းသို့လျှင်ကား မယ်ထားနှင့် မောင်ဘချိုတို့သည် တစ်ဦးနှင့်တစ်ဦး ကွေကွင်းကွဲကွာနေပြီးမှ မတွေ့ပါတော့ဘူးဟု စိတ်ချကြသည်တွင် ပြန်၍တွေ့ကြုံဆုံစည်းကြပေ၏။ ရှေ့အဖို့ကား အခြားမရှိတော့ပေ။ မောင်ဘချိုသည် မယ်ထားအား ဦးထော်တို့ထံမှ ခွင့်ပန်ပြီးလျှင် ခေါ်ခဲ့၍ ပခုက္ကူမြို့သို့ဆိုက်ရောက်သောအခါ မခင်အေးကလေးမှာ ပုလိပ်ရောဂါနှင့် ဆုံးနှင့်ပြီဖြစ်ကြောင်းကို တွေ့ရ၍ ဝန်ထောက်ကြီးများမှာ မခင်အေးအစား မယ်ထားအားသာ ချစ်ခင်နေကြသဖြင့် ပျော်ရွှင်စွာနေကြပေသည်။

(ဂနိုင်ကြော့ ဝတ္ထုပြီး၏)

အနာဂတ်ကို အကောင်းဆုံး ဖန်တီးလိုသူများအတွက်
SR နိုင်ငံတကာ ပညာရေး ပြပွဲကြီး

- ကမ္ဘာ့ထိပ်တန်း တက္ကသိုလ်ကြီးများမှ ဘွဲ့ကို အချိန်တိုအတွင်း ရယူလိုပါသလား ?
- ရာနှုန်းပြည့် ပညာသင်ဆုနှင့်အတူ 95% အလုပ်ရလိုပါသလား?
- ABE/ LCCI (III) / HND အောင်မြင်ထားသူများအတွက် Bachelor တိုက်ရိုက်ဝင်ခွင့်ရလိုပါသလား ?
- နိုင်ငံတကာ အသိအမှတ်ပြုဆေးကျောင်းဝင်ခွင့် ရလိုပါသလား ?
- A.GTI / B -Tech အောင်မြင်ထားသူများ အချိန်တိုအတွင်း BE (Hons) ဘွဲ့ရယူလိုပါသလား ?
- Poly ဝင်ခွင့်မရရှိသူများအတွက် အခြားအခွင့်အလမ်းများ ရယူလိုပါသလား ?
- နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ကို ပြည်တွင်းတွင် Internship နှင့်အတူ သင်ကြားလိုပါသလား ?
- IDCS/ IADCS အောင်မြင်ထားသူများ အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် Bachelor ရယူလိုပါသလား ?
- Medical Field မှ Bachelor ပြီးထားသူများ Master ဘွဲ့ကို ရယူလိုပါသလား ?
- တက္ကသိုလ်ဝင်တန်း နှင့် IGCSE အောင်မြင်ထားသူများ မိမိ၏ Result နှင့် ကိုက်ညီသည့် နိုင်ငံတကာတက္ကသိုလ်များကိုတစ်နေရာတည်း ရှာဖွေခွင့် ရယူလိုပါသလား ?

Yangon	Mandalay	Pyin Oo Lwin
22 Feb (Friday)	23 Feb (Saturday)	24 Feb (Sunday)
1:00 pm to 4:00 pm	2:00 pm to 5:00 pm	10:00 am to 12:00 noon
Summit Parkview Hotel	Mandalay Swan Hotel	Pearl Hall (ပုလဲခန်းမ)

* ပြပွဲနေ့တွင် ကျောင်းအပ်သူများအတွက်
- Free Air Ticket + Medical Check-up
- Free English 4 Skills Preparation
- Free ipad

များပေးအပ်သွားမည်။

အခမဲ့ လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်

SR WORLDWIDE EDUCATION
STUDENT ADVISORY & STUDY TOUR SERVICES
Building (20/B), Room (101), 1st Floor, Yaw Min Gyi Street, Dagon Township, Yangon.
www.sr-education.com
www.facebook.com/srworldwideeducation
Call us : 01-246188, 387022, 0954288488, 095438848

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
မန္တလေးအဝေးသင်တက္ကသိုလ်
(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၁၁ ပညာသင်နှစ် ၂၀၁၁ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား)အနက်မှ မိမိကြိုက်နှစ်သက်ရာဝတ်စုံ အပြည့်အစုံဝတ်ဆင်၍ အောက်ဖော်ပြပါအစီအစဉ်အတိုင်း တက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၂။ (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်

၁။ ၂၇-၂-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၆-၂-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁ မှ ၁၁၂ထိ ၁မှ ၉၁ ထိ ၃ မှ ၁၀၆ထိ	ရတနာပုံ မုံရွာ မကွေး
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁ မှ ၁၀၁ ထိ ၁ မှ ၅၆ ထိ	မြစ်ကြီးနား မိတ္ထီလာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁ မှ ၁၇၈ ထိ ၂ မှ ၆၅ ထိ ၄ မှ ၁၂၃ ထိ	ကျောက်ဆည် ရွှေဘို ရေနံချောင်း

၂။ ၂၇-၂-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၆-၂-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၁၃ မှ ၂၁၉ထိ ၉၂မှ ၁၇၃ ထိ ၁၀၈ မှ ၂၄၅ထိ	ရတနာပုံ မုံရွာ မကွေး
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁၀၂ မှ ၂၁၈ ထိ ၅၈ မှ ၁၂၆ ထိ	မြစ်ကြီးနား မိတ္ထီလာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁၇၉ မှ ၃၄၄ ထိ ၆၆ မှ ၁၃၁ ထိ ၁၂၄ မှ ၂၈၈ ထိ	ကျောက်ဆည် ရွှေဘို ရေနံချောင်း

၃။ ၂၈-၂-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၆-၂-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၂၂၀ မှ ၃၃၀ထိ ၁၇၄မှ ၂၅၃ ထိ ၂၄၇ မှ ၄၁၁ထိ	ရတနာပုံ မုံရွာ မကွေး
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁ မှ ၄၅ ထိ ၂၁၉ မှ ၃၀၉ ထိ ၁၃၀ မှ ၁၆၂ ထိ ၂ မှ ၄၁ ထိ	တောင်ကြီး မြစ်ကြီးနား မိတ္ထီလာ ပခုက္ကူ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁ မှ ၄၉ ထိ ၃၄၅ မှ ၅၇၀ ထိ ၁၃၂ မှ ၁၉၈ ထိ ၂၉၀ မှ ၃၂၀ ထိ	မိတ္ထီလာ ကျောက်ဆည် ရွှေဘို ရေနံချောင်း

၄။ ၂၈-၂-၂၀၁၃ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၆-၂-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၃၃၁ မှ ၄၄၀ထိ ၂၅၄မှ ၃၃၀ ထိ ၁ မှ ၈၇ထိ	ရတနာပုံ မုံရွာ ရွှေဘို
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၄၆ မှ ၁၉၈ ထိ ၄၃ မှ ၁၃၂ ထိ	တောင်ကြီး ပခုက္ကူ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁ မှ ၁၂၄ ထိ ၅၁ မှ ၁၂၀ ထိ ၅၇၁ မှ ၆၄၁ ထိ ၂၀၀ မှ ၂၇၀ ထိ	တောင်ကြီး မိတ္ထီလာ ကျောက်ဆည် ရွှေဘို

၅။ ၁-၃-၂၀၁၃ရက်(တတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၆-၂-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၄၄၁ မှ ၅၅၀ထိ ၃၃၁ မှ ၄၁၂ ထိ ၈၈ မှ ၁၆၈ ထိ	ရတနာပုံ မုံရွာ ရွှေဘို
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁ မှ ၁၀၃ ထိ ၂ မှ ၅၉ ထိ	ကျောက်ဆည် မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁၂၆ မှ ၃၀၇ ထိ ၁၂၁ မှ ၂၀၅ ထိ ၂၇၁ မှ ၃၇၆ ထိ	တောင်ကြီး မိတ္ထီလာ ရွှေဘို

၆။ ၁-၃-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၆-၂-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၅၅၁ မှ ၆၆၀ထိ ၄၁၃ မှ ၄၉၆ ထိ ၁၆၉ မှ ၂၆၂ ထိ	ရတနာပုံ မုံရွာ ရွှေဘို
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁၀၄ မှ ၂၁၈ ထိ ၆၀ မှ ၁၁၄ ထိ	ကျောက်ဆည် မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၃၁၃ မှ ၅၅၆ ထိ ၂၀၇ မှ ၃၀၁ ထိ ၃၇၇ မှ ၄၄၉ ထိ ၃ မှ ၄၀ ထိ	တောင်ကြီး မိတ္ထီလာ ရွှေဘို ပခုက္ကူ

၇။ ၄-၃-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၆၆၂ မှ ၇၈၃ ထိ ၄၉၇ မှ ၅၈၂ ထိ ၂၆၃ မှ ၃၄၈ ထိ	ရတနာပုံ မုံရွာ ရွှေဘို
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၂၁၉ မှ ၃၃၈ ထိ ၁၁၅ မှ ၁၆၀ ထိ	ကျောက်ဆည် မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၅၅၈ မှ ၆၆၀ ထိ ၁ မှ ၈၃ ထိ ၄၁ မှ ၁၄၈ ထိ ၄ မှ ၇၃ ထိ	တောင်ကြီး မြစ်ကြီးနား ပခုက္ကူ မြင်းခြံ

၈။ ၄-၃-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၇၈၄ မှ ၉၂၀ ထိ ၅၈၅ မှ ၆၆၂ ထိ ၃၅၂ မှ ၄၄၆ ထိ	ရတနာပုံ မုံရွာ ရွှေဘို
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁ မှ ၅၀ ထိ ၃၃၉ မှ ၄၁၅ ထိ ၁၆၁ မှ ၂၃၀ ထိ	ရတနာပုံ ကျောက်ဆည် မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၈၄ မှ ၂၀၆ ထိ ၁၅၀ မှ ၃၀၇ ထိ ၇၅ မှ ၁၅၁ ထိ	မြစ်ကြီးနား ပခုက္ကူ မြင်းခြံ

၉။ ၅-၃-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၉၂၂ မှ ၁၀၄၆ ထိ ၆၆၃ မှ ၇၅၈ ထိ ၄၄၇ မှ ၅၄၁ ထိ	ရတနာပုံ မုံရွာ ရွှေဘို
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၅၂မှ၁၂၂ထိ ၂၃၂မှ၂၈၄ထိ (အားလုံး)	ရတနာပုံ မုံရွာ ပင်လုံ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၂၀၇ မှ ၂၃၈ ထိ ၃၀၈ မှ ၄၈၄ ထိ ၁ မှ ၁၁၉ ထိ ၁၅၂ မှ ၂၃၉ ထိ	မြစ်ကြီးနား ပခုက္ကူ လားရှိုး မြင်းခြံ

၁၀။ ၅-၃-၂၀၁၃ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၀၄၇မှ၁၁၉၅ထိ ၇၆၀မှ ၈၅၃ ထိ ၅၄၇မှ ၆၃၄ ထိ ၂မှ ၁၈ ထိ	ရတနာပုံ မုံရွာ ရွှေဘို ရေနံချောင်း
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁၂၃မှ၁၉၅ထိ ၂၈၅မှ ၃၃၈ ထိ (အားလုံး)	ရတနာပုံ မုံရွာ လွိုင်ကော်
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၄၈၇ မှ ၇၃၃ ထိ ၁၂၀မှ၂၉၀ ထိ ၂၄၁ မှ ၃၃၂ထိ	ပခုက္ကူ လားရှိုး မြင်းခြံ

၁၁။ ၆-၃-၂၀၁၃ရက်(တတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၁၉၆မှ၁၃၅၇ထိ ၁မှ ၁၈ ထိ ၈၅၄ မှ ၉၃၉ ထိ ၁၉ မှ ၁၂၉ ထိ	ရတနာပုံ တောင်ကြီး မုံရွာ ရေနံချောင်း
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၁၉၆မှ ၂၇၇ ထိ ၃၃၉မှ ၃၉၁ ထိ (အားလုံး)	ရတနာပုံ မုံရွာ ကျိုင်းတုံ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁မှ ၅၈ ထိ ၁ မှ ၆၇ ထိ ၇၃၈ မှ ၈၄၄ ထိ ၁မှ၁၃၄ ထိ	မကွေး မုံရွာ ပခုက္ကူ ဖားအံ

၁၂။ ၆-၃-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၉မှ ၁၁၈ ထိ ၉၄၀မှ ၁၀၂၂ထိ ၁၃၀ မှ ၂၈၅ထိ	တောင်ကြီး မုံရွာ ရေနံချောင်း
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၂၇၈မှ၃၈၆ထိ ၃၉၂ မှ ၄၆၃ ထိ	ရတနာပုံ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၆၂မှ ၁၆၉ ထိ ၆၈မှ ၁၄၇ ထိ ၁ မှ ၂၂ ထိ ၁၃၅ မှ ၂၄၉ ထိ	မကွေး မုံရွာ လွိုင်ကော် ဖားအံ

၁၃။ ၉-၃-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၁၉မှ ၂၂၄ ထိ ၁၀၂၃ မှ ၁၁၁၀ထိ ၂၉၀ မှ ၄၁၅ ထိ	တောင်ကြီး မုံရွာ ရေနံချောင်း
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၃၈၈မှ ၄၉၂ ထိ ၄၆၄ မှ ၅၄၃ ထိ	ရတနာပုံ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၁၇၃ မှ ၃၀၆ ထိ ၁၄၉ မှ ၂၁၈ ထိ ၂၃ မှ ၁၃၄ ထိ ၇ မှ ၆၄ ထိ	မကွေး မုံရွာ လွိုင်ကော် ကလေး

၁၄။ ၉-၃-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၂၂၅မှ ၃၄၄ ထိ ၁၁၁၂ မှ ၁၁၉၇ထိ ၁မှ ၆၇ ထိ	တောင်ကြီး မုံရွာ မိတ္ထီလာ
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၄၉၃မှ ၆၂၃ထိ ၁ မှ ၆၆ ထိ	ရတနာပုံ မကွေး
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၃၁၀ မှ ၄၃၉ ထိ ၂၁၉ မှ ၂၉၂ ထိ ၁ မှ ၄၉ ထိ ၆၅ မှ ၁၇၁ ထိ	မကွေး မုံရွာ ပင်လုံ ကလေး

၁၅။ ၁၀-၃-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၃ ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၃၄၅မှ ၄၄၁ထိ ၁၁၉၈မှ ၁၂၈၅ ထိ ၆၈မှ ၁၃၅ ထိ ၁ မှ ၄၈ ထိ	တောင်ကြီး မုံရွာ မိတ္ထီလာ ကလေး
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၆၂၄မှ ၇၅၆ ထိ ၇၁ မှ ၁၆၁ ထိ	ရတနာပုံ မကွေး
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၄၄၃မှ ၅၆၃ ထိ ၂၉၃မှ ၃၆၇ ထိ ၅၀ မှ ၁၀၇ ထိ ၂ မှ ၁၀၂ ထိ	မကွေး မုံရွာ ပင်လုံ မိုးညှင်း

၁၆။ ၁၀-၃-၂၀၁၃ရက်(ဒုတိယနေ့) မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၄၉ မှ ၁၈၅ ထိ ၁၂၈၆ မှ၁၃၇၂ထိ ၁၃၆မှ ၂၁၂ ထိ	ကလေး မုံရွာ မိတ္ထီလာ
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	၇၆၂မှ ၉၃၈ထိ ၁၆၆မှ ၂၅၉ ထိ (အားလုံး)	ရတနာပုံ မကွေး ဖားအံ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၅၆၈ မှ ၇၅၁ ထိ ၃၆၈ မှ ၄၃၈ ထိ ၂ မှ ၇၁ ထိ ၁၀၃ မှ ၂၀၃ထိ	မကွေး မုံရွာ ကျိုင်းတုံ မိုးညှင်း

၁၇။ ၁၁-၃-၂၀၁၃ရက်(တတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁ မှ ၁၄၁ ထိ ၁၃၇၃ မှ ၁၄၇၆ထိ ၂၁၃ မှ ၂၉၂ ထိ	မိုးညှင်း မုံရွာ မိတ္ထီလာ
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	(အားလုံး) ၂၆၃မှ ၄၃၄ ထိ	ကလေး မကွေး
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၇၅၃မှ ၈၉၀ထိ ၄၃၉မှ ၅၀၉ ထိ ၁ မှ ၁၀၆ ထိ ၇၂ မှ ၁၁၂ ထိ	မကွေး မုံရွာ ရတနာပုံ ကျိုင်းတုံ

၁၈။ ၁၁-၃-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၄၂ မှ ၂၇၀ ထိ ၁၄၇၈ မှ ၁၅၆၂ထိ ၂၉၃ မှ ၃၆၈ထိ ၁ မှ ၂၇ထိ	မိုးညှင်း မုံရွာ မိတ္ထီလာ ကျောက်ဆည်
(ခ)	ဥပဒေဘွဲ့	ဥပဒေပညာအထူးပြု	(အားလုံး)	လားရှိုး
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၉၀၇ မှ ၁၀၁၂ထိ ၅၁၁ မှ ၅၉၉ထိ ၁၀၇ မှ ၂၅၄ထိ	မကွေး မုံရွာ ရတနာပုံ
(ဃ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာ အထူးပြု	(အားလုံး) ၆ မှ ၂၇ ထိ	လားရှိုး မကွေး

၁၉။ ၁၄-၃-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၂၈ မှ ၁၃၅ ထိ ၁၅၆၈ မှ ၁၆၆၁ ထိ ၃၆၉ မှ ၄၄၂ ထိ	ကျောက်ဆည် မုံရွာ မိတ္ထီလာ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာ အထူးပြု	၁ မှ ၉၆ ထိ ၃၀ မှ ၁၄၂ ထိ	မြစ်ကြီးနား မကွေး
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၂၅၈ မှ ၄၁၉ ထိ ၁၀၁၃ မှ ၁၁၄၆ ထိ ၆၀၀ မှ ၆၈၁ ထိ	ရတနာပုံ မကွေး မုံရွာ

၂၀။ ၁၄-၃-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၃၆ မှ ၂၄၇ ထိ ၁၆၆၂ မှ ၁၇၆၅ ထိ ၄၄၃ မှ ၅၁၆ ထိ	ကျောက်ဆည် မုံရွာ မိတ္ထီလာ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာ အထူးပြု	၉၈ မှ ၁၈၆ ထိ ၁၄၄ မှ ၂၃၆ ထိ (အားလုံး)	မြစ်ကြီးနား မကွေး လွိုင်ကော်
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၄၂၀ မှ ၅၇၈ ထိ ၁၁၄၇ မှ ၁၃၀၉ ထိ ၆၈၃ မှ ၇၈၃ ထိ	ရတနာပုံ မကွေး မုံရွာ

၂၁။ ၁၅-၃-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၂၄၉ မှ ၃၅၇ ထိ ၁၇၆၈ မှ ၁၈၈၁ ထိ ၅၁၇ မှ ၅၉၉ ထိ	ကျောက်ဆည် မုံရွာ မိတ္ထီလာ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာ အထူးပြု	၁ မှ ၉၃ ထိ ၂၃၇ မှ ၃၄၅ ထိ	တောင်ကြီး မကွေး
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၅၇၉ မှ ၈၀၄ ထိ ၁၃၁၀ မှ ၁၄၀၀ ထိ ၇၈၄ မှ ၉၁၃ ထိ	ရတနာပုံ မကွေး မုံရွာ

စာမျက်နှာ ၁၉ သို့ ➢

➤ စာမျက်နှာ ၁၈မှ အဆက်

၂၂။ ၁၅-၃-၂၀၁၃ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁ မှ ၈၇ထိ ၃၅၈ မှ ၃၈၈ထိ ၁၈၈၂ မှ ၁၉၆၈ထိ ၆၀၀ မှ ၆၉၂ထိ	မြစ်ကြီးနား ကျောက်ဆည် မုံရွာ မိတ္ထီလာ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	၉၄ မှ ၁၄၉ထိ ၁ မှ ၄၉ ထိ ၁ မှ ၆၃ ထိ	တောင်ကြီး ရတနာပုံ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ပထဝီဝင်အထူးပြု	၈၀၅ မှ ၉၇၅ ထိ ၉၁၄ မှ ၉၂၉ ထိ	ရတနာပုံ မုံရွာ
(ဃ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၁ မှ ၁၀၈ ထိ ၁ မှ ၆၀ ထိ	မိုးညှင်း ရွှေဘို

၂၃။ ၁၆-၃-၂၀၁၃ရက်(တတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၃ရက် နံနက် (၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၈၈ မှ ၁၉၃ ထိ ၁ မှ ၂၆ ထိ ၆၉၃ မှ ၇၆၉ ထိ ၁ မှ ၁၉၉ ထိ	မြစ်ကြီးနား လားရှိုး မိတ္ထီလာ ပခုက္ကူ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	၅၀ မှ ၁၅၁ ထိ ၆၄ မှ ၁၂၈ ထိ	ရတနာပုံ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	(အားလုံး) ၆၁ မှ ၁၂၂ ထိ ၁၀၉ မှ ၁၇၂ ထိ ၁ မှ ၇၁ ထိ	လှိုင်ကော် ရွှေဘို မိုးညှင်း မြင်းခြံ

၂၄။ ၁၆-၃-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၂၇ မှ ၁၃၆ ထိ ၇၇၀ မှ ၈၆၁ ထိ ၂၀၀ မှ ၃၆၅ ထိ	လားရှိုး မိတ္ထီလာ ပခုက္ကူ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	၁၅၂ မှ ၂၆၃ ထိ ၁၂၉ မှ ၁၈၇ ထိ	ရတနာပုံ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	(အားလုံး) ၁၂၃ မှ ၁၇၅ ထိ ၇၂ မှ ၁၆၀ ထိ	ကလေး ရွှေဘို မြင်းခြံ

၂၅။ ၁၉-၃-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၁၃၇ မှ ၂၆၁ ထိ ၃၆၈ မှ ၅၉၉ ထိ ၁ မှ ၆၁ ထိ	လားရှိုး ပခုက္ကူ မြင်းခြံ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	၂၆၅ မှ ၄၈၉ ထိ ၁၈၈ မှ ၂၄၈ ထိ	ရတနာပုံ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	(အားလုံး) ၁၇၆ မှ ၂၅၆ ထိ ၁ မှ ၇၅ ထိ	တောင်ကြီး၊ ကျိုင်းတုံ ရွှေဘို ရေနံချောင်း

၂၆။ ၁၉-၃-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	၂၆၂ မှ ၃၅၇ ထိ (အားလုံး) ၆၂ မှ ၁၉၁ ထိ	လားရှိုး ပင်လုံ မြင်းခြံ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	၁ မှ ၇၂ ထိ ၂၅၁ မှ ၃၈၇ ထိ	ကျောက်ဆည် မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၁ မှ၁၂၇ ထိ ၂၅၇ မှ ၃၁၇ ထိ ၇၆ မှ ၁၇၉ ထိ	လားရှိုး ရွှေဘို ရေနံချောင်း

၂၇။ ၂၀-၃-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	(အားလုံး) ၁ မှ ၃၃ ထိ ၁၉၂ မှ ၃၂၁ ထိ	ဗန်းမော် လှိုင်ကော် မြင်းခြံ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	၇၃ မှ ၁၃၉ ထိ (အားလုံး) ၁ မှ ၅၇ ထိ	ကျောက်ဆည် ဗန်းမော် မိတ္ထီလာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၁ မှ ၈၇ ထိ ၁၂၈ မှ ၁၅၁ (အားလုံး) ၃၁၈ မှ ၄၁၂ ထိ ၁၈၀ မှ ၂၅၅ ထိ	ကျောက်ဆည် လားရှိုး ပင်လုံ ရွှေဘို ရေနံချောင်း

၂၈။ ၂၀-၃-၂၀၁၃ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာစာအထူးပြု	(အားလုံး) ၃၄ မှ ၉၁ ထိ ၃၂၃ မှ ၄၅၂ ထိ	ကျိုင်းတုံ လှိုင်ကော် မြင်းခြံ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု	(အားလုံး) ၅၈ မှ ၁၅၆ ထိ	ပင်လုံ၊ကလေး၊ကျိုင်းတုံ မိတ္ထီလာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၈၉မှ၂၂၅ ထိ ၁ မှ ၉၇ ထိ ၂၅၆ မှ ၃၄၄ ထိ	ကျောက်ဆည် မိတ္ထီလာ ရေနံချောင်း

၂၉။ ၂၁-၃-၂၀၁၃ရက်(တတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာမှုပညာ မြန်မာစာအထူးပြု	၁ မှ ၁၃၉ ထိ ၄၅၃မှ ၅၈၉ ထိ	ရတနာပုံ မြင်းခြံ
(ခ)	ဝိဇ္ဇာဘွဲ့	စီးပွားရေးပညာအထူးပြု စီးပွားစီမံအထူးပြု	(အားလုံး) (အားလုံး)	ပခုက္ကူ ရတနာပုံ၊ မကွေး၊ မုံရွာ၊မိတ္ထီလာ၊ လှိုင်ကော်
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၂၂၆မှ ၂၆၉ ထိ ၄ မှ ၁၁၀ ထိ ၉၉ မှ ၁၈၉ ထိ ၁ မှ ၇၀ ထိ	ကျောက်ဆည် မြစ်ကြီးနား မိတ္ထီလာ မုံရွာ

၃၀။ ၂၁-၃-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၈-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာမှုပညာ မြန်မာစာအထူးပြု	၁၄၀ မှ ၃၂၇ ထိ ၅၉၀ မှ ၇၃၀ ထိ	ရတနာပုံ မြင်းခြံ
(ခ)	သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု	(အားလုံး)	မြစ်ကြီးနား၊ မိတ္ထီလာ၊ ကျောက်ဆည်၊ ကလေး
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၁၁၁ မှ ၂၀၆ ထိ ၁ မှ ၅၂ ထိ ၇၁ မှ ၁၃၃ ထိ ၃ မှ ၁၇၂ ထိ	မြစ်ကြီးနား ရတနာပုံ မုံရွာ ပခုက္ကူ
(ဃ)	ဝိဇ္ဇာဘွဲ့	စီးပွားစီမံအထူးပြု ပြည်သူ့ရေးရာအထူးပြု အိမ်တွင်းစီးပွားအထူးပြု	(အားလုံး) (အားလုံး) (အားလုံး)	တောင်ကြီး၊မြစ်ကြီးနား၊ ပခုက္ကူ၊ကျောက်ဆည်၊ ကလေး၊ လားရှိုး၊ ဗန်းမော် (ဌာနခွဲအားလုံး) (ဌာနခွဲအားလုံး)

၃၁။ ၂၄-၃-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	မြန်မာမှုပညာ ရသစာပေအထူးပြု မြန်မာစာအထူးပြု	၃၂၉ မှ ၄၁၀ ထိ (အားလုံး) ၇၃၁ မှ ၉၅၂ ထိ	ရတနာပုံ (ဌာနခွဲအားလုံး) မြင်းခြံ
(ခ)	သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု	(အားလုံး)	တောင်ကြီး၊ မကွေး၊ မုံရွာ၊ လားရှိုး၊ ရေနံချောင်း
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၅၃ မှ ၁၇၇ ထိ ၁၃၄ မှ ၂၀၂ ထိ ၁၇၅ မှ ၃၆၈ ထိ	ရတနာပုံ မုံရွာ ပခုက္ကူ

၃၂။ ၂၄-၃-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၁ မှ ၇၀ ထိ (အားလုံး) ၁မှ ၈၁ ထိ ၁ မှ ၄၉ ထိ	ရတနာပုံ လှိုင်ကော်၊ ဗန်းမော် မကွေး မိတ္ထီလာ
(ခ)	သိပ္ပံဘွဲ့	ဓာတုဗေဒအထူးပြု	(အားလုံး)	ရတနာပုံ၊ ပခုက္ကူ၊ လှိုင်ကော်၊ ကျိုင်းတုံ၊ ရွှေဘို၊ ဗန်းမော်၊ မိုးညှင်း၊ မြင်းခြံ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၁၇၈မှ ၂၈၉ ထိ ၃ မှ ၁၂၆ ထိ ၂၀၃ မှ ၂၆၅ ထိ	ရတနာပုံ မကွေး မုံရွာ

၃၃။ ၂၅-၃-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၇၁ မှ ၁၆၈ ထိ (အားလုံး) ၈၇ မှ ၁၈၄ ထိ ၅၀ မှ ၉၆ ထိ	ရတနာပုံ ပင်လုံ၊ ကလေး၊ ကျိုင်းတုံ မကွေး မိတ္ထီလာ
(ခ)	သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု	(အားလုံး)	တောင်ကြီး၊ မြစ်ကြီးနား၊ မိတ္ထီလာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၂၉၀ မှ ၄၄၀ ထိ ၁၂၇ မှ ၂၂၉ ထိ ၂၆၆ မှ ၃၂၅ ထိ	ရတနာပုံ မကွေး မုံရွာ

၃၄။ ၂၅-၃-၂၀၁၃ ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၃-၃-၂၀၁၃ ရက် နံနက် (၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၁၆၉ မှ ၂၅၈ ထိ ၂ မှ ၈၉ ထိ ၁၈၅ မှ ၂၈၅ ထိ ၉၉ မှ ၁၅၃ ထိ	ရတနာပုံ တောင်ကြီး မကွေး မိတ္ထီလာ
(ခ)	သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု	(အားလုံး)	ရတနာပုံ၊ လှိုင်ကော်၊ မကွေး၊ မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၄၄၁ မှ ၆၃၀ ထိ ၂၃၂ မှ ၃၄၃ ထိ ၃၂၆ မှ ၄၀၀ ထိ	ရတနာပုံ မကွေး မုံရွာ

၃၅။ ၂၈-၃-၂၀၁၃ရက်(တတိယနေ့) နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၂၅၉ မှ ၃၄၄ ထိ ၉၀ မှ ၁၈၅ ထိ ၂၈၇ မှ ၃၅၄ ထိ ၁ မှ ၆၉ ထိ	ရတနာပုံ တောင်ကြီး မကွေး မုံရွာ
(ခ)	သိပ္ပံဘွဲ့	သင်္ချာအထူးပြု	၂ မှ ၃၅ ထိ (အားလုံး)	မုံရွာ ကျောက်ဆည်
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	အားလုံး ၄၀၁မှ ၅၉၄ ထိ	ဗန်းမော် မုံရွာ
(ဃ)	သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု	(အားလုံး)	ပခုက္ကူ ကျောက်ဆည်၊ ကလေး၊ လားရှိုး၊ ကျိုင်းတုံ

၃၆။ ၂၈-၃-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၂၃-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၃၄၅ မှ ၄၃၁ ထိ ၂ မှ ၉၃ ထိ ၇၀ မှ ၁၁၇ ထိ ၁ မှ ၉၅ထိ	ရတနာပုံ မြစ်ကြီးနား မုံရွာ ပခုက္ကူ
(ခ)	သိပ္ပံဘွဲ့	သင်္ချာအထူးပြု	(အားလုံး) ၃၆ မှ ၅၅ထိ	ကလေး၊ လှိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ဗန်းမော် မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	သမိုင်းအထူးပြု	၅၉၅ မှ ၇၈၉ထိ	မုံရွာ
(ဃ)	သိပ္ပံဘွဲ့	ရူပဗေဒအထူးပြု	(အားလုံး)	ဗန်းမော်၊ ရွှေဘို၊ ရေနံချောင်း၊ မြင်းခြံ၊ မိုးညှင်း
(င)	ဝိဇ္ဇာဘွဲ့	အရှေ့တိုင်းပညာအထူးပြု	(အားလုံး)	(ဌာနခွဲအားလုံး)

၃၇။ ၃၁-၃-၂၀၁၃ရက်(ပထမနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃၀-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၄၃၂ မှ ၅၁၆ ထိ ၉၄ မှ ၂၀၄ ထိ ၁၁၉ မှ ၁၆၃ ထိ ၉၆ မှ ၂၁၄ ထိ	ရတနာပုံ မြစ်ကြီးနား မုံရွာ ပခုက္ကူ
(ခ)	သိပ္ပံဘွဲ့	သင်္ချာအထူးပြု	၂ မှ ၆၉ ထိ (အားလုံး) ၅၆ မှ ၁၀၃ ထိ	ရတနာပုံ မြစ်ကြီးနား မုံရွာ
(ဂ)	ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြု	၁ မှ ၁၉၀ ထိ (အားလုံး) ၁ မှ ၂၅ထိ	မြစ်ကြီးနား မကွေး မုံရွာ

၃၈။ ၃၁-၃-၂၀၁၃ရက်(ပထမနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃၀-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၅၁၇ မှ ၅၈၈ ထိ (အားလုံး) ၁၆၅ မှ ၂၇၇ ထိ	ရတနာပုံ လားရှိုး မုံရွာ
(ခ)	သိပ္ပံဘွဲ့	သင်္ချာအထူးပြု	၇၀ မှ ၂၀၄ ထိ (အားလုံး)	ရတနာပုံ ပခုက္ကူ၊ ရေနံချောင်း
(ဂ)	ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြု	(အားလုံး) ၁၉၁ မှ ၃၅၀ ထိ ၂၆ မှ ၉၆ ထိ (အားလုံး)	တောင်ကြီး မြစ်ကြီးနား မုံရွာ ပင်လုံ

၃၉။ ၁-၄-၂၀၁၃ရက်(ဒုတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃၀-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၅၈၉ မှ ၇၂၁ ထိ ၁ မှ ၆၀ ထိ ၂၇၈ မှ ၃၉၉ ထိ	ရတနာပုံ ကျောက်ဆည် မုံရွာ
(ခ)	သိပ္ပံဘွဲ့	သင်္ချာအထူးပြု	(အားလုံး) ၁ မှ ၃၀ ထိ (အားလုံး)	တောင်ကြီး မကွေး မြင်းခြံ
(ဂ)	ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြု	(အားလုံး) ၁၀၁ မှ ၁၆၉ ထိ	ကလေး၊ လှိုင်ကော်၊ လားရှိုး၊ ဗန်းမော် မုံရွာ

၄၀။ ၁-၄-၂၀၁၃ ရက်(ဒုတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃၀-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	အင်္ဂလိပ်စာအထူးပြု	၆၁ မှ ၂၄၂ ထိ ၄၀၀ မှ ၅၁၄ ထိ	ကျောက်ဆည် မုံရွာ
(ခ)	သိပ္ပံဘွဲ့	သင်္ချာအထူးပြု	၃၁ မှ ၈၉ ထိ (အားလုံး)	မကွေး မိတ္ထီလာ၊ ရွှေဘို၊ မိုးညှင်း
(ဂ)	ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြု	၁ မှ ၂၃၃ ထိ	ရတနာပုံ

၄၁။ ၂-၄-၂၀၁၃ရက်(တတိယနေ့)နံနက်(၉း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၃၀-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြု	၂၃၄ မှ ၃၂၄ ထိ (အားလုံး)	ရတနာပုံ ကျောက်ဆည်၊ ကျိုင်းတုံ
(ခ)	သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု	(အားလုံး)	တောင်ကြီး၊ မကွေး၊ မုံရွာ၊ ရတနာပုံ၊ မိတ္ထီလာ၊ လှိုင်ကော်
(ဂ)	ဝိဇ္ဇာဘွဲ့	စိတ်ပညာအထူးပြု	(အားလုံး)	တောင်ကြီး၊ မကွေး၊ မုံရွာ၊ မြစ်ကြီးနား၊ မိတ္ထီလာ

စာမျက်နှာ ၂၀ သို့ ➤

စာမျက်နှာ ၁၉မှအဆက်

၄၂။ ၂-၄-၂၀၁၃ရက်(တတိယနေ့)မွန်းလွဲ(၂း၀၀)နာရီ အစမ်းလေ့ကျင့်ရက် ၁၀-၃-၂၀၁၃ရက် နံနက်(၁၀)နာရီ

စဉ်	ဘွဲ့အမည်	အထူးပြု	ခုံအမှတ်	ဌာနခွဲ
(က)	ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒအထူးပြု	၃၂၅ မှ ၃၇၃ထိ ၁၇၀ မှ ၂၁၉ထိ (အားလုံး)	ရတနာပုံ မုံရွာ မိတ္ထီလာ၊ ပခုက္ကူ
(ခ)	သိပ္ပံဘွဲ့	သတ္တဗေဒအထူးပြု	(အားလုံး)	မြစ်ကြီးနား၊ ကျောက်ဆည်၊ ပခုက္ကူ ကလေး၊ လားရှိုး၊ ကျိုင်းတုံ၊ ရွှေဘို၊ ရေနံချောင်း၊ မြင်းခြံ၊ မိုးညှင်း
(ဂ)	ဝိဇ္ဇာဘွဲ့	စိတ်ပညာအထူးပြု	(အားလုံး)	ရတနာပုံ၊ ပခုက္ကူ ကျောက်ဆည်၊ ကလေး၊ လွိုင်ကော်၊ လားရှိုး၊ ကျိုင်းတုံ၊ ဖန်းမော်
(ဃ)	သိပ္ပံဘွဲ့	ရုက္ခဗေဒအထူးပြု	(အားလုံး)	(ဌာနခွဲအားလုံး)

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ကြမည့် ကျောင်းသူ၊ ကျောင်းသားများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာနှင့် အညီ ဝတ်စားဆင်ယင်မှုများကိုသာ ဝတ်ဆင်ကြရန်နှင့် မြန်မာ့အသွင်ပျောက်နေသည့် သရုပ်ပျက် ဝတ်စားဆင်ယင်မှုများ ဝတ်ဆင်လာသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ လုံးဝတက်ရောက်ခွင့် ပြုမည် မဟုတ်ပါ။

၄။ ဘွဲ့တက်ရောက်ယူမည့်လက်မှတ်၊ ဧည့်လက်မှတ်များကို မိမိတို့နှင့်သက်ဆိုင်သည့်ဘွဲ့တက်ရောက်ယူမည့် နေ့ရက်မတိုင်မီ ကြိုတင်ထုတ်ပေးပါမည်။

ဘွဲ့ဝတ်စုံငှားရမ်းမည့်အစီအစဉ်

၅။ ဘွဲ့ဝတ်စုံငှားရမ်းခြင်းကို မိမိနှင့်သက်ဆိုင်သည့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် ဘွဲ့တက်ရောက်ယူမည့်နေ့ရက်မတိုင်မီကြိုတင်၍ မန္တလေးအဝေးသင်တက္ကသိုလ် ထုတ်လုပ်ရေးဌာနတွင် ဖွင့်လှစ်ထားသော ဘွဲ့ဝတ်ရုံငှားရမ်းဌာနတွင် ငွေသွင်းပြေစာပြ၍ ဘွဲ့နှင်းဌာန ထောက်ခံစာဖြင့် ငှားရမ်းနိုင်ပါသည်။

ရွှေလတ်ဇင်(မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်မြို့နယ်တရားမရုံး၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉

ဦးဝင်းမြ နှင့် ၁။ ဦးစိန်သန်း
၂။ ဒေါ်ရီရီချို(ဇနီး)

တရားလို **တရားခံ**

၁။ ဦးစိန်သန်း၊ ၂။ ဒေါ်ရီရီချို (အတူနေလင်မယား) ရေဝတီတိုင်းဒေသကြီး အမှတ်(၁၀၇)၊ ခိုင်သစ္စာလမ်း၊ (၂)ရပ်ကွက် မအူပင်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးဝင်းမြက နေအိမ်ခြံမြေဖိုးနှင့် နစ်နာကြေးငွေ စုစုပေါင်း ၄၂၅၀၀၀၀/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် အခြားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းနိုင်)
မြို့နယ်တရားသူကြီး
မအူပင်မြို့နယ်တရားရုံး

C Y L C
တရုတ်စာ (4 skills) စွမ်းရည်မြှင့်သင်တန်း
- Basic – Level V (4 skills)
- ကလေးများအတွက်တရုတ်စာမူလတန်း (4 skills)
- Business Management (4 skills)
Typing , Dictionary, Songs, Game , Idiom
2 လတက်ရုံဖြင့် (4 skills) ကျွမ်းကျင်စွာပြောနိုင်ရလိမ့်မည်။
20 , ရတနာလမ်း (ဒဂုံစင်တာရှေ့) မြေနီကုန်း
09 -73252441 , 09-5414457

Yellow Earth Travel & Tour
သင်္ကြန်တွင်းအထူးခရီးစဉ်
တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–ထမ်စမ်း
Special Discount
10% Until 28 .FEB
5% Until 10.MAR
(၄ ညအိပ်/ ၅ ရက်)
၁၆၈၀၀၀/–ကျပ်
၅၇၃–တ၊ မြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ဖုန်း 01-511756, 09-73185574

First Choice Travel & Tour

March 2 / 9 / 16 / 24 , April 10 / 11 / 12 / 13

တရုတ် (ကူမင်းရှန်ဟိုင်းပေကျင်း)	8D/7N	ဗွန်္ဓဂါယာ (ဟိုတယ်)	8D/7N
ဟောင်ကောင်၊ မကာအို၊ ကွမ်ကျိုး	8D/7N	ကိုရီးယား	8D/7N
စင်ကာပူ သီးသန့်	4D/3N	ဂျပန်	8D/7N
စင်ကာပူ၊ မလေးရှား	8D/7N	အမေရိကား	16D/15N
စင်ကာပူ၊ မလေးရှား၊ ဗန်ကောက်	9D/8N	ဥရောပ	14D/13N
ဗန်ကောက်၊ ပတ္တရား၊ အယုဒ္ဓယ	6D/5N	ဒူဘိုင်း၊ အဘူဒါဘီ	6D/5N
ကမ္ဘောဒီးယား သီးသန့်	6D/5N	သြစတြေးလျ	11D/10N
ဗီယက်နမ်၊ ကမ္ဘောဒီးယား	8D/7N	ဗီယက်နမ် သီးသန့်	6D/5N

သင်္ကြန်ခရီးစဉ်များအတွက် ကြိုတင်စာရင်းများ ပေးသွင်းခြင်းဖြင့် Discount များရယူနိုင်ပါပြီ
အမှတ် ၆၆/၆၈(ဇီ-၄)၊ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
09-5171301, 09-421069966, 09-73059081

ယခင်တောင်သူလယ်သမားအစည်းအရုံးဌာနချုပ် ဝန်ထမ်းဟောင်းများ
မိတ်ဆုံစားပွဲ ဖိတ်ကြားလွှာ

ဝန်ထမ်းဟောင်းများ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် သီးခြားဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂-၃-၂၀၁၃ (တောင်သူလယ်သမားနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ကျောက်ဆည်ဓမ္မာရုံ(အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းဟောင်းထောင့်) အုတ်လမ်းမှတ်တိုင်၊ ဗဟန်းမြို့နယ်

မိတ်ဆုံစားပွဲ ကျင်းပရေးအဖွဲ့

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်း
အခြေခံ ကြက်တောင်ရိုက်နည်းသင်တန်းဖွင့်မည်

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းကဦးစီး၍ အခြေခံ ကြက်တောင်ရိုက်နည်းသင်တန်း အမှတ်စဉ်(၁၂)ကို ၄-၃-၂၀၁၃ရက်(တနင်္လာနေ့)တွင် သင်တန်းစမည်ဖြစ်ပြီး နေ့စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အမှတ်(၆၈)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် သင်တန်းဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မြတ်မွန်ရတနာခန်းမ မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းတိုက်၊ ဖုန်း-၂၅၀၁၅၃၊ ၇၃၀-၁၁၇၀၇နှင့် ဒေါ်ဆွေမာဦး မြန်မာ့လက်ရွေးစင်နည်းပြ (Shining Star)ဖုန်း-၀၉၅၀၅၈၀၆၈ တို့သို့ စာရင်းပေးသွင်းနိုင်ပါသည်။ အသင်းဝင်ကြေး တစ်ဦးလျှင် ၂၀၀၀ဝ/ကျပ် သင်တန်းပြီးဆုံးမည့်ရက် ၃-၅-၂၀၁၃

ပိုင်ရှင်ကိုယ်တိုင်(ငှား/ရောင်း)မည်
* ကျောက်မြောင်း၊လမ်းသန့် (15'x 60') မြေညီ
ငှား– 3.5 သိန်း ၊ ရောင်း– 550 သိန်း
Ph: 09 5177953,09 73885888

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၃–မတ်လ (၃)ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ်၄၉(ခ)၊ သာစည်လမ်း၊ ၁၀ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉–၈၆၃၆၄၆၇၊ ၀၉–၄၂၂၂၀၆၁၅၇၊ ၀၉–၄၃၁၀၉၃၈၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၉၂၅)၊ မြေကွက်တည်နေရာအမှတ်(၉၂၅)၊ (၃၄)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်(ဦးထွန်းရှိန်)(AD-၀၄၁၅၀၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းရှိန် ကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်နွဲ့[၁၂/အလန(နိုင်)၀၂၃၆၁၇]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာစီမံကိန်း ၊ မြေကွက်အမှတ်(H-27)၊ အကျယ်အဝန်း(၅၀'x ၅၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရှုကျင်(၁၂/တမန(နိုင်)၀၈၈၅၅၃) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေများ
